Funded by:

Australian AID

One Vision, One Identity, One Community

www.asean.org

# Primer on Rules Of Origin

ASEAN – AUSTRALIA – NEW ZEALAND
## Free Trade Area

CD-ROM Included

# အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသဆိုင်ရာ

# ပင်ရင်းဒေသစည်းမျဉ်း လမ်းညွှန်စာစောင်

## မိတ်ဆက်

အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေး ရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများနှင့် ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံ (၂) နိုင်ငံ၊ စုစုပေါင်း နိုင်ငံပေါင်း (၁၂) နိုင်ငံတို့သည် အာဆီယံ၊ ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသကိုတည် ထောင်နိုင်ရေးအတွက် ၂၀၀၅ ခုနှစ်မှ စတင်၍ စေ့စပ်ဆွေးနွေး ညှိနှိုင်းခဲ့ကြပါသည်။

ထို့နောက် ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန် သွယ်မှုဒေသ သဘောတူစာချုပ်ကိုချုပ်ဆိုခဲ့ကြပြီး၊ ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁) ရက် နေ့မှစတင်၍ အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။

ဒေသခွဲတစ်ခုနှင့်တစ်ခု နီးကပ်မှုရှိသည့် နိုင်ငံ (၁၂) နိုင်ငံအတွင်း၌ ကုန်စည်များ၊ ဝန်ဆောင်မှုလုပ်ငန်း များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေပြီး၊ ကုန်သွယ်မှုမြင့်မား တိုးတက်ကာ အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်အတွက် လွတ်လပ်သောကုန်သွယ်မှုဒေသကိုတည် ထောင်ထားခြင်းဖြစ်ပါသည်။

ဤလမ်းညွှန်စာစောင်တွင် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ အတွင်း၌ အချင်းချင်းအပြန်အလှန် ခွင့်ပြုပေးထားသည့် အကောက်ခွန်သက်သာခွင့်များကို ရယူခံစားနိုင်သည့် ပင်ရင်းဒေသစည်းမျဉ်းဆိုင်ရာကိစ္စများကို ဥပမာများနှင့်တကွ ရှင်းလင်းဖော်ပြထားပါသည်။ အဆိုပါအချက် များကိုသိရှိပြီး လွတ်လပ်သောကုန်သွယ်မှုဒေသမှ ပေးအပ်ထားသည့် အခွင့်အရေးများကို ရယူခံစား၍ ကုန်သွယ် မှုမြှင့်တင်ရေးကို ဆောင်ရွက်နိုင်ကြစေရန် ဆုမွန်ကောင်းတောင်း အပ်ပါသည်။

ဤလမ်းညွှန်စာစောင်တွင်ဖော်ပြထားသည့် ဘာသာပြန်ဆိုချက်များမှာ ဘာသာရပ်ဆိုင်ရာကို နားလည် သဘောပေါက်စေရန် ဦးတည်ကာ အလွတ်သဘောဘာသာပြန်ဆိုထားခြင်းသာ ဖြစ်ပါကြောင်းဖော်ပြအပ်ပါသည်။

ဘာသာပြန်အဖွဲ့

## ကြိုတင်အသိပေးမှု

ဤစာစောင်ရိုက်နှိပ်ထုတ်ဝေမှုသည် အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ (AANZFTA) တည်ထောင်မှု သဘောတူစာချုပ်ကို နားလည်သဘော ပေါက်စေရန် ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။ လမ်းညွှန်စာစောင်တစ်ခုသာဖြစ်ပြီး သဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ခုမဟုတ်ပါ။ သဘောတူစာချုပ်၏ မည်သည့်ဥပဒေဆိုင်ရာ ဘာသာပြန်ဆိုမှုကိုမျှလည်း မထောက်ပံ့ (သို့) မရည်ရွယ်ပါ။

နားလည်သဘောပေါက်လွယ်စေရန်အတွက် အချို့သောဥပမာများကို အသုံးပြု တင်ပြထားသော်လည်း ၎င်းတို့မှာ သရုပ်ပြရုံသက်သက်မျှသာဖြစ်ပြီး ဆုံးဖြတ်မှုများအတွက် အကျုံးမဝင်ပါ။ ကူးသန်းရောင်းဝယ်မှုဆိုင်ရာ အကြံပြုမှုများနှင့်လည်း မသက်ဆိုင်ပါ။ ဤစာစောင်တွင် အမြင်များ (သို့မဟုတ်) သုံးသပ်ချက်များကို ဖော်ပြထားသော်လည်း ဥပဒေရေးရာ (သို့) ကုန်သွယ်မှုဆိုင်ရာ အကြံပြုချက်များနှင့် မသက်ဆိုင်ပါ။

ဤစာစောင်တွင် မြေပုံများအသုံးပြုဖော်ပြထားသော်လည်း သဘောတူစာချုပ်တွင် ပါဝင်သည့် နိုင်ငံများကို သိသာစေရန်အတွက်သာ အသုံးပြုခြင်းဖြစ်ပါသည်။ ပထဝီနယ်နိမိတ်များအတွက် ဥပဒေကြောင်းအရ ဆုံးဖြတ်ခြင်း၊ အစိပ်ပိုင်ခွင့်ဆိုခြင်းတို့အတွက် မရည်ရွယ်ပါ။

ဤစာစောင် ပုံနှိပ်ထုတ်ဝေခြင်းအတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကြိုးစားပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။ သို့သော် ဤစာစောင်တွင်ဖော်ပြရန် ပျက်ကွက်မှု (သို့) မတိကျမှုများအတွက် ၎င်းတွင်တာဝန်မရှိပါ။ ဤစာစောင်ပါအချက် အလက်များကို အသုံးပြုခြင်းဖြင့် ပေါ်ပေါက်လာသော (သို့) ပေါ်ပေါက်လာမည့် မည်သည့်အရေးဆိုမှု၊ ဆုံးရှုံးမှု (သို့) ကုန်ကျစရိတ်များအား အာဆီယံအတွင်းရေးမှူး ချုပ်ရုံးမှသာမက ဩစတြေးလျ အထောက်အပံ့ပေးသည့်ယူနစ်မှ တာဝန်ယူမည်မဟုတ်ပါ။ အချက်အလက်များကို အသုံးပြုမှုသည် အသုံးပြုသူ၏ တာဝန်ယူမှုနှင့် ချင့်ချိန်အသုံးပြုရန်သာဖြစ်ပါသည်။

ဤစာစောင်ပုံနှိပ်ထုတ်ဝေမှုသည် သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး (သို့) ဩစတြေးလျအထောက်အပံ့ပေးသည့်ယူနစ်တို့၏ ထင်မြင်ယူဆချက်များကို ထင်ဟပ်ဖော်ဆောင်မှု မရှိပါ။

## ဦးဆောင်ဆွဲ

အာဆီယံ - သြစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ တည်ထောင်ရေး သဘောတူစာချုပ်သည် အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံ၊ သြစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့၏ စီးပွားရေးအတွက် သိသာထင်ရှားသည့် မှတ်တိုင်တစ်ခုဖြစ်ပါသည်။ ဤသဘောတူစာချုပ်သည် ၂၀၀၅ ခုနှစ်မှ စတင်ခဲ့သော ဆွေးနွေးညှိနှိုင်းမှုများကို ပေါင်းစုထားခြင်းဖြစ်ပါသည်။ ဤသဘောတူစာချုပ်ကို ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လက်မှတ်ရေးထိုးခဲ့ပြီး၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် စတင် သက်ဝင်မည်ဖြစ်ပါသည်။

ကုန်စည်ကုန်သွယ်မှုနှင့်ပတ်သက်သည့် အခန်းများမှတစ်ဆင့် ဤသဘောတူစာချုပ်သည် ကုန်သည်များနှင့် ကုန်တင်ပို့သူများအတွက် စီးပွားရေးအခွင့်အလမ်းများကို ဖွင့်လှစ်ပေးရန် မျှော်လင့်ပြီး၊ ယင်းသည် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများနှင့် စားသုံးသူများကို အကျိုးအမြတ်ရရှိစေမည်ဖြစ်ပါသည်။ ယင်းနှင့်ဆက်စပ်၍ ပင်ရင်းဒေသစည်းမျဉ်းများကို သိရှိနားလည်ခြင်းအားဖြင့် ထုတ်လုပ်သူများ၊ ကုန်သည်များနှင့် ပို့ကုန်လုပ်ငန်းရှင်များကို ဤသဘောတူစာချုပ်အောက်ရှိ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ အခွင့်အရေးများမှ အကျိုးကျေးဇူးများ ရရှိခံစားစေမည်ဖြစ်ပါသည်။

ဤလမ်းညွှန်စာစောင်သည် အာဆီယံအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအား ၎င်းတို့၏ ကုန်ပစ္စည်းများသည် အာဆီယံ - သြစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသမှ ခွင့်ပြုပေးထားသော အကောက်ခွန်သက်သာခွင့်ခံစားနိုင်သည့် ပင်ရင်းဒေသစည်းမျဉ်းများနှင့် ကိုက်ညီစေမည့် နည်းလမ်းများကို ရှင်းလင်းတင်ပြရန် ရည်ရွယ်ပါသည်။ ပင်ရင်းဒေသစည်းမျဉ်းနှင့် ကိုက်ညီမှုရှိစေရေး ဆုံးဖြတ်နိုင်ရန်အတွက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ကိုလည်း တင်ပြထားပါသည်။

ဤစာစောင်သည် အာဆီယံ - သြစတြေးလျ၊ နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုဒေသ အောက်ရှိ အကောက်ခွန်သက်သာခွင့်ခံစားနိုင်မည့် ပင်ရင်းဒေသစည်းမျဉ်းများကို ကုန်သည်နှင့် ပို့ကုန်လုပ်ငန်းရှင်များ သိရှိနားလည်စေရန် လမ်းညွှန်မည်ဖြစ်ပြီး၊ ယင်းတို့ကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်မည်ဖြစ်ပါသည်။

အာဆီယံသည် အာဆီယံ - သြစတြေးလျ၊ နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုဒေသကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သဖြင့် မိမိတို့အနေဖြင့် ကုန်သည်များနှင့် ပို့ကုန်လုပ်ငန်းရှင်များအား အာဆီယံ - သြစတြေးလျ၊ နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုဒေသမှ အခွင့်အလမ်းများ၏ အကျိုးကျေးဇူးများ အပြည့်အဝရရှိစေရန်နှင့် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ကြွယ်ဝမှုကို ဖော်ဆောင်နိုင်စေရန် တိုက်တွန်းလိုက်ရပါသည်။

Dr . Surin Pitsuwan
အာဆီယံအတွင်းရေးမှူးချုပ်

၅

## ကျေးဇူးတင်ရှိခြင်း

ဤလမ်းညွှန်စာစောင်ထုတ်ဝေနိုင်ရေးအတွက် ကျွန်ုပ်တို့၏ ကြိုးပမ်းအားထုတ်မှုများ၌ ပါဝင်ကူညီပံ့ပိုး ပေးသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား မိမိတို့မှ ကျေးဇူးတင်ရှိပါသည် -

- လမ်းညွှန်စာစောင်ထုတ်ဝေရေးအတွက် ဗဟုသုတများနှင့် အတွေ့အကြုံများ မျှဝေပေးသော Andrew Stoler
- စာစောင်ထုတ်ဝေရာတွင် စဉ်းစားသုံးသပ်ပြင်ဆင်မှု၌ တန်ဖိုးမဖြတ်နိုင်သည့် အချိန်များကို ပေးအပ် ဆောင်ရွက်ခဲ့ကြသော အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဩစတြေးလျ DFAT ၊ ဩစတြေးလျ အကောက်ခွန်ဌာနနှင့် နယူးဇီလန် MFAT တို့မှ ကျွမ်းကျင်သူများ
- စာစောင်ထုတ်ဝေရေးစီမံကိန်းအား အဆင်ပြေချောမွေ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးခဲ့သော အာဆီယံအတွင်းရေးမှူးချုပ်ရုံးအဖွဲ့
- ကြိုးပမ်းဆောင်ရွက်မှုတွင် ကူညီပေးခဲ့ကြသော အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အခြားဝန်ထမ်းများ
- မိမိတို့၏အစပြုဆောင်ရွက်မှုကို စဉ်ဆက်မပြတ်ပံ့ပိုးကူညီပေးခဲ့သော ဩစတြေးလျ အထောက်အပံ့ ပေးသည့်ယူနစ်နှင့်
- နောက်ဆုံးအနေဖြင့် သဘောတူညီချက် အကောင်အထည်ဖော်နိုင်ရေးအတွက် အာဆီယံ - ဩစတြေး လျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ ဆွေးနွေးညှိနှိုင်းမှုများတွင် မနားတမ်းပါဝင်ဆောင် ရွက်ခဲ့သူများအားလုံး

အာဆီယံအတွင်းရေးမှူးချုပ်ရုံး

## မာတိကာ


| | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| အပိုင်း (၁) | - | **နိဒါန်း** | ၁၂ - ၁၄ |
| | | - လွတ်လပ်သောကုန်သွယ်မှုဒေသ၌ ပင်ရင်းဒေသ စည်းမျဉ်းများ ထားရှိရသည့် အကြောင်းရင်း | |
| | | - လွတ်လပ်သောကုန်သွယ်မှုဒေသ ပင်ရင်းဒေသ စည်းမျဉ်းများ၏ အဓိကသဘော တရား | |
| | | - ပို့ကုန်များအတွက် အကျိုးခံစားခွင့် ရရှိစေမည့် ပင်ရင်းဒေသစည်းမျဉ်းများ | |
| အပိုင်း(၂) | - | **အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ ပင်ရင်းဒေသစည်းမျဉ်း မိတ်ဆက်** | ၁၅ - ၁၆ |
| | | - ပို့ကုန်တင်ပို့သူများအတွက် လုပ်သာကိုင်သာရှိစေမှု | |
| | | - ဒေသတွင်းပေါင်းစပ်ပါဝင်မှု - ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး | |
| | | - အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသရှိ အပြည့် အဝပြည်တွင်းထုတ်ကုန်များ | |
| | | - ပင်ရင်းဒေသစည်းမျဉ်းနှင့် ကိုက်ညီစေရန် သိသာထင်ရှားသည့် ပြောင်းလဲမှုကို စမ်းသပ်မှု | |
| အပိုင်း(၃) | - | **အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသတွင် ပင်ရင်း ဒေသ စည်းမျဉ်းများ ရေးသား ဖော်ပြထားမှု** | ၁၇ |
| အပိုင်း (၄) | - | **ကုန်ပစ္စည်းတစ်ခုစီအတွက် ပင်ရင်းဒေသစည်းမျဉ်းများ ရေးသားဖော်ပြထားမှု** | ၁၈ - ၁၉ |
| အပိုင်း(၅) | - | **ဒေသတွင်းတန်ဖိုးပါဝင်မှု တွက်ချက်ခြင်း** | ၂၀ - ၂၄ |
| | | - တိုက်ရိုက် တွက်နည်း | |
| | | - သွယ်ဝိုက် တွက်နည်း | |
| | | - အနိမ့်ဆုံး လုပ်ဆောင်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်းစဉ် | |
| အပိုင်း(၆) | - | **အကောက်ခွန် H.S. Code သတ်မှတ်ချက်ပြောင်းလဲခြင်း (CTC)** | ၂၅ - ၃၀ |
| | | - လုပ်သာကိုင်သာရှိစေသော အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ | |

အကောက်ခွန် H.S. Code သတ်မှတ်ချက်
ပြောင်းလဲမှု - အနည်း ဆုံးပါဝင်မှုသတ်မှတ်ချက်
- ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများနှင့် ကိရိယာ
တန်ဆာပလာများအတွက် သတ် မှတ်ချက်

အပိုင်း(၇) - **ဒေသတွင်းတန်ဖိုးပါဝင်မှု နှင့် အကောက်ခွန် H.S. Code သတ်မှတ်ချက် ပြောင်းလဲခြင်း** ၃၁ - ၃၂
**မဟုတ်သော ကုန်စည်ကို အခြေခံသည့် ပင်ရင်းဒေသ သီးသန့်စည်းမျဉ်း**
- ဓါတုဓါတ်ပြုစည်းမျဉ်း
- အခြား သီးသန့်စည်းမျဉ်း နမူနာများ

အပိုင်း(၈) - **အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသတွင် ပင်ရင်း ဒေသစည်းမျဉ်း လိုအပ်ချက်များနှင့် ကိုက်ညီစေရန်အတွက် အခြားသတ်မှတ်ချက်များ** ၃၃ - ၃၅
- တိုက်ရိုက်တင်ပို့ခြင်း
- တူညီ၍ အစားထိုးနိုင်သော ကုန်ပစ္စည်းများ
- သွယ်ဝိုက်ကုန်ပစ္စည်းများ

အပိုင်း(၉) - **အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသအတွက်ပင်ရင်းဒေသသက်သေခံ လက်မှတ်ထုတ်ပေးရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ** ၃၆ - ၄၃
- ပင်ရင်းဒေသ သက်သေခံလက်မှတ်ထုတ်ပေးရေးဆိုင်ရာ
လုပ်ထုံးလုပ်နည်းများ - ဆောင်ရွက်ပုံအဆင့်ဆင့်
- အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော
ကုန်သွယ်မှုဒေသ ပင်ရင်း ဒေသ သက်သေခံလက်မှတ်ပုံစံ
- ကျောကပ် ပင်ရင်းဒေသ သက်သေခံလက်မှတ်
- အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော
ကုန်သွယ်မှုဒေသတွင် ပင်ရင်းဒေသ ထုတ်ကုန်ဖြစ်
ကြောင်း စစ်ဆေးခြင်း
- စာရွက်စာတမ်း အထောက်အထားများ သိမ်းဆည်း
ထားရှိရန် လိုအပ်ခြင်း
- ကုန်တင်သွင်းသည့် နိုင်ငံရှိ သက်ဆိုင်ရာအာဏာပိုင်မှ

၈

ပင်ရင်းဒေသ သက်သေခံ လက်မှတ်ကို လက်ခံခြင်း
- ပေါင်းစပ်ပါဝင်ထုတ်လုပ်မှုနှင့် ပင်ရင်းဒေသသက်သေခံ လက်မှတ်

အပိုင်း(၁၀) - **အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှု ဒေသနှင့် အခြား အာဆီယံ လွတ်လပ် သော ကုန်သွယ်မှု ဒေသများ၏ ပင်ရင်းဒေသ စည်းမျဉ်းများနှိုင်း ယှဉ်ချက်** ၄၄ - ၄၅
- တူညီမှုများကို လေ့လာခြင်း
- ကွဲပြားခြားနားမှုများကို လေ့လာခြင်း

နောက်ဆက်တွဲ (၁) **အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ၏ ပင်ရင်း ဒေသစည်းမျဉ်း အတွက် ကုန်ပစ္စည်း စစ်ဆေးသည့်လုပ်ထုံးလုပ်နည်းများ** ၄၆ - ၄၈
- စစ်ဆေးသည့်လုပ်ငန်းများစတင်ဆောင်ရွက်ခြင်း
- စစ်ဆေးသည့် လုပ်ငန်းများကို တုန့်ပြန်ဆောင်ရွက်မှုများ
- စစ်ဆေးသည့် လုပ်ငန်း၏ ရလာဒ်များ

နောက်ဆက်တွဲ(၂) **ပင်ရင်းဒေသစည်းမျဉ်းဆိုင်ရာ လက်တွေ့လေ့ကျင့်ခန်းများ** ၄၉ - ၅၄
- အကောက်ခွန် H.S Code သတ်မှတ်ချက်ပြောင်းလဲခြင်း (CTC)ဆိုင်ရာလေ့ကျင့် ခန်းများ
- ဒေသတွင်းတန်ဖိုးပါဝင်မှု တွက်ချက်ခြင်း (RVC)ဆိုင်ရာ လေ့ကျင့်ခန်းများ
- လေ့ကျင့်ခန်းများအတွက်အဖြေများ

နောက်ဆက်တွဲ (၃) **အာဆီယံ ကုန်သွယ်ရေး သဘောတူစာချုပ်အချို့၏ ပင်ရင်းဒေသစည်းမျဉ်းဆိုင်ရာ နှိုင်းယှဉ်ချက်** ၅၅ - ၅၇

နောက်ဆက်တွဲ (၄) **အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ၏ ပင်ရင်းဒေသ သက်သေခံလက်မှတ် အတွက် စံပြနမူနာပုံစံ** ၅၈ - ၆၃
- အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ် သော ကုန်သွယ်မှုဒေသ၏ ပင်ရင်းဒေသ သက်သေခံလက်မှတ်
- ပင်ရင်းဒေသသက်သေခံလက်မှတ်၏ ကျောကပ်မှတ်စု
- အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ၏ ပင်ရင်းဒေသ သက်သေခံလက်မှတ် ပုံစံအပေါ်တွင် ပင်ရင်းဒေသဆိုင်ရာ အချက် အလက်များ ဖြည့်စွက် ရန်အတွက် လမ်းညွှန်ချက်များ
- ပို့ကုန်တင်ပို့သူ၏ကြေငြာချက်ပုံစံ

**စာရေးသားဖော်ပြထားသည့်အကွက်စာရင်း (List of Boxes)**


အကွက် ၁။ အပြည့်အဝပြည်တွင်းထုတ်ကုန်

အကွက် ၂။ တိုက်ရိုက်တွက်နည်း တွက်ချက်မှုနမူနာပုံစံ

အကွက် ၃။ ဒေသတွင်းတန်ဖိုးပါဝင်မှု အဓိပ္ပါယ်ဖော်ပြချက်များ

အကွက် ၄။ CTC နှင့် RVC ခွင့်ပြုမှုများ

အကွက် ၅။ တိုက်ရိုက်တင်ပို့ခြင်း

အကွက် ၆။ သွားရောက်စစ်ဆေးမှုပြုလုပ်ရာတွင် လိုအပ်သော အထောက်အထားများ


**ဇယားစာရင်း (List of Tables)**


ဇယား ၁။ အကောက်ခွန် HS Code သတ်မှတ်ချက်ပြောင်းလဲသည့် ပင်ရင်းဒေသစည်းမျဉ်း (CTC ROO) ၏လုပ်ငန်းဆောင်ရွက်ပုံ

ဇယား ၂။ သီးသန့်စည်းမျဉ်းကျင့်သုံးမည့် ကုန်စည်များနှင့် ကိုက်ညီရမည့်စည်းမျဉ်းများ

ဇယား ၃။ ပင်ရင်းဒေသသက်သေခံလက်မှတ်တစ်စောင် လျှောက်ထားရာတွင် မဖြစ်မနေလိုအပ်သည့် အချက်အလက်များ

ဇယား ၄။ ပင်ရင်းဒေသသက်သေခံလက်မှတ်ပေါ်တွင် မဖြစ်မနေထည့်သွင်းရန် လိုအပ်သည့်အချက်အလက်များ

ဇယား ၅။ အာဆီယံကုန်သွယ်ရေး သဘောတူစာချုပ်အချို့၏ ပင်ရင်းဒေသစည်းမျဉ်းဆိုင်ရာ နှိုင်းယှဉ်ချက်ဇယား

ဇယား ၆။ အာဆီယံကုန်သွယ်ရေး သဘောတူစာချုပ်အချို့၏ ပင်ရင်းဒေသသက်သေခံ လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှိုင်းယှဉ်ချက်ဇယား


**ပုံစံစာရင်း (List of Figures)**


ပုံစံ ၁။ CTC နည်းကိုအသုံးပြုခြင်း

ပုံစံ ၂။ အကောက်ခွန် HS Code သတ်မှတ်ချက်ပြောင်းလဲမှု (CTC) တွင် အနည်းဆုံးပါဝင်မှု သတ်မှတ်ချက်

ပုံစံ ၃။ ပင်ရင်းဒေသစည်းမျဉ်းအတွက် AANZFTA OCP အဆင့်များ

ပုံစံ ၄။ စစ်ဆေးရေးလုပ်ထုံးလုပ်နည်းများအတွက် အချိန်ဇယား

**အတိုကောက်စာလုံးများ၏အဓိပ္ပါယ်ဖွင့်ဆိုချက်**

| | | |
|---|---|---|
| AANZFTA | - | Agreement Establishing the ASEAN - Australia - New Zealand Free Trade Area<br>အာဆီယံ - သြစတြေးလျ - နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှု ဒေသ အကောင်အထည်ဖော်ရေး သဘောတူစာချုပ် |
| ACFTA | - | ASEAN - China Free Trade Agreement<br>အာဆီယံ - တရုတ် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် |
| AIFTA | - | ASEAN - India Free Trade Agreement<br>အာဆီယံ - အိန္ဒိယ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် |
| AJCEP | - | ASEAN - Japan Comprehensive Economic Partnership<br>အာဆီယံ - ဂျပန် အလုံးစုံစီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်မှု |
| AKFTA | - | ASEAN - Korea Free Trade Agreement<br>အာဆီယံ - ကိုရီးယားလွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် |
| ATIGA | - | ASEAN Trade in Goods Agreement<br>အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် |
| CC | - | Change in Chapter<br>အခန်းပြောင်းလဲခြင်း |
| CO | - | Certificate of Origin<br>ပင်ရင်းဒေသသက်သေခံလက်မှတ် |
| CTC | - | Change in Tariff Classification<br>အကောက်ခွန်လိုင်းပြောင်းလဲခြင်း |
| CTH | - | Change in Tariff Heading<br>အကောက်ခွန်ခေါင်းစဉ်ပြောင်းလဲခြင်း |
| CTSH | - | Change in Tariff Sub – Heading<br>အကောက်ခွန်ခေါင်းစဉ်ခွဲပြောင်းလဲခြင်း |
| FOB | - | Free on Board<br>သင်္ဘောပေါ်အရောက်တန်ဖိုး |
| FTA | - | Free Trade Agreement<br>လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် |
| OCP | - | Operational Certification Procedures<br>ပင်ရင်းဒေသသက်သေခံလက်မှတ် ထုတ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ် နည်းများ |

| | | |
|---|---|---|
| PSR | - | Product Specific Rules |
| | | ကုန်စည်ကိုအခြေခံသည့် ပင်ရင်းဒေသသီးသန့်စည်းမျဉ်း |
| ROO | - | Rules of Origin |
| | | ပင်ရင်းဒေသစည်းမျဉ်း |
| RVC | - | Regional Value Content |
| | | ဒေသတွင်းတန်ဖိုးပါဝင်မှု |
| WO | - | Wholly Obtained Goods |
| | | အပြည့်အဝပြည်တွင်းထုတ်ကုန် |



# အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသဆိုင်ရာ

# ပင်ရင်းဒေသစည်းမျဉ်း လမ်းညွှန်စာစောင်

## Primer on Rules of Origin

## ASEAN - Australia - Newzealand Free Trade Area



# အပိုင်း(၁)

# နိဒါန်း

၁။ အာဆီယံ - ဩစတြေးလျ ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ (ASEAN - Australia - New Zealand Free Trade Area - AANZFTA) ထူထောင်ရေး သဘောတူညီချက်အား ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် စတင်သက်ဝင်ရန် မျှော်လင့်ခဲ့ကြပါသည်။ စီးပွားရေးလုပ်ငန်းရှင်များသည် စတင်အကောင်အထည်ဖော်သည့် ပထမနေ့တွင် စာချုပ်သစ်အရ ဖန်တီးထားသည့် အခွင့်အလမ်းများ၏ အကျိုးအမြတ်များ ရယူနိုင်ကြရန် အရေးကြီးလှပါသည်။ ပို့ကုန်လုပ်ငန်းရှင်များသည် အဆိုပါအခွင့်အလမ်းသစ်များမှ အကျိုးအမြတ်ရယူနိုင်ရန်မှာ အာဆီယံ - ဩစတြေးလျ ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသအတွက် ပင်ရင်းဒေသစည်းမျဉ်း (Rules of Origin - ROO) နှင့် ၎င်းတို့၏ ပို့ကုန်များ ပင်ရင်းဒေသစည်းမျဉ်းနှင့် ကိုက်ညီစေရန် လုပ်ဆောင်ရမည့်အဆင့်များကို သိရှိနားလည်ရန်လိုအပ်ပါသည်။ ဤလမ်းညွှန်စာစောင်၏ ရည်ရွယ်ချက်မှာ အောက်ပါတို့ကိုရှင်းလင်းတင်ပြရန်ဖြစ်ပါသည်-

(က) ပင်ရင်းဒေသစည်းမျဉ်းကို ရှင်းလင်းစွာသိရှိနားလည်စေရန်၊

(ခ) ပင်ရင်းဒေသစည်းမျဉ်းနှင့် ကိုက်ညီခံစားနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် သက်သေခံလက်မှတ်ထုတ်ပေးသည့် ဌာနများက လိုက်နာရမည့်အချက်များကို သိရှိနားလည်စေရန်၊

(ဂ) ကုန်တင်သွင်းသည့်နိုင်ငံများမှ အာဏာပိုင်များသည် ကုန်သင်္ဘောများ ဆိုက်ရောက်လာပါက ပင်ရင်းဒေသစည်းမျဉ်းနှင့် ကိုက်ညီခြင်း ရှိ/မရှိကို သေချာစွာ သိရှိစေရန်၊

**လွတ်လပ်သောကုန်သွယ်မှုဒေသ၌ပင်ရင်းဒေသစည်းမျဉ်းများထားရှိရသည့်အကြောင်းရင်း**

၂။ လွတ်လပ်သောကုန်သွယ်မှုဒေသသဘောတူစာချုပ်တစ်ခုသည်အဖွဲ့ဝင်နိုင်ငံများမှ ကုန်တင်ပို့သူများကို လွတ်လပ်သောကုန်သွယ်မှုဒေသ (Free Trade Area - FTA) အတွင်းရှိ အခြားအဖွဲ့ဝင်နိုင်ငံများ၏ ဈေးကွက်သို့ ပိုမိုဝင်ရောက်နိုင်ရေးအတွက် ကူညီထောက်ပံ့ရန်၊ FTA အတွင်းပါဝင်ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများအကြား၌ ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို တွန်းအားပေးစေရန် ရေးဆွဲထားပါသည်။ ယေဘူယျအားဖြင့် ကုန်စည် အများစုအတွက် အကောက်ခွန်ကင်းလွတ်ခွင့် ပေးထားသော်လည်း အကောက်ခွန် လျှော့ချခြင်းနှင့် ဖယ်ရှားခြင်းတို့ကို အသွင်ကူးပြောင်းကာလ တစ်ခုအတွင်းတွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အကျိုးဆက်အဖြစ် FTA အရ ယင်း၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ သတ်မှတ်ထားသော အကောက်ခွန်နှုန်းထားများမှာ MFN အကောက်ခွန်နှုန်း [နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံတစ်နိုင်ငံသို့ ကုန်ပစ္စည်းတစ်မျိုးအပေါ် ကောက်ခံသည့် နှုန်းထားအတိုင်း အခြားနိုင်ငံများသို့လည်း ကောက်ခံရသည့် (Most Favoured Nation - MFN နှုန်း)] များထက် ယေဘူယျအားဖြင့် သက်သာနေမည်ဖြစ်ပါသည်။ AANZFTA ကဲ့သို့ လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်ပါ ပင်ရင်းဒေသစည်းမျဉ်း၌ အဓိကအချက် (၂) ချက်ရှိပါသည်။

၃။ ပင်ရင်းဒေသစည်းမျဉ်းအရ ကုန်တင်သွင်းသည့် နိုင်ငံများမှ အာဏာပိုင်များသည် အောက်ပါအချက် (၂) ချက်ကို သေချာစွာ သိရှိနားလည်ရမည်ဖြစ်ပါသည် -

(က) FTA အရ အခြားအဖွဲ့ဝင်နိုင်ငံများမှ ပင်ရင်းကုန်ပစ္စည်းများသည် FTA အကောက်ခွန် လျှော့ချရေး ကတိကဝတ်များအရ အထူးအကောက်ခွန် သက်သာခွင့်အတွက် သတ်မှတ်ချက်နှင့် ကိုက်ညီကြောင်း၊

(ခ) FTA ပြင်ပရှိ ပင်ရင်းကုန်ပစ္စည်းများကို အလားတူ အထူးအကောက်ခွန် သက်သာခွင့် ပေးထားခြင်း မရှိကြောင်း၊

၄။ ရှုပ်ထွေးသော ပင်ရင်းဒေသစည်းမျဉ်းများသည် FTA အရ ဈေးကွက်ဖွင့်ပေးရန် အတွက် အကောက်ခွန်သက်သာခွင့်ကို အမှန်တကယ်ရရှိခံစားရန် စီးပွားရေးလုပ်ငန်းများကို ခက်ခဲစေကြောင်း လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ်အပေါ် ဝေဖန်မှုများထွက်ပေါ်နေမှုမှာ အသစ်အဆန်းမဟုတ်တော့ပါ။ လက်တွေ့တွင် FTA တစ်ခုကို မည်ကဲ့သို့ကန့်သတ်မည် (သို့) လွတ်လပ်ခွင့်ပေးမည်ဆိုသည့် စဥ်းစားတွေးခေါ်မှုသည် ပင်ရင်းဒေသစည်းမျဉ်းဆိုင်ရာကိစ္စများအား မကြာခဏ အဆုံးအဖြတ်ပေးနိုင်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထုတ်လုပ်သူများ/တင်ပို့သူများက FTA တစ်ခု၏ ပင်ရင်းဒေသစည်းမျဉ်းများနှင့် ကိုက်ညီစေရန် ပိုမိုဆောင်ရွက်နိုင်လျှင် ၎င်းတို့အတွက် အကောက်ခွန်သက်သာခွင့်ကို ပိုမိုခံစားရမည်ဖြစ်ပါသည်။ သဘောတူစာချုပ်သည် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရေးကို လျှင်မြန်ချောမွေ့စေမည်ဖြစ်ပြီး ပင်ရင်းဒေသစည်းမျဉ်းသည်လည်း အဖွဲ့ဝင်နိုင်ငံများ၏ ပင်ရင်းကုန်ပစ္စည်းများအတွက်သာ အကောက်ခွန်သက်သာခွင့် တိုးချဲ့သတ်မှတ်ခြင်း ကို ထိန်းညှိဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့သော် စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့၏ ထုတ်လုပ်မှုဖြစ် စဥ်ကို သိရှိနားလည်ရန်လိုအပ်ပြီး ပင်ရင်းဒေသစည်းမျဉ်းနှင့် ကိုက်ညီစေရန်အတွက် လိုအပ်ပါက ယင်းနှင့်ကိုက်ညီမှုရှိစေမည့် နည်းလမ်းများကို ပြောင်းလဲခံယူဆောင်ရွက်ရန် အရေးကြီးပါသည်။

**လွတ်လပ်သော ကုန်သွယ်မှုဒေသ ပင်ရင်းဒေသစည်းမျဉ်းများ၏ အဓိကသဘောတရားများ**

၅။ ပင်ရင်းဒေသစည်းမျဉ်း၏ လိုအပ်ချက်များနှင့် ကိုက်ညီသော ကုန်ပစ္စည်းများကို 'ပင်ရင်းကုန်စည်' (Originating Goods) များဟု ခေါ်ဆိုပါသည်။ နားလည်သဘောပေါက်ရမည့် အဓိကအချက်များမှာ ယင်းတို့သည် "အပြည့်အဝရရှိသော (သို့) အပြည့်အဝ ထုတ်လုပ်သော ကုန်ပစ္စည်းများ" (Wholly Obtained or Wholly Produced) နှင့် သိသာထင်ရှားစွာ ပြောင်းလဲမှုဖြစ်စဥ် (Substaintial Transformation) ကြောင့် ဖြစ်ပေါ်လာသည့်ကုန်ပစ္စည်းများ ဖြစ်ရပါမည်။ ယေဘူယျအားဖြင့် ကုန်တင်ပို့သည့် နိုင်ငံအတွင်းမှ ထုတ်ယူရရှိသော (ဥပမာ - အပြည့်အဝရရှိသော ကုန်ပစ္စည်းများအတွက် သတ်မှတ်ထားသည့်အတိုင်း ကြီးထွားသော၊ မွေးဖွားသော၊ ကြီးပြင်းသော၊ စုစည်းရရှိသော (သို့) ထုတ်ယူရရှိသော ကုန်ပစ္စည်းများအား အပြည့်အဝရရှိသည်ဟုယူဆနိုင်ပါသည်) သတ္တုတွင်းထွက်ပို့ကုန်များ၊ လယ်ယာထွက်ကုန်ပစ္စည်းအများစုနှင့် နိုင်ငံအတွင်းမှရရှိသော ပင်လယ်စာကဲ့သို့သော ထုတ်ကုန်များမှာ သာမန်အားဖြင့် အပြည့်အဝရရှိသော ပင်ရင်းကုန်ပစ္စည်းများ ဖြစ်ပါသည်။ ကုန်ပစ္စည်းတစ်ခုသည် တတိယနိုင်ငံများမှ ပင်ရင်းဖြစ်သော ပစ္စည်းများ (သို့) အစိတ်အပိုင်းများဖြင့် ပေါင်းစပ်ထုတ်လုပ်သောအခါ FTA ROO တွင် သတ်မှတ်ထားသည့် သိသာထင်ရှားစွာ ပြောင်းလဲမှုအဆင့် အတိုင်း

ဆောင်ရွက်ထုတ်လုပ်ပါက ၎င်းသည် ပင်ရင်းကုန်ပစ္စည်းတစ်ခုအဖြစ် အရည်အချင်း ကိုက်ညီနေမည် ဖြစ်ပါသည်။ ကုန်ပစ္စည်းများသည် တင်ပို့သည့် နိုင်ငံတွင် သတ်မှတ်ထားသော လုံလောက်သည့် သိသာထင်ရှားစွာ ပြောင်းလဲမှုအတွက် ထုတ်လုပ်နိုင်ခြင်းမရှိပါက ယင်းသည် ပင်ရင်းမဟုတ်သော ကုန်ပစ္စည်းများဖြစ်ပြီး၊ FTA အောက်တွင် အကောက်ခွန်သက်သာခွင့်ကို ခံစားနိုင်မည်မဟုတ်ပါ။

**ပို့ကုန်များအတွက် အကျိုးခံစားခွင့် ရရှိစေမည့် ပင်ရင်းဒေသစည်းမျဉ်းများ**

၆။ FTA ၏ ရည်ရွယ်ချက်များအတွက် မည်သည့်ကုန်ပစ္စည်းများသည် ပင်ရင်းဒေသ ကုန်ပစ္စည်းများအဖြစ် ယူဆရန်အတွက် ပို့ကုန်လုပ်ငန်းရှင်များကိုလည်း ၎င်းတို့၏ ကုန်စည်များ အကောက်ခွန် သက်သာခွင့် အတွက် အရည်အချင်းကိုက်ညီကြောင်းကို မည်ကဲ့သို့ သက်သေပြရမည်ဆိုသည်ကို သဘောတူ စာချုပ်များက ရှင်းပြရန် လိုအပ်ပါသည်။ အလားတူပင် ကုန်တင်သွင်းသည့် အာဏာပိုင်များကိုလည်း သဘောတူညီချက်အရ သွင်းကုန် ပစ္စည်းများသည် အဖွဲ့ဝင်နိုင်ငံတစ်ခုမှ ပင်ရင်းကုန်ပစ္စည်းများ ဖြစ်ကြောင်း တင်ပြလာပါက မည်ကဲ့သို့သော အထောက်အထား စာရွက်စာတမ်းများ လိုအပ်သည်ကို ပြောပြရန်လိုအပ်ပါသည်။ လိုအပ်ချက်တစ်ခုအဖြစ် သွင်းကုန်ပစ္စည်းသည် ကုန်တင်ပို့သည့်နိုင်ငံမှ ပင်ရင်းဒေသသက်သေခံလက်မှတ် (Certificate of Origin - CO) ထုတ်ပေးနိုင်သည့် အဖွဲ့အစည်းမှထုတ်ပေးသည့် ပုံစံနှင့်အတူ အကောက်ခွန်သက်သာခွင့်ခံစားနိုင်ရန် တင်ပြရမည်ဟု FTA များတွင် ဖော်ပြထားပါသည်။

## အပိုင်း(၂)

### အာဆီယံ - ဩစတြေးလျ ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ ပင်ရင်းဒေသစည်းမျဉ်း မိတ်ဆက်

၇။ AANZFTA ပင်ရင်းဒေသစည်းမျဉ်းများသည် အခြားအာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ်များတွင် ထည့်သွင်းထားသည့် ROO နှင့် အကြောင်းအရာအချို့၌ ကွဲပြားခြားနားမှုရှိပါသည်။ အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ်များနှင့် ကွဲပြားခြားနားမှုများကို **နောက်ဆက်တွဲ - ၃** တွင် နှိုင်းယှဥ်ဖော်ပြထားပါသည်။

**ပို့ကုန်တင်ပို့သူများအတွက် လုပ်သာကိုင်သာရှိစေမှု**

၈။ AANZFTA အတွင်း အသုံးပြုသော ပင်ရင်းဒေသစည်းမျဉ်းများသည် ပို့ကုန်တင်ပို့သူအတွက် လုပ်သာကိုင်သာရှိစေပြီး၊ ပင်ရင်းကုန်ပစ္စည်းအဖြစ် သက်သေပြကာ FTA ၏ အခွင့်အလမ်းများမှ အကျိုးအမြတ်များ ရယူနိုင်ရေးအတွက် ရေးဆွဲထားပါသည်။ ဤကဲ့သို့ လုပ်သာကိုင်သာရှိစေမှုသည် ကုန်ပစ္စည်းများအား တင်းကြပ်သည့် စည်းမျဉ်းတစ်ခုတည်း အောက်တွင်ဆောင်ရွက်သည်ထက် ပင်ရင်းကုန်ပစ္စည်းအဖြစ် အရည်အချင်းကိုက်ညီစေရန် ပိုမိုလွယ်ကူစေပါသည်။

၉။ အကောက်ခွန်ခေါင်းစဥ်ခွဲ [H.S Code Sub-Heading ဂဏာန်း (၆) လုံးအဆင့်] အားလုံး၏ ၈၃% အတွက် AANZFTA ROO သည် “Co - Equal” (ညီမျှသည့် နည်းလမ်း) အသုံးပြုမှုကို အခြေခံထားပါသည်။ ၎င်းမှာ ပို့ကုန်တင်ပို့သူများအား ပင်ရင်းကုန်ပစ္စည်းအဖြစ် ကိုက်ညီစေရန် ဒေသတွင်းတန်ဖိုးပါဝင်မှု (Regional Value Content - RVC) စည်းမျဉ်း (သို့) အကောက်ခွန်အခန်း H.S Code သတ်မှတ်ချက် ပြောင်းလဲခြင်း (Change in Tariff Classification - CTC) နည်းလမ်းနှစ်ခုအနက် တစ်ခုကို ရွေးချယ်အသုံးပြုခွင့် ပေးထားမည်ဖြစ်ပါသည်။

၁၀။ အကောက်ခွန်ခေါင်းစဥ်ခွဲ၏ အခြားသော ၁၀% အတွက် CTCနည်းလမ်းနှင့် ကျန်ခေါင်းစဥ်ခွဲ၏ ၁% ခန့်ကို (အဓိကအားဖြင့် မော်တော်ယာဥ် ကဏ္ဍအတွက်) RVC နည်းလမ်းကိုသာ အသုံးပြုခွင့် ပြုထားပါသည်။ ခေါင်းစဥ်ခွဲ၏ ၁.၄% ခန့်ရှိသော အလေအလွင့်နှင့် အပိုင်းအစ ကုန်ပစ္စည်းများအတွက် အထူးစည်းမျဉ်းကို သတ်မှတ်ထားပါသည်။ သာမန်ကုန်စည်ကို အခြေခံသော သီးသန့်ပင်ရင်းဒေသစည်းမျဉ်းများသည် အကောက်ခွန်ခေါင်းစဥ်ခွဲများ၏ ကျန်ရှိသည့် ၄.၅% အတွက် သက်ဆိုင်ခြင်းမရှိပါ။ ယင်းကုန်စည်များမှာ AANZFTA အတွင်း အပြည့်အဝထုတ်လုပ်သော (သို့) ရရှိသော ကုန်ပစ္စည်းများဖြစ်ရန် လိုအပ်ပါသည်။ ဓါတုပစ္စည်းဆိုင်ရာ အကောက်ခွန်ခေါင်းစဥ်ခွဲ၏ ၃ ပုံ ၂ ပုံခန့်သော ကုန်ပစ္စည်းများသည် RVC (သို့) CTC ROO နှင့် ကိုက်ညီမှု မရှိပါက ၎င်းတို့သည် ပင်ရင်းကုန်ပစ္စည်းများ ဖြစ်ကြောင်းကို သက်သေပြရန်အတွက် ဓါတုဓါတ်ပြုမှုစမ်းသပ်ချက် (Chemical Reaction Test)ကို ပြုလုပ်ရမည်ဖြစ်ပါသည်။

၁၁။ ဒေသတွင်းပေါင်းစပ်ပါဝင်မှုတွင် အနည်းဆုံးပါဝင်မှုသတ်မှတ်ချက်သည် AANZFTA ROO ကို အသုံးပြုနိုင်ရန် လုပ်သာကိုင်သာမှု ရှိစေမည်ဖြစ်ပါသည်။

**ဒေသတွင်းပေါင်းစပ်ပါဝင်မှု - ပူးပေါင်းဆောင်ရွက်ရေး ပိုမိုမြှင့်တင်ရေး**

၁၂။ AANZFTA ၏ ပင်ရင်းဒေသစည်းမျဉ်းသည် ဒေသတွင်း ပူးပေါင်းထုတ်လုပ်မှုကို ပိုမိုလာစေပြီး၊ ဒေသတွင်း ထောက်ပံ့မှုလမ်းကြောင်းကို ပိုမိုဖြစ်ထွန်းလာစေကာ၊ ဒေသတွင်း ပေါင်းစပ်ပါဝင်ထုတ်လုပ်ခြင်းမှ ရရှိသည့် ပစ္စည်းကို ပင်ရင်းကုန်ပစ္စည်းအဖြစ် သတ်မှတ်ခွင့်ပေးထားပါသည်။

၁၃။ AANZFTA ROO တွင် မည်သည့် AANZFTA အဖွဲ့ဝင်နိုင်ငံများမှ ထုတ်လုပ်သည့် ပင်ရင်းကုန်ပစ္စည်း (သို့မဟုတ်) အစိတ်အပိုင်းပစ္စည်းကိုမဆို အသုံးပြု၍ ထုတ်လုပ်ပြီးပါက ယင်းကို ကုန်ချောထုတ်လုပ်သည့် နိုင်ငံ၏ပင်ရင်းကုန်ပစ္စည်းအဖြစ် ခွင့်ပြုပါသည်။ ဥပမာ - ဗီယက်နမ်နိုင်ငံမှ ထုတ်လုပ်သူတစ်ဦးသည် AANZFTA အဖွဲ့ဝင် ပင်ရင်းဒေသနိုင်ငံများဖြစ်သည့် စင်ကာပူနှင့် မလေးရှား နိုင်ငံတို့မှ သွင်းကုန်အစိတ်အပိုင်းများကို တင်သွင်း၍ ကုန်ချောအဖြစ်ထုတ်လုပ်ပြီး ဩစတြေးလျနိုင်ငံသို့ တင်ပို့ပါက ယင်းကုန်ချောပစ္စည်းကို ဗီယက်နမ်၏ ပင်ရင်းကုန်ပစ္စည်းတွင် ထည့်သွင်းတွက်ချက်၍ AANZFTA ၏ ပင်ရင်းကုန်ပစ္စည်းအဖြစ် သတ်မှတ်နိုင်ပါသည်။

**အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသရှိ အပြည့်အဝပြည်တွင်းထုတ်ကုန်များ**

၁၄။ အထက်တွင်ဖော်ပြသကဲ့သို့ ကုန်ပစ္စည်းအများစုမှာ FTA's ROO အရ အကောက်ခွန်သက်သာခွင့်အတွက် အရည်အချင်းကိုက်ညီမှုသည် ယေဘူယျအားဖြင့် တင်ပို့သည့် နိုင်ငံအတွင်း အပြည့်အဝ ထုတ်လုပ်ခြင်း (သို့) ရရှိခြင်း ဆိုသည့် သဘောတရားအပေါ်တွင် အခြေခံပါသည်။ AANZFTA တွင် အပြည့်အဝရရှိသည့် ကုန်ပစ္စည်းအဖြစ် သတ်မှတ်သည့် ကုန်ပစ္စည်းများကို စာရင်းပြုစုထားပါသည်။ **(အကွက် ၁ ရှု)** ယေဘုယျအားဖြင့် အကောက်ခွန်ခေါင်းစဉ်ခွဲများ၏ ၄.၅% သည် သဘောတူစာချုပ်တွင် ROO အတွက် အပြည့်အဝရရှိသော ကုန်ပစ္စည်းနည်းလမ်းကို အသုံးပြုပါသည်။

**ပင်ရင်းဒေသစည်းမျဉ်းနှင့် ကိုက်ညီစေရန် သိသာထင်ရှားသည့် ပြောင်းလဲမှုကို စမ်းသပ်မှု**

၁၅။ အပြည့်အဝရရှိခြင်း မဟုတ်သည့် ကုန်ပစ္စည်းတစ်ခုအတွက် AANZFTA တွင် ထုတ်လုပ်မှု၌ အသုံးပြုထားသည့် ပင်ရင်းမဟုတ်သည့် ကုန်ပစ္စည်းများအား 'သိသာထင်ရှားစွာ ပြောင်းလဲခြင်း' ဖြစ်ကြောင်း စစ်ဆေး၍ ကိုက်ညီမှုရှိရန်လိုအပ်ပါသည်။ ကုန်ပစ္စည်းအများစုအတွက်(အကောက်ခွန်ခေါင်းစဉ်ခွဲများ၏ ၈၃%)အကောက်ခွန် H.S. Code သတ်မှတ်ချက်ပြောင်းလဲခြင်း (CTC) (သို့မဟုတ်) ဒေသတွင်းတန်ဖိုးပါဝင်မှု သတ်မှတ်ချက် (RVC) များနှင့် ကိုက်ညီနိုင်ပါက ပင်ရင်းကုန်ပစ္စည်းများအဖြစ် သတ်မှတ်နိုင်ပါသည်။ အခြားကုန်ပစ္စည်းများအတွက် RVC သတ်မှတ်ချက် (သို့) CTC သတ်မှတ်ချက် (သို့) ထုတ်လုပ်မှုနည်းစဉ် အသေးစိတ် (Process Rule) သတ်မှတ်ချက်တစ်ခုခုကိုသာ အသုံးပြုပါသည်။ CTC သတ်မှတ်သည့်ကိစ္စတွင် ကုန်ပစ္စည်းထုတ်လုပ်ရာ၌ အသုံးပြုထားသည့် AANZFTA ပင်ရင်းမဟုတ်သည့် ကုန်ပစ္စည်းများအားလုံး (ဥပမာ-AANZFTA ၏ ပြင်ပနိုင်ငံများမှ တင်သွင်းလာသည့် ပစ္စည်းများသည် အကောက်ခွန် H.S. Code သတ်မှတ်ချက် ပြောင်းလဲစေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်) သည် အဆိုပါ သတ်မှတ်ချက်များကို မည်ကဲ့သို့ဆောင်ရွက်ရမည်ကို အောက်တွင် အသေးစိတ် ဖော်ပြထားပါသည်။

## အပိုင်း(၃)

## အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသတွင် ပင်ရင်းဒေသစည်းမျဉ်းများ ရေးသားဖော်ပြထားမှု

၁၆။ AANZFTA တွင် ROO နှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များကို အောက်ပါတို့တွင် ဖော်ပြထားပါသည်-

- သဘောတူစာချုပ်၏ အခန်း ၃ - ပင်ရင်းဒေသစည်းမျဉ်း (ROO)
  - အခန်း ၃ ၏ နောက်ဆက်တွဲ - "ပင်ရင်းဒေသ သက်သေခံလက်မှတ်ထုတ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ" (Operational Certification Procedure - OCP)
    ဤနောက်ဆက်တွဲတွင်အောက်ပါတို့အတွက်အနည်းဆုံးအထောက်အထား အချက်အလက် လိုအပ်မှုများကို ဖော်ပြထားပါသည် -
    (က) ပင်ရင်းဒေသသက်သေခံလက်မှတ် လျှောက်ထားခြင်း
    ( ခ ) ပင်ရင်းဒေသသက်သေခံလက်မှတ်
- သဘောတူစာချုပ်၏နောက်ဆက်တွဲ ၂ - "သီးသန့်စည်းမျဉ်း ကျင့်သုံးမည့်ကုန်စည်များ" (Product Specific Rules - PSR)

၁၇။ CO Form ထုတ်ပေးပိုင်ခွင့်ရှိသည့် အာဏာပိုင်အဖွဲ့မှ ထုတ်ပေးမည့် CO Form ပုံစံကို အဖွဲ့ဝင်နိုင်ငံအားလုံးက သဘောတူသတ်မှတ်ထားကြပါသည်။

၁၈။ သီးသန့်စည်းမျဉ်းကျင့်သုံးမည့် ကုန်စည်များ (PSR) ကို ၎င်းတို့၏ အကောက်ခွန်ခေါင်းစဉ်ခွဲများအလိုက် သဘောတူစာချုပ်၏ နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားပါသည်။ နောက်ဆက်တွဲ (၂) ၌ မပါဝင်သော အကောက်ခွန်ခေါင်းစဉ်ခွဲများ၏ ကုန်ပစ္စည်းများအတွက် "ယေဘူယျစည်းမျဉ်း" (General Rules) ကိုကျင့်သုံးပါသည်။ ဤယေဘူယျစည်းမျဉ်းအား ပင်ရင်းဒေသစည်းမျဉ်းအခန်း၏ စည်းမျဉ်း ၄.၁ တွင် ဖော်ပြထားပြီး၊ ကုန်ပစ္စည်းတစ်ခုသည် အောက်ဖော်ပြပါ သတ်မှတ်ချက်တစ်ခုခုနှင့် ကိုက်ညီပါက AANZFTA ၏ ပင်ရင်းကုန်ပစ္စည်းအဖြစ် မှတ်ယူနိုင်သည်ဟု သတ်မှတ်ထားပါသည် -

(က) ကုန်ပစ္စည်း၌ ဒေသတွင်းတန်ဖိုး (RVC) ပါဝင်မှုမှာ FOB တန်ဖိုး၏ ၄၀% ထက် မလျော့နည်းသည့်အပြင် နောက်ဆုံးထုတ်လုပ်မှု လုပ်ငန်းစဉ်ကို အဆိုပါနိုင်ငံအတွင်းတွင် ပြုလုပ်ပါက၊

( ခ ) ကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုထားသော ပင်ရင်းမဟုတ်သည့် ပစ္စည်းများအားလုံး သည် H.S Code ဂဏန်း (၄) လုံးအဆင့်၌ အကောက်ခွန် H.S Code သတ်မှတ်ချက် ပြောင်းလဲသွားသောအခါ (အကောက်ခွန်ခေါင်းစဉ်ပြောင်းလဲခြင်းဟု ခေါ်ပါသည်)၊

## အပိုင်း(၄)

### ကုန်ပစ္စည်းတစ်ခုစီအတွက် ပင်ရင်းဒေသစည်းမျဉ်းများ ရေးသားဖော်ပြထားမှု

၁၉။ ကုန်ပစ္စည်းတစ်ခုအတွက် AANZFTA ROO နှင့်ကိုက်ညီမှု ရှိ/မရှိကို သိရှိရန် အောက်ပါအဆင့်များကို လိုက်နာဆောင်ရွက်ရမည် -

**အဆင့် (၁)**။ ကုန်ပစ္စည်းသည် ပင်ရင်းဒေသစည်းမျဉ်းအခန်း၏ စည်းမျဉ်း ၃ တွင် သတ်မှတ်ထားသည့် အတိုင်း **(အကွက် ၁ ရှု)** အပြည့်အဝရရှိသော (သို့) ထုတ်လုပ်သော ကုန်ပစ္စည်းတစ်ခုအတွက် AANZFTA လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ (သို့) ကုန်ပစ္စည်းသည် ပင်ရင်းဒေသစည်းမျဉ်း အခန်း၏စည်းမျဉ်း ၂.၁(ဂ) အရ အဖွဲ့ဝင်တစ်နိုင်ငံ (သို့) တစ်နိုင်ငံထက်ပိုသော နိုင်ငံများမှ ပင်ရင်းကုန်ပစ္စည်းများဖြင့် အဖွဲ့ဝင်နိုင်ငံတစ်ခု အတွင်း၌ ထုတ်လုပ်ထားခြင်း ဟုတ်/မဟုတ်ကို စစ်ဆေးရပါမည်။ ကုန်ပစ္စည်းသည် ယင်းသတ်မှတ်ချက်များမှ တစ်ခုခုနှင့် ကိုက်ညီပါက AANZFTA ၏ ပင်ရင်းကုန်ပစ္စည်းတစ်ခုအဖြစ် မှတ်ယူနိုင်သည်။ အကယ်၍ ကုန်ပစ္စည်းသည် ယင်းသတ်မှတ်ချက်များနှင့် မကိုက်ညီပါက အဆင့် (၂) အတိုင်း ဆက်လက်လုပ်ဆောင်ရမည်။

**အဆင့်(၂)**။ ကုန်ပစ္စည်းသည် သဘောတူစာချုပ်၏ နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားသည့် ကုန်စည်ကို အခြေခံသော သီးသန့်စည်းမျဉ်း (PSR) နှင့် ကိုက်ညီမှုရှိ/မရှိကို စစ်ဆေးပါ။ အကယ်၍ ကုန်ပစ္စည်းသည် နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားသည့်အတိုင်း အကောက်ခွန်ခေါင်းစဉ်ခွဲတစ်ခုခုနှင့် ကိုက်ညီပါက AANZFTA ပင်ရင်းကုန်ပစ္စည်းအဖြစ် မှတ်ယူနိုင်ရန် ယင်းနောက်ဆက်တွဲ Column (၄) တွင် ဖော်ပြထားသည့် PSR နှင့် ကိုက်ညီမှုရှိရန် လိုအပ်ပါသည်။ အကယ်၍ ကုန်ပစ္စည်းသည် နောက်ဆက်တွဲ (၂) နှင့် ကိုက်ညီမှုမရှိပါက အဆင့် (၃) အတိုင်း ဆက်လက်လုပ်ဆောင်ရမည်။

**အဆင့် (၃)**။ အဆင့် (၁) နှင့် အဆင့် (၂) တို့နှင့် ကိုက်ညီမှုမရှိသော ကုန်ပစ္စည်းများအတွက် ပင်ရင်းဒေသစည်းမျဉ်းအခန်း၏ စည်းမျဉ်း ၄.၁ တွင် သတ်မှတ်ဖော်ပြထားသော ယေဘူယျစည်းမျဉ်းကို ကျင့်သုံးရမည်။ ကုန်ပစ္စည်းတစ်ခုသည် အောက်ဖော်ပြပါ RVC (သို့မဟုတ်) CTC သတ်မှတ်ချက်တစ်ခုခုနှင့် ကိုက်ညီပါက ၎င်းအား AANZFTA ၏ပင်ရင်းကုန်ပစ္စည်းအဖြစ် မှတ်ယူနိုင်သည့် ယေဘူယျစည်းမျဉ်းအဖြစ်သတ်မှတ်ထားပါသည် -

(က) ၎င်းကုန်ပစ္စည်း၌ RVC ၄၀% ထက်မနည်းပါဝင်ပြီး၊ ထုတ်လုပ်မှု နောက်ဆုံး ဖြစ်စဉ်ကို AANZFTA အဖွဲ့ဝင်နိုင်ငံအတွင်း၌ ဆောင်ရွက်သောအခါ၊

( သို့မဟုတ် )

( ခ ) ထုတ်လုပ်မှုတွင် အသုံးပြုသော ပင်ရင်းမဟုတ်သော ကုန်ပစ္စည်းများအားလုံးသည် ဂဏန်း (၄) လုံးအဆင့်၌ အကောက်ခွန်သတ်မှတ်ချက် ပြောင်းလဲသွားစေရန် ဆောင်ရွက်သောအခါ (အကောက်ခွန်ခေါင်းစဉ်ပြောင်းလဲခြင်း ဖြစ်ပါသည်)၊

၂၀။ ဤလမ်းညွှန်စာစောင်၏ အပိုင်း (၅) နှင့် (၆) သည် AANZFTA တွင်အသုံးပြုသော ဒေသတွင်း တန်ဖိုးပါဝင်မှု (RVC) နှင့် အကောက်ခွန် H.S Code သတ်မှတ်ချက် ပြောင်းလဲမှု (CTC) သတ်မှတ်ချက် အသုံးပြုပုံများကို အသေးစိတ်ဖော်ပြထားပါသည်။

**အကွက် (၁) အပြည့်အဝပြည်တွင်းထုတ်ကုန်**

စည်းမျဉ်း ၂.၁ (က) (ပင်ရင်းကုန်ပစ္စည်းများ) အရ အောက်ပါကုန်ပစ္စည်းများအား အပြည့်အဝ ပြည်တွင်းထုတ်ကုန်များအဖြစ်သတ်မှတ်ရပါသည် -

(က) အဖွဲ့ဝင်နိုင်ငံအတွင်းစိုက်ပျိုးသော၊ ရိတ်သိမ်းသော၊ ခူးယူသော (သို့) စုစည်းရရှိသော အသီးများ၊ ပန်းများ၊ ဟင်းသီးဟင်းရွက်များ၊ အပင်များ၊ ပင်လယ်ရေမှော်များ၊ မှို့နှင့် အပင်အရှင်များ ပါဝင်သည့် အပင်နှင့် အပင်ထွက်ပစ္စည်းများ၊

( ခ ) အဖွဲ့ဝင်နိုင်ငံအတွင်း မွေးဖွားသော၊ ကြီးပြင်းသောတိရိစ္ဆာန်အရှင်များ၊

( ဂ ) အဖွဲ့ဝင်နိုင်ငံအတွင်း တိရိစ္ဆာန်အရှင်များမှရရှိသော ကုန်ပစ္စည်းများ၊

(ဃ) အဖွဲ့ဝင်နိုင်ငံအတွင်း အမဲလိုက်ခြင်း၊ ထောင်ချောက်ဆင်ခြင်း၊ ငါးဖမ်းခြင်း၊ ထွန်ယက် စိုက်ပျိုးခြင်း၊ စုစည်းခြင်း (သို့) ဖမ်းဆီးခြင်းဖြင့်ရရှိသော ကုန်ပစ္စည်းများ၊

( င ) အဖွဲ့ဝင်နိုင်ငံ၏မြေဆီလွှာ၊ ရေ၊ ပင်လယ်ပြင်(သို့) ပင်လယ်ကြမ်းပြင်အောက်မှ ထုတ်ယူသော (သို့) ရရှိသောသတ္တုနှင့် အခြားသယံဇာတပစ္စည်းများ၊

( စ ) နိုင်ငံတာကာဥပဒေအရ အဖွဲ့ဝင်နိုင်ငံတွင် မှတ်ပုံတင်ထားပြီး၊ ယင်းနိုင်ငံ၏ အလံလွှင့်ထူရန် အခွင့်အရေးရှိသော မည်သည့်ရေယာဉ်မဆို နိုင်ငံပိုင်ရေပိုင်နက်ပြင်ပမှ ရရှိသော ပင်လယ်ငါးနှင့် အခြားပင်လယ်ရေထွက်ပစ္စည်းများ၊

(ဆ) အပိုဒ်ခွဲ(စ)ပါ အဖွဲ့ဝင်နိုင်ငံတွင် မှတ်ပုံတင်ထားပြီး၊ ယင်းနိုင်ငံ၏ အလံလွှင့်ထူရန် အခွင့်အရေးရှိသော မည်သည့် စက်ရုံသင်္ဘောမှမဆို ထုတ်လုပ်သောကုန်ပစ္စည်းများ၊

( ဇ ) အဖွဲ့ဝင်နိုင်ငံ (သို့) အဖွဲ့ဝင်နိုင်ငံ၏လူပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့က နိုင်ငံတကာ ဥပဒေအရ စူးစမ်းရှာဖွေပိုင်ခွင့်အောက်၌ အခြားအဖွဲ့ဝင်နိုင်ငံများမှ ဆုံးဖြတ်သောစီးပွားရေးဇုန် ပြင်ပရှိ ပင်လယ်ကြမ်းပြင် (သို့) ပင်လယ် ကြမ်းပြင်အောက်နှင့် အဖွဲ့ဝင်နိုင်ငံ၏ ကမ်းလွန်ဒေသ ကပ်လျက်နှင့် ဇရိယာပြင်ပမှ ရရှိသောကုန်ပစ္စည်းများ၊

( ဈ ) ကုန်ပစ္စည်းများသည် -

(၁) အဖွဲ့ဝင်နိုင်ငံအတွင်း ကုန်ကြမ်းအဖြစ်သာ ပြန်လည်အသုံးပြုနိုင်သော ထုတ်လုပ်မှုနှင့် စားသုံးမှုများမှရရှိသည့် အပိုင်းအစနှင့် အလေအလွင့်များ၊

(၂) အဖွဲ့ဝင်နိုင်ငံအတွင်း ကုန်ကြမ်းအဖြစ်သာ ပြန်လည်အသုံးပြုနိုင်သော အဖွဲ့ဝင်နိုင်ငံအတွင်း စုဆောင်းရရှိသောအသုံးပြုပြီးပစ္စည်းများ၊

(ည) အပိုဒ်ခွဲ (က) မှ (ဈ) အတွင်းပါရှိသော ကုန်ပစ္စည်းများမှ အဖွဲ့ဝင်နိုင်ငံအတွင်း ထုတ်လုပ်သော (သို့) ရရှိသောကုန်ပစ္စည်းများ၊

## အပိုင်း(၅)

## ဒေသတွင်းတန်ဖိုးပါဝင်မှုတွက်ချက်ခြင်း

၂၁။ အထက်တွင် တင်ပြခဲ့သကဲ့သို့ ပင်ရင်းကုန်ပစ္စည်းများ၏ အခြေအနေအား CTC တွက်ချက်မှု နည်းလမ်း (သို့) RVC တွက်ချက်မှုနည်းလမ်း တစ်ခုခုကို အသုံးပြု၍ အကောက်ခွန်ခေါင်းစဉ်ခွဲ အားလုံး၏ ၈၃% ကို သတ်မှတ်ဆုံးဖြတ်နိုင်သည်။ အကောက်ခွန်ခေါင်းစဉ်ခွဲများ၏ အခြား ၁% သည် RVC နည်းလမ်း တစ်ခုတည်း ကိုသာအသုံးပြုရန် လိုအပ်သည်။ AANZFTA တွင် RVC တွက်ချက်နိုင်သော နည်းလမ်း (၂) ခုရှိပါသည်။ "တိုက်ရိုက်တွက်နည်း (Direct Formula)"ဖြင့် တွက်ချက်ခြင်းနှင့် "သွယ်ဝိုက်တွက်နည်း (Indirect / Build Down Formula)" ဖြင့် တွက်ချက်ခြင်းတို့ဖြစ်သည်။ တွက်ချက်မှုအားလုံးတွင် AANZFTA အရ ကုန်ပစ္စည်း တစ်ခုအား ပင်ရင်းကုန်ပစ္စည်းအဖြစ်မယူဆမီ RVC သည် ကုန်ပစ္စည်း၏ FOB တန်ဖိုး၏အနည်းဆုံး ၄၀% နှင့် ညီမျှရပါမည်။

၂၂။ မတူညီသောတွက်ချက်မှုပုံစံ (၂) ခုကို နောက်တစ်ခန်းတွင် နမူနာ တွက်ချက်မှုပုံစံများဖြင့် ပြည့်စုံစွာ ရှင်းလင်းတင်ပြထားပါသည်။ **နောက်ဆက်တွဲ(၂)** တွင် တွက်ချက်မှုပုံစံများနှင့် လေ့ကျင့်ခန်းများစွာ ထည့်သွင်း ထားပါသည်။

**တိုက်ရိုက်တွက်နည်း (Direct Formula)**

၂၃။ တိုက်ရိုက်တွက်နည်း တွက်ချက်မှုမှာ အောက်ပါညီမျှခြင်းပုံစံ ဖြစ်ပါသည် -

$$\text{ဒေသတွင်းတန်ဖိုးပါဝင်မှု(RVC)} = \frac{\text{AANZFTA ကုန်ပစ္စည်းစရိတ်} + \text{အလုပ်သမားခ} + \text{ထုတ်လုပ်မှုစရိတ်} + \text{အမြတ်} + \text{အခြားစရိတ်များ}}{\text{FOB (ကုန်တင်ပို့သည့် ဆိပ်ကမ်းရောက် ကုန်ပစ္စည်းတန်ဖိုး)}} \times ၁၀၀\ \%$$

**အကွက် (၂) တိုက်ရိုက်တွက်နည်း တွက်ချက်မှု နမူနာပုံစံ**

ဗီယက်နမ်မှ ကုလားထိုင်ထုတ်လုပ်သူတစ်ဦးသည် ကုလားထိုင် (၄) စုံကို ဒေါ်လာ ၁,၈၀၀,၀၀၀ ဖြင့် ရောင်းချသည်။ ထုတ်လုပ်သူသည် သစ်သားကုန်ကြမ်းနှင့် သတ္တုဝက်အူကို တရုတ်နိုင်ငံမှ ဒေါ်လာ ၁,၀၅၂,၂၀၀ ဖြင့်တင်သွင်းသည်။ AANZFTA ပင်ရင်းဖြစ်သော ပလပ်စတစ် အစိတ်အပိုင်းများကို စင်ကာပူမှ ဒေါ်လာ ၂၈၅,၀၀၀ ဖိုးနှင့် AANZFTA ပင်ရင်းဖြစ်သော သတ္တုအစိတ်အပိုင်းများကို နယူးဇီလန်နိုင်ငံမှ ဒေါ်လာ ၁၆၉,၀၀၀ ဖိုးတင်သွင်းခဲ့ပြီး၊ ၎င်းကိုယ်တိုင် ၎င်း၏ကိုယ်ပိုင်ပစ္စည်းများဖြင့် ကြိမ်ထိုင်ခုံများကို ကုလားထိုင်တစ်စုံလျှင် ဒေါ်လာ ၁၆၀,၀၀၀ ဖြင့် ထုတ်လုပ်သည်။ ကုလားထိုင်တစ်စုံလျှင် ထုတ်လုပ်သောအလုပ်သမားခ ဒေါ်လာ ၄၄,၅၀၀၊ ထုတ်လုပ်ခ စရိတ်ပေါင်း ဒေါ်လာ ၂၇,၀၀၀၊ ဟိုင်ပေါင်သို့ သင်္ဘောခနှင့် သင်္ဘောတင်ခ ကုလားထိုင်တစ်စုံလျှင် ဒေါ်လာ ၉,၀၀၀ ကုန်ကျပြီး၊ ထုတ်လုပ်သူသည် ရောင်းချရမှုမှ အမြတ် ၃% (ဒေါ်လာ ၅၃,၃၀၀) ရရှိပါသည်။ အဆိုပါကုလားထိုင် (၄)စုံသည် AANZFTA RVC နှင့်ကိုက်ညီမှုရှိပါသလား။

AANZFTA ကုန်ပစ္စည်း + အလုပ်သမားခ + ထုတ်လုပ်မှုစရိတ် + အမြတ် + အခြားစရိတ်များ

ဒေသတွင်းတန်ဖိုးပါဝင်မှု(RVC) = ———————————————————— x ၁၀၀ %

FOB (ကုန်တင်ပို့သည့် ဆိပ်ကမ်းရောက် ကုန်ပစ္စည်းတန်ဖိုး)

RVC = (၂၈၅,၀၀၀ + ၁၆၉,၀၀၀ +၁၆၀,၀၀၀) + ၄၄,၅၀၀ + ၂၇,၀၀၀ + ၅၃,၃၀၀ + ၉,၀၀၀ / ၁,၈၀၀,၀၀၀ = ၇၄၇,၈၀၀ / ၁,၈၀၀,၀၀၀ x ၁၀၀ %

RVC = ၄၁.၅ %

ကုလားထိုင်များသည် AANZFTA ၏ RVC ၄၀ % နှင့် ကိုက်ညီမှုရှိပြီး “ပင်ရင်းကုန်ပစ္စည်း” များဖြစ်ပါသည်။

**သွယ်ဝိုက်တွက်နည်း (Indriect / Build – Down Formula)**

၂၄။ ကုန်ပစ္စည်းထုတ်လုပ်သူသည် ကုန်ပစ္စည်းများထုတ်လုပ်ရာတွင်အသုံးပြုသော ပင်ရင်းမဟုတ်သည့် ပစ္စည်းများ၏ တန်ဖိုးကို သင့်လျော်မှန်ကန်စွာသတ်မှတ်နိုင်ပါက သွယ်ဝိုက်တွက်နည်း (Indriect / Build - Down Formula) ဖြစ်သော ညီမျှခြင်းကို အသုံးပြုပါသည်။ ယင်းအားအောက်ပါအတိုင်းတွက်ချက်ပါသည် -

$$\text{ဒေသတွင်းတန်ဖိုးပါဝင်မှု (RVC)} = \frac{\text{FOB (ဆိပ်ကမ်းရောက် ကုန်ပစ္စည်းတန်ဖိုး) - ပင်ရင်းမဟုတ်သောပစ္စည်းများ၏တန်ဖိုး}}{\text{FOB (ဆိပ်ကမ်းရောက် ကုန်ပစ္စည်းတန်ဖိုး)}} \times ၁၀၀\%$$

၂၅။ အကယ်၍ ဤတွက်ချက်မှုအား အကွက် (၂) မှ ဗီယက်နမ် စားပွဲ ထုတ်လုပ်မှု နမူနာ/ ဥပမာကို အသုံးပြု၍တွက်ချက်မည်ဆိုပါက ထုတ်လုပ်သူသည် တရုတ်နိုင်ငံမှ သစ်သားနှင့် သတ္တုဝက်အူ တင်သွင်းမှုအတွက် ဒေါ်င ၁,၀၅၂,၂၀၀ ကိုအသုံးပြုသည်ဟု ယူဆရမည်ဖြစ်ပြီး၊ အောက်ပါအတိုင်း တွက်ချက်နိုင်ပါသည် -

$$\text{RVC} = \frac{\text{ဒေါ်င ၁,၈၀၀,၀၀၀ - ဒေါ်င ၁,၀၅၂,၂၀၀}}{\text{ဒေါ်င ၁,၈၀၀,၀၀၀}} = \frac{၇၄၇,၈၀၀}{၁,၈၀၀,၀၀၀} \times ၁၀၀\% = ၄၁.၅\%$$

(ဤဥပမာသည် RVC တွက်ချက်နည်းများအား ရှင်းပြရန်အတွက် အသုံးပြုထားခြင်းဖြစ်ပါသည်။ AANZFTA ROO ပေါင်းစပ်မှုစည်းမျဉ်းသည် ဖန်တီးထားသည့် ဗီယက်နမ်ကုလားထိုင်ထုတ်လုပ်သူအား ကုလားထိုင်ထုတ်လုပ်ရာတွင် ကိုယ်တိုင်ထုတ်လုပ်သည့် သွင်းအားစုကဲ့သို့ပင် ဩစတြေးလျနှင့် နယူးဇီလန်မှ သွင်းအားစုများကိုလည်း ထည့်သွင်းတွက်ချက်ရန် ခွင့်ပြုထားပါသည်။ သို့သော် ဩစတြေးလျနှင့် နယူးဇီလန်မှ သွင်းအားစုများသည် AANZFTA ROO နှင့် ကိုက်ညီသည့်အခါမှသာလျှင် ၎င်းကုန်ပစ္စည်းများအား AANZFTA ပင်ရင်းအဖြစ် ယူဆနိုင်ပါသည်။)

| အကွက် ၃ - ဒေသတွင်းတန်ဖိုးပါဝင်မှု အဓိပ္ပါယ်ဖော်ပြချက်များ | | |
|---|---|---|
| AANZFTA ပစ္စည်းများတန်ဖိုး | = | ပင်ရင်းကုန်ပစ္စည်းများ၊ အစိတ်အပိုင်းများ (သို့) ထုတ်ကုန်များကို ထုတ်လုပ်ရာမှရရှိသောတန်ဖိုး၊ |
| အလုပ်သမားခ | = | လုပ်ခ၊ လစာနှင့် အခြားအလုပ်သမားခံစားခွင့်များ၊ |
| ထုတ်လုပ်မှုစရိတ် | = | ထုတ်လုပ်သူ၏ စုစုပေါင်းကုန်ကျစရိတ်များ၊ |
| အခြားကုန်ကျစရိတ်များ | = | ဒေသတွင်းသယ်ယူပို့ဆောင်ခ၊ သိုလှောင်ခနှင့် သိုလှောင်ရုံငှားရမ်းခ၊ ဆိပ်ကမ်း၌ ကုန်ပစ္စည်းကိုင်တွယ်ပြောင်းရွှေ့ခ၊ ပွဲစားခနှင့် ဝန်ဆောင်မှုစရိတ်များပါဝင်သော ကုန်ပစ္စည်းပြည်ပသို့တင်ပို့သင်္ဘောတင်မှုနှင့် အခြားသယ်ယူပို့ဆောင်မှု စရိတ်စကများ၊ |
| ဆိပ်ကမ်းရောက်ကုန်ပစ္စည်း တန်ဖိုး(FOB) | = | ဆိပ်ကမ်း (သို့)နောက်ဆုံးသင်္ဘောတင်မည့် သင်္ဘောပေါ်အရောက် သယ်ယူပို့ဆောင်စရိတ်ပါဝင်သည်။ ဤတန်ဖိုးသည် GATT ၏ အကောက်ခွန်တန်ဖိုး စည်းကြပ်မှုသတ်မှတ်ချက်နှင့် ကိုက်ညီရမည် ဖြစ်သည်။ |
| ပင်ရင်းမဟုတ်သောပစ္စည်းများတန်ဖိုး | = | ကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသည့် ပင်ရင်းမဟုတ်သော အစိတ်အပိုင်းများ (သို့မဟုတ်) ထုတ်ကုန်များအတွက် ကုန်ပစ္စည်း တင်သွင်းချိန်၌ ပေးချေရသော CIF တန်ဖိုးဖြစ်ပါသည်။ ပင်ရင်း မဟုတ်သောပစ္စည်းများ၌ ပင်ရင်းအဖြစ် မသတ်မှတ်နိုင်သော ပစ္စည်းများလည်းပါဝင်သည်။ သို့သော်ကိုယ်တိုင် ထုတ်လုပ်သည့် ပစ္စည်းများကို မထည့်သွင်းရပါ။ |
| CIF (Cost, Insurance & Freight) | = | တင်သွင်းလာသော ကုန်ပစ္စည်းများ၏တန်ဖိုးနှင့် တင်သွင်းသည့် နိုင်ငံ၏ဝင်ပေါက် (သို့) ဆိပ်ကမ်းသို့ သယ်ယူပို့ဆောင်ခနှင့်အာမခံ ကြေးတို့ပါဝင်သည်။ ဤတန်ဖိုးအား GATT ၏ အကောက်ခွန် တန်ဖိုးစည်းကြပ်မှုသတ်မှတ်ချက်နှင့်အညီတွက်ချက်ရမည်။ |

**အနိမ့်ဆုံးလုပ်ဆောင်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်**

၂၆။ အဆိုပါ အနိမ့်ဆုံးလုပ်ဆောင်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များအား AANZFTA အတွက် ROO အရ RVC နှင့်ကိုက်ညီသည်ဟု မယူဆနိုင်ပါ။ အဆိုပါဆောင်ရွက်မှုများအား ၎င်းတို့ကိုယ်တိုင်ဖြစ်စေ (သို့) တစ်ခုနှင့် တစ်ခုပေါင်းစပ်၍ဖြစ်စေ ဆောင်ရွက်ပါက အောက်ဖော်ပြပါတို့အား RVC တွက်ချက်မှုတွင် ထည့်သွင်း တွက်ချက်ခြင်းမပြုလုပ်နိုင်ပါ။

- သယ်ဆောင် (သို့) သိုလှောင်ရာတွင် ကုန်ပစ္စည်းအား ပုပ်သိုးပျက်စီးမှုမဖြစ်စေရေးအတွက် ပြုပြင်ထိမ်းသိမ်းခြင်း၊

- သင်္ဘောတင်ခြင်းနှင့် သယ်ယူပို့ဆောင်ရေး အဆင်ပြေချောမွေ့စေရန်ဆောင်ရွက်ခြင်း၊
- ထုတ်ပိုးခြင်း (အီလက်ထရွန်းနစ်ပစ္စည်းများ ထည့်သွင်းဆောင်ရွက်ခြင်းနှင့် မသက်ဆိုင်ပါ) (သို့) သယ်ယူပို့ဆောင်ရန် (သို့) ရောင်းချရန်အတွက် ကုန်ပစ္စည်းများပြသခြင်း၊
- ဆန်ကာချခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ လျှော်ဖွပ်ခြင်း၊ ဖြတ်ခြင်း၊ လှီးခြင်း၊ ကွေးခြင်း၊ ခွေခြင်းနှင့် ဖြည့်ခြင်းတို့ပါဝင်သည့် ရိုးရှင်းသည့်လုပ်ဆောင်ချက်များနှင့် အခြားအလားတူ ရိုးရှင်းသောလုပ်ဆောင်ချက်များ၊
- ကုန်ပစ္စည်းများ (သို့) ၎င်းတို့၏ ထုပ်ပိုးခွံများပေါ်တွင် အမှတ်အသားပြုခြင်း၊ တံဆိပ်ကပ်ခြင်း (သို့) အခြားအလားတူ အမှတ်အသားခွဲခြားခြင်း၊
- ကုန်ပစ္စည်း၏ အရည်အသွေး ၊ စရိုက်လက္ခဏာကို များစွာမပြောင်းလဲစေသော ရေ (သို့) အခြားအရာများဖြင့်ရောနှောခြင်း၊

**အကွက် ၄ - CTC နှင့် RVC ခွင့်ပြုမှုများ**

ဤအချက်တွင် CTC နည်းလမ်းနှင့်ပတ်သက်သည့်အထူးခွင့်ပြုမှုများကို RVC တွက်ချက်မှုဖြင့် ခွင့်မပြုကြောင်း ထပ်တလဲလဲအသိပေးရန်မှာ အရေးကြီးပါသည်။

အနည်းဆုံးပါဝင်မှုသတ်မှတ်ချက်သည် ပင်ရင်းကုန်ပစ္စည်း မဟုတ်သည့်ပစ္စည်းကို အကောက်ခွန် H.S Code သတ်မှတ်ချက်မပြောင်းလဲသည့် ကိစ္စတွင် ကုန်ပစ္စည်း၏ တန်ဖိုး ၁၀% အထိပါဝင်မှုကို ခွင့်ပြုပါသည်။ အဆိုပါ တွက်ချက်မှုသည် RVC တွက်ချက်သည့် ကိစ္စတွင် အသုံးမပြုနိုင်ပါ။

CTC နည်းလမ်းအရ ကုန်ရောင်းစာချုပ်တွင် သီးခြားမဖော်ပြဘဲ ကုန်ပစ္စည်းနှင့်အတူပါရှိသော ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများနှင့်ကိရိယာများအား CTC သတ်မှတ်ဆုံးဖြတ်ချက်များအတွက် ယေဘူယျအားဖြင့် ထည့်သွင်းတွက်ချက်ခြင်းမပြုပါ။ သို့သော် အဆိုပါပစ္စည်းများ၏ တန်ဖိုးများအား RVC တွက်ချက်ရာတွင်မူ ထည့်သွင်းရမည်ဖြစ်ပါသည်။

CTC နည်းလမ်းအရ လက်လီရောင်းချမှုအတွက် ကုန်ပစ္စည်းတစ်ခုကို ထုတ်ပိုးထားသော ထုတ်ပိုးမှုပစ္စည်းများနှင့် ထုတ်ပိုးခွံများ၊ သေတ္တာများအား ကုန်ပစ္စည်းနှင့်အတူ အမျိုးအစား သတ်မှတ်သောအခါ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသော ပင်ရင်းမဟုတ်သော ကုန်ကြမ်းများအားလုံးသည် အကောက်ခွန် H.S Code သတ်မှတ်ချက် ပြောင်းလဲမှုနှင့် ကိုက်ညီသော်လည်း ထည့်သွင်းတွက်ချက်ခြင်း မပြုပါ။ သို့သော် RVC တွက်ချက်ရာတွင် ထုတ်ပိုးပစ္စည်းများနှင့် ထည့်သွင်းသေတ္တာများ၏ တန်ဖိုးကို ပင်ရင်းပစ္စည်းများ(သို့) ပင်ရင်းမဟုတ်သော ပစ္စည်းများအဖြစ် ထည့်သွင်းတွက်ချက်သည်။

**အပိုင်း(၆)**

**အကောက်ခွန် H.S Code သတ်မှတ်ချက်ပြောင်းလဲခြင်း (CTC)**

၂၇။ **CTC စည်းမျဉ်းကို ပင်ရင်းမဟုတ်သော ကုန်ကြမ်းပစ္စည်းများဖြင့်ပြုလုပ်ထားသည့် ပစ္စည်းများအတွက် သာ အသုံးပြုသည်။** CTC သတ်မှတ်ချက်နှင့် ကိုက်ညီရန်အတွက် ကုန်ပစ္စည်းတစ်ခုထုတ်လုပ်ရာတွင် အသုံးပြုသောပင်ရင်းမဟုတ်သည့်ပစ္စည်းတစ်ခု (သို့) အစိတ်အပိုင်းတစ်ခုသည် နောက်ဆုံးထုတ်လုပ်လိုက်သော ကုန်ပစ္စည်းနှင့် အကောက်ခွန်စည်းဝါးညီစနစ် (Harmonized System - H.S) အရ တူညီသော အကောက်ခွန်လိုင်း မဖြစ်ရပါ။ FTA ဒေသအတွင်း၌ ပင်ရင်းမဟုတ်သည့်ပစ္စည်းများကို လိုအပ်သော ပြောင်းလဲမှုရရှိအောင် ထုတ်လုပ်ပါက FTA ၏ထုတ်လုပ်သော ကုန်ပစ္စည်းများအဖြစ် သတ်မှတ်ဆုံးဖြတ်နိုင်ရန် CTC စည်းမျဉ်းများကို ရေးဆွဲထားပါသည်။

၂၈။ CTC စည်းမျဉ်းနှင့်ကိုက်ညီမှုရှိစေရန်အတွက် မည်ကဲ့သို့လုပ်ဆောင်သည်ကိုသိရှိရန် ဥပမာတစ်ခုကို ဖော်ပြလိုပါသည်။ မလေးရှားအခြေစိုက်ကုမ္ပဏီတစ်ခုသည် ဖုန်စုပ်စက်များကို ထုတ်လုပ်ပြီး၊ ဩစတြေးလျနှင့် နယူးဇီလန်ဈေးကွက်များသို့ရောင်းချလိုသည်ဟုယူဆကြပါစို့။ ကုမ္ပဏီမှထုတ်လုပ်သော ဖုန်စုပ်စက်များအား အကောက်ခွန် H.S ခေါင်းစဉ် 8508 နှင့် H.S ခေါင်းစဉ်ခွဲ 8508.11 အောက်တွင် သတ်မှတ်ထားပါသည်။ ဖုန်စုပ်စက်များအတွက် AANZFTA ROO မှာ CTC နည်း (အကောက်ခွန် H.S Code သတ်မှတ်ချက် ပြောင်းလဲခြင်း)၊ RVC နည်း (RVC ၄၀% အနည်းဆုံးပါဝင်ရမည်) (သို့မဟုတ်) ၎င်းနည်းလမ်း နှစ်ခု ပေါင်းစပ် သည့်နည်းဖြစ်သော (အကောက်ခွန် ခေါင်းစဉ်ခွဲပြောင်းလဲသွားသော ကုန်ပစ္စည်းသည် RVC ၃၅% အနည်းဆုံးရှိသည်) တို့အနက်မှ သင့်တော်သည့်နည်းကိုသုံးနိုင်ပါသည်။ မလေးရှားဖုန်စုပ်စက်ထုတ်လုပ်သူသည် ပစ္စည်း (သို့) အစိတ်အပိုင်း အများစုကို ၎င်းနိုင်ငံအတွင်းရှိ (သို့) AANZFTA အတွင်းရှိ အခြားအရင်းအမြစ်များမှ ရရှိပြီး၊ သံမဏိ Spring (H.S 7320) ကို တရုတ်နိုင်ငံမှလည်းကောင်း၊ လျှပ်စစ်မော်တာ (H.S 8412) ကို ဂျပန် နိုင်ငံမှလည်းကောင်း၊ Ball Bearing (H.S 8482) ကို ဂျာမနီနိုင်ငံမှလည်းကောင်း တင်သွင်းပါသည်။

၂၉။ အဆိုပါကိစ္စတွင် AANZFTA အရ ဩစတြေးလျနှင့် နယူးဇီလန်ဈေးကွက်များသို့တင်ပို့သော ဖုန်စုပ်စက်သည် CTC နည်းလမ်းအရ မလေးရှားနိုင်ငံ၏ ပင်ရင်းကုန်ပစ္စည်းအဖြစ် အရည်အချင်းကိုက်ညီပါသည်။ အဘယ်ကြောင့်ဆိုသော် တင်သွင်းခဲ့သည့် ပင်ရင်းမဟုတ်သည့်အစိတ်အပိုင်းများ၏ အကောက်ခွန်ခေါင်းစဉ်သည် ဖုန်စုပ်စက်များပါဝင်သည့် အကောက်ခွန် H.S ခေါင်းစဉ် 8508 နှင့်ကွဲပြားခြားနားနေသောကြောင့်ဖြစ်ပါသည်။ အဆိုပါကုန်ပစ္စည်းသည် အကောက်ခွန် H.S ခေါင်းစဉ်ခွဲ 8508.11 ဖြစ်ပါက အခြားစစ်ဆေးချက် ၂ ခု အနက် တစ်ခုခု၏ အရည် အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီနိုင်ပါသည်။ သို့သော် ကုန်ပစ္စည်းတစ်ခုသည် စည်းမျဉ်းတစ်ခုနှင့်သာ ကိုက်ညီရန်လိုအပ်သည်ဟု AANZFTA ROO တွင်ဖော်ပြထားသောကြောင့် ထပ်မံစိစစ်ရန်မလိုအပ်တော့ပါ။

**ပုံစံ ၁**

**CTC နည်းကိုအသုံးပြုခြင်း**




၃၀။ အချို့သောကိစ္စရပ်များတွင် AANZFTA ၌ ကုန်သွယ်သောကုန်ပစ္စည်းများအတွက် ကုန်စည်ကို အခြေခံသော ပင်ရင်းဒေသစည်းမျဉ်းများက အကောက်ခွန် H.S Code သတ်မှတ်ချက်ပြောင်းလဲမှုသည် H.S ဂဏန်း ၂ လုံးအဆင့်၌ အကောက်ခွန်အခန်း (Chapter) ပြောင်းလဲရမည်ဟု သတ်မှတ်ပါသည်။ အချို့သောကိစ္စရပ်များတွင် H.S ဂဏန်း ၄ လုံး အဆင့်၌ အကောက်ခွန်ခေါင်းစဉ် (Heading) ပြောင်းလဲရပါမည်။ အချို့သော ကုန်ပစ္စည်းများအတွက် H.S ဂဏန်း ၆ လုံး အဆင့် အကောက်ခွန်ခေါင်းစဉ်ခွဲ (Sub Heading) ပြောင်းလဲရပါမည်ဟု သတ်မှတ်ထားပါသည်။ AANZFTA ၏ **နောက်ဆက်တွဲ** ၂ မှ ထုတ်နုတ်ဖော်ပြထားသော အချို့ဥပမာများက ၎င်းတို့ကို ရှင်းလင်းတင်ပြထားပါသည်။

**ဇယား ၁**

**အကောက်ခွန် H.S Code သတ်မှတ်ချက်ပြောင်းလဲသည့် ပင်ရင်းဒေသစည်းမျဉ်း (CTC ROO) ၏ လုပ်ငန်းဆောင်ရွက်ပုံ**

| **အကောက်ခွန် H.S Codeသတ်မှတ်ချက် ဂဏန်း ၂ လုံးအဆင့်၌ H.S Code အခန်းပြောင်းလဲခြင်း** | | | |
|---|---|---|---|
| **အကောက်ခွန် ခေါင်းစဉ်** | **အကောက်ခွန် ခေါင်းစဉ်ခွဲ** | **ကုန်ပစ္စည်းအမျိုးအမည်** | **ကုန်စည်ကိုအခြေခံသည့်ပင်ရင်းဒေသ သီးသန့်စည်းမျဉ်း** |
| ၅၈၀၆ | ၅၈၀၆.၃၁ | ယက်လုပ်ထားသော အခြားချည်ထည် | အကောက်ခွန် H.S Code သတ်မှတ်ချက် ဂဏန်း ၂ လုံးအဆင့်၌ H.S Code အခန်းပြောင်းလဲခြင်း (CC) |

၃၁။ H.S Code ဂဏန်း ၂ လုံးအဆင့်၌ အခန်းခေါင်းစဥ် "၅၈"မှာ "Narrow Woven Fabrics" ဖြစ်ပါသည်။ ချည်ထည်ယက်လုပ်ရန်အတွက် ထည့်သွင်းထားသည့်ချည်မျှင်ကို အကောက်ခွန် H.S Code သတ်မှတ်ချက် ဂဏန်း ၂ လုံးအဆင့်၌ H.S Code အခန်း ၅၂ ၏ "ချည်မျှင်" (ဥပမာ- ၅၂၀၆.၂၅) ဟုသတ်မှတ်သည်။ ပင်ရင်းမဟုတ်သောချည်မျှင် အခန်း ၅၂ မှ ချည်ထည် အခန်း ၅၈ သို့ ပြောင်းလဲထုတ်လုပ်လိုက်သဖြင့် အကောက်ခွန် H.S Code သတ်မှတ်ချက်၏ အခန်းပြောင်းလဲသွားခြင်းကို AANZFTA အရ ပင်ရင်းကုန်ပစ္စည်းအဖြစ် သတ်မှတ်ပေးပါသည်။

| အကောက်ခွန် H.S Codeသတ်မှတ်ချက် ဂဏန်း ၂ လုံးအဆင့်၌ H.S Code အခန်းပြောင်းလဲခြင်း | | | |
|---|---|---|---|
| အကောက်ခွန် ခေါင်းစဥ် | အကောက်ခွန် ခေါင်းစဥ်ခွဲ | ကုန်ပစ္စည်းအမျိုးအမည် | ကုန်စည်ကိုအခြေခံသည့်ပင်ရင်း ဒေသ သီးသန့်စည်းမျဉ်း |
| ၇၃၂၀ | ၇၃၂၀.၁၂ | လောင်စာအရည်ဖြည့်၍ ချက် ပြုတ်သည့် ချက်ပြုတ်ရေး ပစ္စည်းများနှင့် အပူပေးသည့်ပန်းကန်များ | RVC (40%) (သို့) CTH [သို့မဟုတ်] RVC(35%)+CTSH |

၃၂။ အကောက်ခွန် H.S Code သတ်မှတ်ချက် ဂဏန်း ၄ လုံးအဆင့်တွင် H.S ခေါင်းစဥ် "7321" ၌ "မီးဖိုများ၊ သံမီးဖိုများ၊ထမင်းပေါင်းအိုးများ၊အသားကင်ရန်နှင့်အလားတူပစ္စည်းကင်ရန်ပစ္စည်းများ"ပါဝင်ပါသည်။အကောက်ခွန်H.S ခေါင်းစဥ် "7321" ဖြစ်သော ချက်ပြုတ်ရေးပစ္စည်းတစ်ခုကို အကောက်ခွန် H.S ခေါင်းစဥ် 7318 အောက် ရှိသံ (သို့) သံမဏိဝက်အူနှင့် အကောက်ခွန် H.S ခေါင်းစဥ် 7304 အောက်ရှိ ပိုက်များကို အသုံးပြု ၍ ပေါင်းစပ်ထုတ်လုပ်ထားပါသည်။ အဆိုပါကုန်ကြမ်းပစ္စည်းများသည် ပင်ရင်းမဟုတ်သော ပစ္စည်းများဖြစ်ပြီး အကောက်ခွန် H.S ခေါင်းစဥ် "7321" အောက်ရှိ ချက်ပြုတ်ရေးပစ္စည်းအဖြစ် ပေါင်းစပ်ထုတ်လုပ်ထား၍ AANZFTA ၏ ပင်ရင်းထုတ်ကုန်ပစ္စည်းအဖြစ် သတ်မှတ်ပေးထားပါသည်။

| အကောက်ခွန် H.S Codeသတ်မှတ်ချက် ဂဏန်း ၂ လုံးအဆင့်၌ H.S Code အခန်းပြောင်းလဲခြင်း | | | |
|---|---|---|---|
| အကောက်ခွန် ခေါင်းစဥ် | အကောက်ခွန် ခေါင်းစဥ်ခွဲ | ကုန်ပစ္စည်းအမျိုးအမည် | ကုန်စည်ကိုအခြေခံသည့်ပင်ရင်း ဒေသသီးသန့်စည်းမျဉ်း |
| ၈၄၆၇ | ၈၄၆၇.၁၁ | Pneumatic; rotary type (tools)(including combined rotary percussion) | RVC (40%) (သို့) CTSH |

၃၃။ လက်ကိုင်လေဖြည့်သည့် ကိရိယာများအတွက် အကောက်ခွန် H.S Code သတ်မှတ်ချက် ဂဏန်း ၆ လုံးအဆင့် ခေါင်းစဥ်ခွဲသည် လေဖြည့်ကိရိယာ (H.S 8467.92) နှင့် အခြားအစိတ်အပိုင်းများ (H.S 8467.99) ကို ပေါင်းစပ်ထုတ်လုပ်ထားပါသည်။ အကယ်၍ ထုတ်လုပ်သူတစ်ဦးသည် H.S 8467.92 (သို့) H.S 8467.99 အောက်ရှိ ပင်ရင်းမဟုတ်သည့် ပစ္စည်းများကိုဝယ်ယူပြီး H.S 8467.11 အောက်ရှိ လက်ကိုင်ကိရိယာများကို

ပေါင်းစပ်ထုတ်လုပ်ပြီးပါက AANZFTA ဈေးကွက်တစ်ခုအတွင်းသို့ တင်ပို့သောကုန်ပစ္စည်းသည် AANZFTA အတွက် ပင်ရင်းကုန်ပစ္စည်း ဖြစ်လာပါမည်။

**လုပ်သာကိုင်သာရှိသော အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသတွင် အကောက်ခွန် H.S Code သတ်မှတ်ချက်ပြောင်းလဲမှု - အနည်းဆုံးပါဝင်မှုသတ်မှတ်ချက်**

၃၄။ CTC နည်းလမ်းကို ၎င်းတို့ကိုယ်တိုင်အသုံးချလိုသော ပို့ကုန်တင်ပို့သူများအတွက် AANZFTA ROO က အနည်းဆုံးပါဝင်မှုသတ်မှတ်ချက်ဖြင့်နောက်ထပ်အဆင်ပြေချောမွေ့စေရန်သတ်မှတ်ပေးထားပါသည်။ အနည်းဆုံး ပါဝင်မှုသတ်မှတ်ချက် ကို RVC နည်းလမ်း၌ အသုံးပြု၍မရပါ။

၃၅။ အနည်းဆုံးပါဝင်မှုသတ်မှတ်ချက်အရ CTC လိုအပ်ချက်ကို အပြည့်အဝ မလိုက်နာနိုင်သော ကုန်ပစ္စည်းများသည် အောက်ပါတို့နှင့် ကိုက်ညီပါက ပင်ရင်းကုန်ပစ္စည်းအဖြစ် အရည်အချင်းကိုက်ညီပါသည် -

- H.S Code အခန်း ၅၀ မှ ၆၃ ပါ ချည်ထည်နှင့် အဝတ်အထည်များမှလွဲ၍ အကောက်ခွန်လိုင်းပြောင်းလဲရန် မလိုအပ်သော ကုန်ပစ္စည်းထုတ်လုပ်မှုတွင် အသုံးပြုသည့် ပင်ရင်းမဟုတ်သည့် ပစ္စည်းများအားလုံး၏ တန်ဖိုးသည် ယင်းကုန်ပစ္စည်း FOB တန်ဖိုး၏ ၁၀% ထက် မကျော်ပါက အဆိုပါကုန်ပစ္စည်းမှာ AANZFTA ROO လိုအပ်ချက်နှင့်ကိုက်ညီသောအခါ၊
- H.S Code အခန်း ၅၀ မှ ၆၃ တွင် ထည့်သွင်းထားသော ချည်ထည်နှင့် အဝတ်အထည်များ တစ်ခုခုတွင်၊
    - ကုန်ပစ္စည်းတစ်ခုထုတ်လုပ်ရာ၌ အသုံးပြုပြီး၊ အကောက်ခွန်လိုင်းပြောင်းလဲရန် မလိုအပ်သော ပင်ရင်းမဟုတ်သည့် ပစ္စည်းများအားလုံး၏ အလေးချိန်သည် ကုန်ပစ္စည်း စုစုပေါင်းအလေးချိန် ၏ ၁၀% ထက်မပိုသောအခါ၊ (သို့)
    - ကုန်ပစ္စည်းတစ်ခုထုတ်လုပ်ရာ၌ အသုံးပြုပြီး၊ အကောက်ခွန်လိုင်းပြောင်းလဲရန် မလိုအပ်သော ပင်ရင်းမဟုတ်သည့် ပစ္စည်းများအားလုံး၏ တန်ဖိုးသည် ယင်းကုန်ပစ္စည်း FOB တန်ဖိုး၏ ၁၀% ထက်မပိုသောအခါ၊
    - ထို့အပြင် ကုန်ပစ္စည်းသည် AANZFTA ROO ၏ အခြားလိုအပ်သည့်အချက်များနှင့် ကိုက်ညီသောအခါ၊

**ပုံစံ ၂**

**အကောက်ခွန် H.S Codeသတ်မှတ်ချက် ပြောင်းလဲမှု (CTC) တွင် အနည်းဆုံးပါဝင်မှုသတ်မှတ်ချက်**

| **ချည်ထည်နှင့်အဝတ်အထည်ပစ္စည်းများ** | **အခြား CTC နှင့်ကိုက်ညီသောပစ္စည်းများ** |
|---|---|
| (က) နောက်ဆုံးကုန်ပစ္စည်း၏<br>FOB တန်ဖိုး=$ ၁၀၀၀<br>CTC နှင့်မကိုက်ညီသော<br>ကုန်ကြမ်းတန်ဖိုး=< $ ၁၀၀<br>(သို့မဟုတ်)<br>( ခ ) ကုန်ချော၏အလေးချိန်=<br>၁၅၀၀ ကီလိုဂရမ်<br>CTC နှင့်မကိုက်ညီသော<br>ကုန်ကြမ်းအလေးချိန်=<br>< ၁၅၀ ကီလိုဂရမ် | (က) နောက်ဆုံးကုန်ပစ္စည်း၏<br>FOB တန်ဖိုး=$ ၁၀၀၀<br>CTC နှင့်မကိုက်ညီသော<br>ကုန်ကြမ်းတန်ဖိုး=< $ ၁၀၀ |

**ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများနှင့် ကိရိယာတန်ဆာပလာများအတွက် သတ်မှတ်ချက်**

၃၆။ AANZFTA ၏ CTC နည်းအရ သတ်မှတ်ထားသော အခြေအနေတစ်ခုတွင် ကုန်ပစ္စည်းနှင့်အတူ ပါရှိသော ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများ၊ ကိရိယာတန်ဆာပလာများနှင့် ယင်းတို့ကိုအသုံးပြုရန် လမ်းညွှန်သည့် စာရွက်စာတမ်းများသည် ကုန်ပစ္စည်း၏ အစိတ်အပိုင်းအဖြစ် မှတ်ယူနိုင်ပြီး၊ ပင်ရင်းမဟုတ်သည့် ပစ္စည်းများ ကို အသုံးပြု၍ အကောက်ခွန် H.S Code သတ်မှတ်ချက်ပြောင်းလဲသည့် ထုတ်လုပ်မှုတွင် ယင်းကို ထည့်သွင်းစဉ်းစားရန်မလိုပါ။ အောက်ပါအခြေအနေများတွင် ယင်းကဲ့သို့သတ်မှတ်နိုင်ပါသည် -

- ကုန်ပစ္စည်းနှင့်အတူပါရှိသော ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများ၊ ကိရိယာတန်ဆာပလာများနှင့် ယင်းတို့ကိုအသုံးပြုရန် လမ်းညွှန်သည့်စာရွက်စာတမ်းများ (သို့) သတင်းအချက်အလက်ဖော်ပြသော စာရွက်စာတမ်းများကို ပင်ရင်းကုန်ပစ္စည်း၏တန်ဖိုးနှင့် သီးခြားဖော်ပြခြင်းမပြုရန်နှင့်
- ကုန်ပစ္စည်းနှင့်အတူပါရှိသော ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ ယင်းတို့ကိုအသုံးပြုရန် လမ်းညွှန်သည့်စာရွက်စာတမ်းများ (သို့) သတင်းအချက်အလက်ဖော်ပြသော စာရွက်စာတမ်းများ၏ အရေအတွက်နှင့်တန်ဖိုးကို အကောက်ခွန်ကောက်ခံနိုင်ပါသည်။

၃၇။ ဤစည်းမျဉ်းနှင့်ပတ်သက်၍ မည်ကဲ့သို့ဆောင်ရွက်သည်ကိုမြက်ရိတ်စက်ရောင်းဝယ်မှုဥပမာဖြင့် တင်ပြပါမည်။ အလှစိုက်မြက်ခင်းများ၊ ပန်းခြံများ၊ အားကစားကွင်းများအတွက် မြက်ရိတ်စက်ကြီးများထုတ်လုပ်သူစက်ရုံပူအခြေစိုက် လုပ်ငန်းရှင်တစ်ဦးသည် ၎င်း၏မြက်ရိတ်စက်များကို နယူးဇီလန်နိုင်ငံသို့တင်ပို့လိုသည်ဟုယူဆပါမည်။ H.S 8433 ဖြင့်သတ်မှတ်ထားသော မြက်ရိတ်စက်သည် ကုန်ပစ္စည်းကိုအခြေခံသော စည်းမျဉ်း၏

RVC (၄၀%) သို့မဟုတ် CTSH နှင့်ကိုက်ညီမှုရှိရပါမည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါမြက်ရိတ်စက်များသည် မတူညီသော လုပ်ငန်းများအတွက် မတူညီသောဓါးသွားများကို အသုံးပြုရမည်ဖြစ်သည်။ (ဥပမာ-အားကစားကွင်းနှင့် ဂေါက်ကွင်း၌ မြက်ရိတ်ခြင်း) ယေဘူယျအားဖြင့် ထုတ်လုပ်သူတစ်ဦးသည် မြက်ရိတ်စက်၌ ဓါးသွားအမျိုးမျိုး (H.S 8433.90.90 တွင်သတ်မှတ်ထားသော အပိုင်းများ) ကိုတပ်ဆင်ရမည်ဖြစ်ပြီး၊ ဓါးသွားများကိုပြောင်းလဲအသုံးပြုရန် အတွက် ဂွ၊ ဝက်အူများ (H.S 8204.12) ကိုလည်း အသုံးပြုရမည်ဖြစ်ပါသည်။ မြက်ရိတ်စက်ဓါးသွားဆက်စပ်ပစ္စည်းများနှင့် ဂွ၊ ဝက်အူများမှာ တရုတ်နိုင်ငံမှ ပင်ရင်းများဖြစ်ပြီး၊ မြက်ရိတ်စက်အား ပင်ရင်းကုန်ပစ္စည်းအဖြစ် သတ်မှတ်နိုင်ရန်အတွက် အကောက်ခွန် H.S Code သတ်မှတ်ချက် ပြောင်းလဲမှုကို ထည့်သွင်းတွက်ချက်ရန် မလိုအပ်ပါ။

၃၈။ ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများနှင့်ကိရိယာတန်ဆာပလာများ၏ တန်ဖိုးအား RVC တွက်ချက်ရာတွင် ထည့်သွင်းခြင်းမပြုဘဲ ၎င်းပစ္စည်းများအား ပင်ရင်းဟုတ်/မဟုတ် ကို RVC တွက်ချက်သည့် အကြောင်းအရာပေါ်မူတည်ပြီးဆုံးဖြတ်ကြောင်း မှတ်သားရန် လိုအပ်ပါသည်။

၃၉။ သိသာထင်ရှားသော ပြောင်းလဲမှု နှင့်ကိုက်ညီစေရန် AANZFTA ROO RVC နှင့် CTC ကို ရှင်းပြခဲ့ပြီးဖြစ်ပါသည်။ နမူနာလေ့ကျင့်ခန်းများအား **နောက်ဆက်တွဲ** ၂ တွင် ရှင်းလင်းတင်ပြထားပါသည်။

## အပိုင်း(၇)

## ဒေသတွင်းတန်ဖိုးပါဝင်မှုနှင့် အကောက်ခွန် H.S Code သတ်မှတ်ချက် ပြောင်းလဲမှုများမဟုတ်သော ကုန်စည်ကိုအခြေခံသည့် ပင်ရင်းဒေသ သီးသန့်စည်းမျဉ်း

၄၀။ အပိုင်း (၂) တွင် ရှင်းလင်းတင်ပြခဲ့သကဲ့သို့ AANZFTA ၏ ကုန်စည်ကို အခြေခံသည့် ပင်ရင်းဒေသ သီးသန့်စည်းမျဉ်းဖြင့်ပင်ရင်းကုန်စည်ဖြစ်ကြောင်းစမ်းသပ်ရန်မှာကုန်ပစ္စည်းအနည်းငယ်သာရှိပါသည်။ ထုတ်လုပ်မှုနည်းစဉ်ဖြင့် သတ်မှတ်သည့်စည်းမျဉ်းဖြင့် ပင်ရင်းကုန်စည်အဖြစ် သတ်မှတ်မှုမှာ အများစုဖြစ်ပါသည်။ လုပ်ငန်းရှင်များအနေဖြင့် ထိုကဲ့သို့သတ်မှတ်ချက်များကို ဖော်ပြထားသည့် AANZFTA ၏ နောက်ဆက်တွဲ ၂ ပါ စည်းမျဉ်းများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိရန် လိုအပ်ပါသည်။

### ဓါတုဓါတ်ပြုစည်းမျဉ်း

၄၁။ H.S အခန်း ၂၈ ပါ Inorganic ဓါတုပစ္စည်းများ၊ H.S အခန်း ၂၉ ပါ organic ဓါတုပစ္စည်းများ၊ H.S အခန်း ၃၂ ပါ သားရေနယ်ခြင်း၊ ဆေးဆိုးခြင်းတို့တွင် အသုံးပြုသည့် ဓါတုပစ္စည်းများနှင့် အခြားပစ္စည်းများမှာ နောက်ဆက်တွဲ ၂ တွင် သတ်မှတ်ထားသည့် RVC နှင့် CTC စည်းမျဉ်းများနှင့် ကိုက်ညီရန်ခက်ခဲနိုင်ပါသည်။ အဆိုပါကိစ္စရပ်များတွင် ဓါတုပစ္စည်းသည် အဖွဲ့ဝင်နိုင်ငံတစ်ခု၌ ဓါတုဓါတ်ပြုမှုဖြင့်ထုတ်လုပ်သည့် ဓါတုထုတ်ကုန်ပစ္စည်းဖြစ်ပါက အဆိုပါဓါတုပစ္စည်းများအား ပင်ရင်းကုန်ပစ္စည်းအဖြစ်သတ်မှတ်နိုင်သည်။ "ဓါတုဓါတ်ပြုမှု" ဆိုသည်မှာ မော်လီကျူးများကိုဖြိုခွဲပြီး မော်လီကျူးအသစ်တစ်ခုဖန်တီးခြင်း (သို့) မော်လီကျူးအစီအစဉ်များကို ပြောင်းလဲခြင်းအားဖြင့် ဖွဲ့စည်းပုံအသစ်ကိုဖြစ်ပေါ်စေပြီး၊ မော်လီကျူးအသစ်တစ်ခုကို ဖြစ်ပေါ်စေသည့် ဖြစ်စဉ်တစ်ခုဖြစ်ပြီး ယင်းတွင် ဓာတုဖြစ်စဉ်များလည်း ပါဝင်ပါသည်။

၄၂။ အောက်ပါတို့ကို ပင်ရင်းကုန်ပစ္စည်းဟုတ်/မဟုတ် သတ်မှတ်ဆုံးဖြတ်ရန်အတွက် ဓါတုဓါတ်ပြုမှုအဖြစ် သတ်မှတ်ခြင်းမပြုပါ -

(က) ရေ (သို့)အခြားဖျော်ရည်များကိုထည့်ဖျော်ခြင်း၊

(ခ) ရေအပါအဝင် အခြားဖျော်ရည်များကို ဖယ်ထုတ်ခြင်း၊

(ဂ) ရေအမှုန်အခဲများကို ထပ်ထည့်ခြင်း (သို့) ဖယ်ထုတ်ခြင်း၊

### အခြားသီးသန့်စည်းမျဉ်းနမူနာများ

၄၃။ အောက်ပါဇယားတွင် AANZFTA ၏ နောက်ဆက်တွဲ ၂ ၌ ပါရှိသည့် အခြားသီးသန့်စည်းမျဉ်း ကျင့်သုံးမည့် ကုန်စည်ဥပမာများကို ဖော်ပြထားပါသည် -

**ဇယား ၂**

**သီးသန့်စည်းမျဉ်းကျင့်သုံးမည့် ကုန်စည်များနှင့် ကိုက်ညီရမည့်စည်းမျဉ်းများ**

| အကောက်ခွန် ခေါင်းစဉ် | အကောက်ခွန် ခေါင်းစဉ်ခွဲ | ကုန်ပစ္စည်းအမျိုးအမည် | ကိုက်ညီရမည့် သီးသန့်စည်းမျဉ်း |
|---|---|---|---|
| ၁၅၀၉ | ၁၅၀၉.၁၀ | သံလွင်ဆီစစ်စစ် | ကုန်ပစ္စည်းအား သန့်စင်ချက်လုပ်ပါက RVC (40%) (သို့)CC (သို့) အကောက်ခွန်လိုင်းမပြောင်းလဲသည့် ထုတ်လုပ်မှုဖြစ်ရန် လိုအပ်ပါသည်။ |

| | | | |
|---|---|---|---|
| ၂၆၂၀ | ၂၆၂၀.၁၁ | ချော်၊ ပြာ နှင့်အကြွင်းအကျန်များ၊ အဓိကအားဖြင့် သွပ်ပါဝင်သည်။ (ဥပမာ၊ Zinc Sulphate) | အဖွဲ့ဝင်နိုင်ငံတစ်ခုတွင် ထုတ်လုပ်ခြင်း (သို့) စားသုံးခြင်းမှရရှိပါက ဤခေါင်းစဥ်ခွဲ၏ ကုန်ပစ္စည်းကို ပင်ရင်းပစ္စည်းအဖြစ် သတ်မှတ်နိုင်ပါသည်။ |
| ၃၈၀၈ | ၃၈၀၈.၉၂ | ပိုးသတ်ဆေးများ၊ အကောင်သတ်ဆေးများ၊ အခြား မှိုသတ်ဆေးများ | **RVC (40%) သို့မဟုတ် CTSH** ပါဝင်သည့် ကုန်ပစ္စည်း (သို့) ကုန်ပစ္စည်းများ၏ စုစုပေါင်းအလေးချိန်၏ အနည်းဆုံး ၅၀% သည် ပင်ရင်းပစ္စည်းဖြစ်ရပါမည်။ |
| ၅၄၀၇ | ၅၄၀၇.၁၀ | နိုင်လွန်မှရရှိသော ယက်လုပ် ထားသည့် ပိတ်စ | **CTH (သို့) ပိတ်စမှ ပြောင်းလဲမှုတစ်ခု** ဆေးဆိုးခြင်း၊ အပွင့်ရိုက်ခြင်း စသည့် ပြင်ဆင်မှု (သို့) အချောထုတ်လုပ်မှုများကို အဖွဲ့ဝင်နိုင်ငံတစ်ခု (သို့) တစ်နိုင်ငံထက်ပိုသော နိုင်ငံ၏နယ်မြေတွင် တိုက်ရိုက် အသုံးပြုနိုင်သည့် အဆင့်သို့ အနည်းဆုံးနှစ်ဆင့် ထုတ်လုပ်ထားပြီး နောက်ထပ် ကုန်ချောအဖြစ် ထုတ်လုပ်ထားခြင်း မရှိသည့် ပစ္စည်းဖြစ်ရပါမည်။ |
| ၆၁၀၄ | ၆၁၀၄.၁၃ | ဓါတုဗေဒနည်းဖြင့်ထုတ်လုပ်ထားသော ချည်မျှင်များဖြင့် ရက်လုပ်ထားသည့် အမျိုးသမီးဝတ်ဝတ်စုံများ | ကုန်ပစ္စည်းအား အဖွဲ့ဝင်နိုင်ငံတစ်ခု (သို့) တစ်နိုင်ငံထက်ပိုသောနိုင်ငံ၏ နယ်မြေတွင် ဖြတ်တောက် (သို့) ယက်လုပ်ပြီး ချုပ်လုပ်ပါက RVC (40%) (သို့) CC ဖြင့်သတ်မှတ်သည်။ |
| ၆၃၀၂ | ၆၃၀၂.၃၁ | ချည်အိပ်ယာခင်း | စတင်အသုံးပြုသည့်ပစ္စည်းသည်ပိတ်စဖြစ်ပြီး၊ အဆိုပါပိတ်စမှာ အကြမ်း (သို့) အရောင် မချွတ်ရသေးဘဲ အဖွဲ့ဝင်နိုင်ငံ တစ်ခု (သို့) တစ်နိုင်ငံထက်ပိုသောနိုင်ငံများတွင် ကုန်ချောအဖြစ် ထုတ်လုပ်ပါက CC ဖြင့်သတ်မှတ်သည်။ |

## အပိုင်း (၈)

## အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသတွင် ပင်ရင်းဒေသစည်းမျဉ်းလိုအပ်ချက်များ နှင့် ကိုက်ညီစေရန်အတွက် အခြားသတ်မှတ်ချက်များ

**တိုက်ရိုက်တင်ပို့ခြင်း**

၄၄။ AANZFTA ပင်ရင်းကုန်ပစ္စည်းတစ်ခုအား ကုန်တင်သွင်းသည့်အဖွဲ့ဝင်နိုင်ငံသို့ အောက်ပါအတိုင်း တင်ပို့ပါက ၎င်း၏ ပင်ရင်းအခြေအနေအတိုင်း ရှိနေမည်ဖြစ်ပါသည် -

(က) အဖွဲ့ဝင်မဟုတ်သည့် မည်သည့်နိုင်ငံကိုမျှ ဖြတ်သန်းခြင်းမပြုသည့်အခါ၊

( ခ ) အဖွဲ့ဝင်မဟုတ်သည့်နိုင်ငံသို့ တစ်ဆင့်ဖြတ်သွားပြီး သတ်မှတ်ထားသည့်အခြေအနေများနှင့် ကိုက်ညီသောအခါ **(အောက်တွင်ရှု)**၊

၄၅။ ကုန်တင်သွင်းသည့်အဖွဲ့ဝင်နိုင်ငံသို့ သယ်ယူပို့ဆောင်ရာတွင် အခြား AANZFTA ၏အဖွဲ့ဝင်နိုင်ငံသို့ ဖြတ်သန်းသွားခြင်းသည် ကုန်ပစ္စည်း၏ ပင်ရင်းအခြေအနေအပေါ် သက်ရောက်မှုမရှိပါ။ ထို့အပြင် ကုန်ပစ္စည်းကို AANZFTA ၏အခြားအဖွဲ့ဝင်နိုင်ငံသို့တင်သွင်းပြီး တဖန်ပြန်၍တင်ပို့ပါက ၎င်း၏ ပင်ရင်းအခြေအနေကို ထိန်းသိမ်းရန် မူလ CO Form ကို အခြေခံ၍ ကျောကပ်ပင်ရင်းဒေသသက်သေခံလက်မှတ်ကို ထုတ်ယူရရှိ နိုင်ပါသည်။ **(အပိုင်း ၉ ၏ကျောကပ်ပင်ရင်း ထောက်ခံချက်ကိုရှု)**

၄၆။ AANZFTAအောက်တွင်အဖွဲ့ဝင်မဟုတ်သော နိုင်ငံတစ်ခုမှတစ်ဆင့် တင်ပို့သော ကုန်ပစ္စည်း တစ်ခုသည် အောက်ပါအခြေအနေများအရ ၎င်း၏ပင်ရင်းအခြေအနေအတိုင်း ရှိနေမည်ဖြစ်ပါသည် -

(က) ကုန်ပစ္စည်းများကို မပုပ်သိုး၊ မပျက်စီးစေရန်(သို့) ကုန်တင်သွင်းသည့်နိုင်ငံသို့ သယ်ယူပို့ဆောင်ရန်အတွက် ကုန်ချခြင်း၊ ကုန်တင်ခြင်း၊ သိုလှောင်ခြင်း (သို့) အခြားသော လိုအပ်သည့် ဆောင်ရွက်မှုများမှလွဲ၍ အဖွဲ့ဝင်နိုင်ငံများ၏ ပြင်ပနယ်မြေတွင် ထုတ်လုပ်ခြင်း (သို့) အခြား ဆောင်ရွက်ခြင်းများ မပြုလုပ်သည့်အခါ။

( ခ ) ကုန်စည်သည် အဖွဲ့ဝင်မဟုတ်သောနိုင်ငံတွင် ကုန်သွယ်မှုပြုလုပ်ခြင်းမပြုသည့်အခါ။

( ဂ ) တစ်ဆင့်သယ်ယူပို့ဆောင်သည့် ဝင်ပေါက်သည် ပထဝီဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ (သို့) ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အကြောင်းပြချက်များနှင့် ဆီလျော်မှုရှိသောအခါ။

**အကွက် ၅ တိုက်ရိုက်တင်ပို့ခြင်း**

မိုက်ခရိုဝေ့ဖ်မီးဖိုများကို ဗီယက်နမ်နိုင်ငံတွင်ထုတ်လုပ်ပြီး ကွန်တိန်နာသင်္ဘောဖြင့် ဩစတြေးလျနိုင်ငံသို့ တင်ပို့သည် ဟုယူဆကြည့်ပါ။ ကုန်ပစ္စည်းများအား ကုန်ကျစရိတ် အသက်သာဆုံးလမ်းကြောင်းဖြစ်သည့် ဟောင်ကောင်ကိုဖြတ်၍ သယ်ဆောင်ပါမည်။ ဟောင်ကောင်တွင် သင်္ဘောပေါ်မှ ကွန်တိန်နာများကို ချပါသည်။ ထို့နောက် ခေတ္တသိုလှောင်၍ ဟောင်ကောင်မှ မဲလ်ဘုန်းမြို့သို့ထွက်ခွာမည့် အခြား သင်္ဘော တစ်စီး ပေါ်သို့ ကွန်တိန်နာများပြောင်းတင်ပါမည်။ မိုက်ခရိုဝေ့ဖ်မီးဖိုများသည် ဟောင်ကောင်နိုင်ငံအတွင်း၌ ကုန်သွယ်မှု လုံးဝမပြုလုပ်ရပါ။ အဆိုပါလုပ်ဆောင်မှုသည် မိုက်ခရိုဝေ့ဖ်မီးဖိုများ၏ပင်ရင်းအခြေအနေကိုပြောင်းလဲမှုမဖြစ်စေပါ။

အခြားကိစ္စတစ်ခုဖြစ်သော ဖိလစ်ပိုင်နိုင်ငံမှ ခွဲစိတ်ခန်းသုံးပစ္စည်းများအား ဟောင်ကောင်ကို ဖြတ်၍ နယူးဇီလန်သို့ အမြောက်အမြားတင်ပို့ရာတွင် အကယ်၍ ဟောင်ကောင်၌ ပိုးမွှားကင်းစင်အောင် ဆောင်ရွက်ပြီး၊ ယင်းကို ပြန်လည် ထုတ်ပိုးပါက ၎င်း၏ ပင်ရင်းပစ္စည်းအခြေအနေ ဆုံးရှုံးမည်ဖြစ်ပါသည်။

**တူညီ၍ အစားထိုးနိုင်သော ကုန်ပစ္စည်းများ**

၄၇။ တူညီ၍အစားထိုးနိုင်သည့်ပစ္စည်းများအတွက် FTA သတ်မှတ်ချက်များ မှာပင်ရင်းနိုင်ငံများစွာမှ ပေါင်းစပ်ထုတ်လုပ်သည့် သွင်းအားစုများနှင့်ပတ်သက်၍ ရေးဆွဲထားပါသည်။ ၎င်းသွင်းအားစုများမှာ ခြေရာကောက်ရန်ခက်ခဲပါသည်။ AANZFTA ROO အတွက် တူညီ၍အစားထိုးနိုင်သည့်ပစ္စည်းများသည် ပင်ရင်း ပစ္စည်းများ ဟုတ်/မဟုတ် သတ်မှတ်ဆုံးဖြတ်ခြင်းအား ပစ္စည်းတစ်ခုစီ၏ ရုပ်ပိုင်းဆိုင်ရာခွဲခြားမှု (သို့) ကုန်တင်ပို့သည့်နိုင်ငံတွင် လက်ခံကျင့်သုံးလျက်ရှိသော ကုန်ပစ္စည်းထိန်းချုပ်မှုလုပ်ထုံးလုပ်နည်းများ (သို့) ကုန်စည် စီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်အတိုင်း ဆောင်ရွက်ရမည်။

၄၈။ တူညီစွာအစားထိုးနိုင်သည့်ပစ္စည်းများအား AANZFTA တွင် အဓိပ္ပါယ်သတ်မှတ်ပုံမှာ ကုန်ပစ္စည်းတစ်ခုအား တူညီသောနည်းပညာဖြင့် ထုတ်လုပ်ထားပြီး၊ တူညီသောရုပ်သွင်လက္ခဏာများရှိကာ၊ ယင်းကို ကုန်ချောအဖြစ်ထုတ်လုပ်ပြီးချိန်တွင် အခြားပစ္စည်းတစ်ခုနှင့် ပင်ရင်းကုန်ပစ္စည်းအဖြစ် ခွဲခြားမရအောင် ပစ္စည်းအမျိုးအစားအရလည်းကောင်း၊ စီးပွားဖြစ်ရောင်းဝယ်နိုင်သည့် အရည်အသွေးအရလည်းကောင်း တူညီနေခြင်းကို ဆိုလိုပါသည်။

**သွယ်ဝိုက်ပစ္စည်းများ**

၄၉။ AANZFTAတွင် သွယ်ဝိုက်ပစ္စည်းများအား မည်သည့်နေရာမှ ထုတ်လုပ်သည်ကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲပင်ရင်းကုန်ပစ္စည်းအဖြစ်မှတ်ယူနိုင်ပြီး၎င်းတန်ဖိုးအားကုန်စည်ထုတ်လုပ်သူ၏ကုန်ကျစရိတ်ထဲ၌ထည့်သွင်းတွက်ချက်ရမည်ဖြစ်ပါသည်။ AANZFTA တွင် သွယ်ဝိုက်ကုန်ပစ္စည်း တစ်ခုအား "ကုန်ပစ္စည်း၌ ရုပ်ပိုင်းဆိုင်ရာ ပေါင်းစပ်ပါဝင်မှုမရှိဘဲ ကုန်ပစ္စည်းတစ်ခု၏ ထုတ်လုပ်ခြင်း၊ စမ်းသပ်ခြင်း (သို့) စစ်ဆေးခြင်းတွင် အသုံးပြုသော ကုန်ပစ္စည်းတစ်ခု (သို့မဟုတ်) အောက်ဖော်ပြပါပစ္စည်းတို့ ပါဝင်သည့် ကုန်ပစ္စည်းထုတ်လုပ်မှုနှင့်သက်ဆိုင်သော အဆောက်အဦများ ထိန်းသိမ်းခြင်း (သို့) ပစ္စည်းများတပ်ဆင်ရာတွင် အသုံးပြုသည့် ကုန်ပစ္စည်းတစ်ခုဟု အဓိပ္ပါယ်ဖော်ပြထားပါသည် -

(က) လောင်စာနှင့်စွမ်းအင်၊
(ခ) ကိရိယာများ၊ တန်ဆာပလာများနှင့်ပုံစံခွက်များ၊
(ဂ) အဆောက်အဦနှင့် Equipment များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင်အသုံးပြုသော အပိုပစ္စည်း၊ အစိတ်အပိုင်းများနှင့် ဆက်စပ်ပစ္စည်းများ၊
(ဃ) ထုတ်လုပ်မှုတွင်အသုံးပြုသော (သို့) Equipment နှင့် အဆောက်အဦးများ လည်ပတ်ရန်အသုံးပြုသော စက်ဆီ၊ ချောဆီ၊ ပေါင်းစပ်ပစ္စည်းများနှင့် အခြားပစ္စည်းများ၊
(င) လက်အိတ်များ၊ မျက်မှန်များ၊ ဖိနပ်များ၊ ဝတ်စုံများ၊ အသက်ကယ်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများ၊
(စ) ကုန်စည်စစ်ဆေးခြင်း(သို့) စမ်းသပ်ခြင်းများတွင် အသုံးပြုသည့် ကိရိယာတန်ဆာပလာများ၊ ဆက်စပ်ပစ္စည်းများနှင့် အထောက်အပံ့ပစ္စည်းများ၊
(ဆ) ပြောင်းလဲမှုဖြစ်စေရန်ထောက်ကူသည့်ပစ္စည်းများနှင့် အရည်ပျော်စေသည့်အရာများ၊

(ဇ) ကုန်ပစ္စည်းထုတ်လုပ်မှု၌ အသုံးပြုပြီး ထုတ်လုပ်မှု၏တစ်စိတ်တစ်ပိုင်းအဖြစ် သတ်မှတ်နိုင်သော်လည်း ကုန်စည်ထဲ၌ပါဝင်မှုမရှိသော အခြားပစ္စည်းများ၊

## အပိုင်း (၉)

## အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသအတွက် ပင်ရင်းဒေသသက်သေခံလက်မှတ် ထုတ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၅၀။ AANZFTA တွင် ပို့ကုန်တင်ပို့သူများက AANZFTA မှ အခြားအဖွဲ့ဝင်နိုင်ငံများ၏ ဈေးကွက်များသို့ တင်ပို့ရန်ရည်ရွယ်သည့်ပို့ကုန်ပစ္စည်းများသည်အကောက်ခွန်သက်သာခွင့်အတွက်အရည်အချင်းကိုက်ညီကြောင်း သက်သေခံသည့် ပင်ရင်းဒေသသက်သေခံလက်မှတ် (Certificate of Origin - CO Form) လျှောက်ထား ရရှိနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းကို ချမှတ်ထားပါသည်။ ယင်းလုပ်ထုံးလုပ်နည်းတွင် ပါဝင်သည့်အဆင့်များ မှာ အောက်ပါအတိုင်းဖြစ်ပြီး **ပုံစံ (၃)** တွင်လည်း ဖော်ပြထားပါသည်။

၅၁။ တင်ပို့သူအနေဖြင့် ပင်ရင်းဒေသသက်သေခံလက်မှတ် မလျှောက်ထားမီတွင် ဤလမ်းညွှန်စာစောင်ထဲ တွင်အသေးစိတ်ဖော်ပြထားသော အယူအဆ သဘောတရားများနှင့် နည်းလမ်းများကို သိရှိထားရန် လိုအပ် ပါသည်။ အဘယ်ကြောင့်ဆိုသော် ဖြစ်ရပ်အများစုတွင် ပို့ကုန်တင်ပို့သူသည် CTC (သို့) RVC စစ်ဆေးမှု နှစ်ခုအနက်မှ တစ်ခုကိုရွေးချယ်ရမည်ဖြစ်ပြီး၊ ၎င်း၏ပို့ကုန်ပစ္စည်းကို အရည်အချင်း ကိုက်ညီစေမည့် အလွယ်ကူ ဆုံးနည်းလမ်းကို ရွေးချယ်ရမည်ဖြစ်ပါသည်။ ကုန်ပစ္စည်း၏ သဘောသဘာဝနှင့် နိုင်ငံပြင်ပမှ သွင်းအားစုများကို ပေါင်းစပ်ထုတ်လုပ်ထားမှု၊ စာရွက်စာတမ်းအထောက်အထားများထိန်းသိမ်းမှု စသည်များကို စဉ်းစားဆောင်ရွက်မှု တို့သည်လည်း စည်းမျဉ်းနှင့်ကိုက်ညီသည့် ROO ကိုရွေးချယ်ရာတွင် အရေးကြီးပါသည်။

၅၂။ ပို့ကုန်တင်ပို့သူသည်ကုန်တင်ပို့သည့်နိုင်ငံတွင်ပင်ရင်းဒေသစည်းမျဉ်းအတွက် ပင်ရင်းဒေသ သက်သေခံ လက်မှတ်ကို မည်သည့်အဖွဲ့အစည်းက "ထုတ်ပေးရေးအာဏာပိုင်/အဖွဲ့အစည်း" အဖြစ် ဆောင်ရွက်သည်ကို သိရှိရန်လိုအပ်ပါသည်။ နိုင်ငံတော်အဆင့် ထုတ်ပေးရေးအာဏာပိုင်များ/အဖွဲ့အစည်းများကို အာဆီယံအတွင်း ရေးမှူးချုပ်ရုံးမှတစ်ဆင့် AANZFTA အဖွဲ့ဝင်နိုင်ငံများသို့ အကြောင်းကြားထားပါသည်။ ထုတ်ပေးရေး အာဏာ ပိုင်/ အဖွဲ့အစည်းများ ပြောင်းလဲမှုရှိပါက ပြောင်းလဲမှုအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ အကြောင်းကြား ရမည်ဖြစ်ပါသည်။

**ပင်ရင်းဒေသ သက်သေခံလက်မှတ် ထုတ်ပေးရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ (Operational Certification Procedure - OCP) - ဆောင်ရွက်ပုံအဆင့်ဆင့်**

**အဆင့်(၁)- ပို့ကုန်မတင်ပို့မီကြိုတင်စစ်ဆေးခြင်း။** ထုတ်လုပ်သူ/တင်ပို့သူမှ မည်သည့် ROO နည်းလမ်းကို ၎င်းအနေဖြင့် လိုက်ပါဆောင်ရွက်လိုသည်ကိုဆုံးဖြတ်ပြီးပါက တင်ပို့မည့်ကုန်ပစ္စည်းများ၏ ပင်ရင်းကို ကြိုတင် စစ်ဆေးရန် သက်သေခံလက်မှတ်ထုတ်ပေးရေး အာဏာပိုင်/အဖွဲ့အစည်းထံ လျှောက်ထားရမည်။ စစ်ဆေးချက် အဖြေသည် ပို့ကုန်တင်ပို့သူမှ နောင်တွင် CO Form လျှောက်ထားသည့်အခါ အထောက်အကူပြုသက်သေခံ အစိတ်အပိုင်း ဖြစ်လာပါသည်။ **ပို့ကုန်အကြိုစစ်ဆေးခြင်းအား ပင်ရင်းပစ္စည်းအဖြစ် လွယ်ကူစွာဆုံးဖြတ်နိုင်သော ကုန်ပစ္စည်းများအတွက် အသုံးပြုရန်မလိုပါ။**

**အဆင့်(၂)- CO လျှောက်ထားခြင်း။** နောက်တစ်ဆင့်တွင် ပို့ကုန်တင်ပို့သူသည် CO ကို ထုတ်ပေးရေး အာဏာပိုင်/အဖွဲ့အစည်းထံလျှောက်ထားရပါမည်။ လျှောက်ထားရာ၌ မဖြစ်မနေလိုအပ်သော အချက်အလက်

များသာမက ကုန်ပစ္စည်းသည် ပင်ရင်းကုန်ပစ္စည်းအဖြစ် ကိုက်ညီပါကြောင်းကိုပါတင်ပြသည့် အထောက်အထားများ ပါဝင်ရမည်ဖြစ်ပါသည်။ မဖြစ်မနေပါဝင်ရမည့် အချက်အလက်များ၌ ပို့ကုန်တင်ပို့သူ၏ အကြောင်းအရာအချက်အလက်များ၊ သင်္ဘောတင်ပို့မှုအသေးစိတ်အချက်အလက်တို့ကို လျှောက်ထားရာတွင်၊ ကုန်ပစ္စည်းအမျိုးအစားဖော်ပြချက် အပြည့်အစုံနှင့် ပို့ကုန်တင်ပို့သူ၏ ကြေငြာချက်တို့ပါဝင်ပါသည်။ မဖြစ်မနေ ထည့်သွင်းရမည့် လိုအပ်သည့် သတင်းအချက်အလက်များကို **ဇယား (၃)** တွင် အသေးစိတ်ဖော်ပြထားပါသည်။

**အဆင့် (၃) - CO ထုတ်ပေးခြင်း။** CO တစ်စောင်အား ပို့ကုန်တင်ပို့သည့်နေ့မှ (၃) ရက်ထက် နောက်မကျစေဘဲ ဖြစ်နိုင်သမျှထုတ်ပေးရမည်ဟု AANZFTA ၌ သတ်မှတ်ထားပါသည်။ လက်ခံနိုင်သည့်ကိစ္စရပ်များတွင် ပင်ရင်းဒေသသက်သေခံလက်မှတ်အား ပို့ကုန်တင်ပို့သည့်နေ့မှ (၁၂) လထက် နောက်မကျစေဘဲ နောက်ကြောင်းပြန်ထုတ်ပေးနိုင်ပါသည်။ CO တစ်စောင် သည် AANZFTA တွင်သတ်မှတ်ထားသည့် **(ဇယား - ၄ တွင် ဖော်ပြထားပါသည်)** မဖြစ်မနေလိုအပ်သည့် သတင်းအချက်အလက်များနှင့် ကိုက်ညီရပါမည်။ CO တစ်စောင်၏ သက်တမ်းမှာ (၁၂) လဖြစ်ပြီး အဆိုပါသက်တမ်းကာလအတွင်း ကုန်တင်သွင်းသည့်နိုင်ငံ၏ အကောက်ခွန်အာဏာပိုင်ထံသို့ တင်ပြရပါမည်။

**အဆင့် (၄) - ကုန်တင်သွင်းသူထံ CO ပေးပို့ခြင်း။** ကုန်တင်ပို့သူနှင့်ထုတ်ပေးရေး အာဏာပိုင်/ အဖွဲ့အစည်းနှစ်ခုစလုံးသည် CO မိတ္တူများကို ထိန်းသိမ်းထားရမည်ဖြစ်ပြီး CO မူရင်းကို ကုန်တင်သွင်းသည့်နိုင်ငံ၏ အကောက်ခွန်အာဏာပိုင်ထံ တင်ပြနိုင်ရေးအတွက် ကုန်တင်သွင်းသူထံသို့ ကုန်တင်ပို့သူမှ ပေးပို့ပေးရန် လိုအပ်ပါသည်။ ကုန်ပစ္စည်းများစွာကို CO တစ်စောင်တည်းအပေါ်တွင် ကြေငြာဖော်ပြထားပါက သက်ဆိုင်ရာကုန်ပစ္စည်းအလိုက် ၎င်းတို့၏အရည်အချင်းကိုက်ညီချက်နှင့်သာ ပင်ရင်းကုန်ပစ္စည်းအဖြစ် အကျုံးဝင်မည် ဖြစ်ပါသည်။

**အဆင့် (၅) - ကုန်တင်သွင်းသူမှ CO အား သွင်းကုန်ကြေငြာချက်နှင့်အတူ တင်ပြခြင်း။** သွင်းကုန်ကြေငြာချိန်တွင် ကုန်တင်သွင်းသူသည် ကုန်တင်သွင်းသည့်နိုင်ငံ၏ အကောက်ခွန်အာဏာပိုင်ထံ CO ကို တင်ပြရမည်ဖြစ်ပြီး၊ AANZFTA အရ ကုန်ပစ္စည်းအတွက် အကောက်ခွန်သက်သာခွင့်ကို တောင်းဆိုနိုင်ပါသည်။

**ပုံစံ ၃**

**ပင်ရင်းဒေသစည်းမျဉ်းအတွက် AANZFTA OCP အဆင့်များ**



## ဇယား ၃

## ပင်ရင်းဒေသသက်သေခံလက်မှတ်တစ်စောင်လျှောက်ထားရာတွင် မဖြစ်မနေလိုအပ်သည့်အချက်အလက်များ

၅၃။ ပင်ရင်းဒေသသက်သေခံ လက်မှတ် တစ်စောင် လျှောက်ထားရာတွင် မဖြစ်မနေလိုအပ်သည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| တင်ပို့သူ၏အသေးစိတ် အချက်အလက်များ | ကုန်တင်ပို့သူ၏ အမည်၊ လိပ်စာနှင့် ဆက်သွယ်ရန်အသေးစိတ် အချက်အလက်များ |
|---|---|
| သင်္ဘောတင်ပို့မှုအသေးစိတ် အချက်အလက်များ (သင်္ဘောတင်ပို့မှုတစ်ခုစီ အတွက်သီးခြားလျှောက် ထားမှုပြုလုပ်ရမည်) | (၁) ကုန်လက်ခံမည့်သူ၏ အမည်နှင့်လိပ်စာ<br>(၂) တင်သွင်းသူ၏ဝယ်ယူသည့် အော်ဒါအမှတ်၊ ကုန်ရောင်းစာချုပ်အမှတ်နှင့် ရက်စွဲ၊ ကုန်ပစ္စည်းတန်ဖိုးစာရင်းနှင့်ရက်စွဲနှင့် လေကြောင်းသယ်ဆောင်မှု (သို့) ရေကြောင်းသယ်ဆောင်မှု (သို့) သင်္ဘောတင်တန်ဆာ စသည့် သင်္ဘောတင်ပို့မှုအတွက်အသေးစိတ်အချက်အလက်များ<br>(၃) သိရှိနိုင်ပါက ကုန်ချဆိပ်ကမ်း |
| ကုန်ပစ္စည်းအမျိုးအစား ဖော်ပြချက်အပြည့်အစုံ | (၁) ကုန်ပစ္စည်းအမျိုးအစား အသေးစိတ်ဖော်ပြချက် H.S Code (ဂဏန်း ၆ လုံး အဆင့်) နှင့် တင်ပြနိုင်ပါက ကုန်ပစ္စည်းအရေအတွက်နှင့် အမှတ်တံဆိပ် အမည်<br>(၂) သက်ဆိုင်ရာပင်ရင်းအထောက်အထားများ |
| တင်ပို့သူ၏ ပို့ကုန်ကြေငြာချက် | ရက်စွဲတပ်လက်မှတ်ရေးထိုးပြီး၊ လက်မှတ်ရေးထိုးသူ၏အမည်နှင့် နေရပ်လိပ်စာ ဖော်ပြထားသော တင်ပို့သူ (သို့) ၎င်း၏ကိုယ်စားလှယ်က ဖြည့်စွက်ထားသည့် ကြေငြာချက်၊ (ကြေငြာချက်တွင် လျှောက်ထားမှုသည် မှန်ကန်ပါကြောင်းနှင့် စစ်မှန်ပါကြောင်း အသေးစိတ်ဖော်ပြသည့် ရှင်းလင်းချက်တစ်ခု ပါရှိရပါမည်) |

၄၈

ဇယား ၄

## ပင်ရင်းဒေသသက်သေခံလက်မှတ်ပေါ်တွင် မဖြစ်မနေထည့်သွင်းရန်လိုအပ်သည့်အချက်အလက်များ

၅၄။ ပင်ရင်းဒေသသက်သေခံ လက်မှတ် ပေါ်တွင် မဖြစ်မနေ ထည့်သွင်းရန် လိုအပ်သည့် အချက်အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည် -

| **တင်ပို့သူ၏ အသေးစိတ် အချက်အလက်များ** | **ကုန်တင်ပို့သူ၏ အမည်၊ လိပ်စာနှင့် ဆက်သွယ်ရန်အသေးစိတ် အချက်အလက်များ** |
|---|---|
| သင်္ဘောတင်ပို့မှု အသေးစိတ်အချက်အလက်များ (သင်္ဘောတစ်ကြိမ်တင်ပို့မှုအတွက် သက်သေခံလက်မှတ် တစ်စောင်သာလျှောက်ထားနိုင်သည်) | (၁) ကုန်လက်ခံမည့်သူ၏ အမည်နှင့်လိပ်စာ<br>(၂) တင်သွင်းသူ၏ဝယ်ယူသည့် အော်ဒါအမှတ်၊ ကုန်ရောင်းစာချုပ်အမှတ်နှင့်ရက်စွဲ၊ကုန်ပစ္စည်းတန်ဖိုးစာရင်းနှင့်ရက်စွဲနှင့်လေကြောင်းသယ်ဆောင်မှု (သို့) ရေကြောင်းသယ်ဆောင်မှု (သို့) သင်္ဘောတင်တန်ဆာ စသည့် သင်္ဘောတင်ပို့မှုအတွက် အသေးစိတ်အချက်အလက်များ<br>(၃) သိရှိနိုင်ပါက ကုန်ချဆိပ်ကမ်း |
| ကုန်ပစ္စည်းအမျိုးအစား ဖော်ပြချက်အပြည့်အစုံ | (၁) ကုန်ပစ္စည်းအမျိုးအစားအသေးစိတ်ဖော်ပြချက် HS Code (ဂဏန်း ၆လုံးအဆင့်) နှင့် တင်ပြနိုင်ပါက ကုန်ပစ္စည်း အရေအတွက်နှင့် အမှတ်တံဆိပ်အမည်<br>(၂) သက်ဆိုင်ရာပင်ရင်းမှတ်ကျောက်များ<br>(၃) FOB တန်ဖိုး |
| ထုတ်ပေးရေးအာဏာပိုင်/အဖွဲ့အစည်းမှထုတ်ပေးသောသက်သေခံလက်မှတ် | သက်သေခံလက်မှတ်တွင်ဖော်ပြထားသောကုန်ပစ္စည်းသည်သက်ဆိုင်ရာပင်ရင်းဒေသစည်းမျဉ်းလိုအပ်ချက်များနှင့် ကိုက်ညီကြောင်းတင်ပြသည့်သက်သေအထောက်အထားများအပေါ်အခြေခံ၍ထုတ်ပေးရေးအာဏာပိုင်/ အဖွဲ့အစည်းမှထုတ်ပေးသော သက်သေခံလက်မှတ် |
| ပင်ရင်းဒေသသက်သေခံလက်မှတ်အမှတ် | ထုတ်ပေးရေးအာဏာပိုင်/ အဖွဲ့အစည်းမှ ထုတ်ပေးသော သက်သေခံလက်မှတ်၌ ဖြည့်စွက်ထားသည့် အမှတ်စဉ် |

**အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ၏ ပင်ရင်းဒေသသက်သေခံလက်မှတ်ပုံစံ**

၅၅။ AANZFTA အဖွဲ့ဝင်နိုင်ငံများသည် AANZFTA ၏ CO Form ပုံစံကို သဘောတူခဲ့ကြပါသည်။ CO Form ပေါ်တွင် ပင်ရင်းဆိုင်ရာအချက်အလက်များ ဖြည့်စွက်ရန်အတွက် လမ်းညွှန်တစ်ခုအဖြစ် ဇယားပုံစံ တစ်ခုအားထည့်သွင်းပြုစုထားပါသည်။ စံပြပုံစံနှင့်လမ်းညွှန်ချက်များအားဤလမ်းညွှန်စာစောင်၏**နောက်ဆက်တွဲ (၄)** ၌ ဖော်ပြထားပါသည်။ ဩစတြေးလျနှင့် နယူးဇီလန် နိုင်ငံများမှ ကုန်တင်ပို့သော ကိစ္စရပ် များတွင် ၎င်းတို့ အနေဖြင့် CO Form ၏ အကွက် ၉ ၌ ကုန်ပစ္စည်း၏ FOB တန်ဖိုးကို ဖြည့်စွက် ခြင်းကိုသော်လည်းကောင်း (သို့) ပို့ကုန်တင်ပို့သူ၏ သီးခြားကြေငြာချက် **(နောက်ဆက်တွဲ-၄ ရှု)** ကို CO Form နှင့်ပူးတွဲတင်ပြ၍ သော် လည်းကောင်း ဆောင်ရွက်နိုင်ပါသည်။

**ကျောကပ်ပင်ရင်းဒေသ သက်သေခံလက်မှတ်**

၅၆။ အချို့သောပင်ရင်းဒေသသက်သေခံလက်မှတ်များတွင် နောက်ဆုံးဆိပ်ကမ်းသို့သွားရာလမ်း၌ "ကြားခံ AANZFTA နိုင်ငံ" တစ်ခုကိုဖြတ်၍ သင်္ဘောတင်ပို့ခြင်းများ လိုအပ်လာနိုင်ပါသည်။ အကယ်၍ AANZFTA ပင်ရင်းကုန်ပစ္စည်း တစ်ခုသည် "AANZFTA ကြားခံနိုင်ငံ" တစ်ခုကိုဖြတ်သန်း သယ်ဆောင် သွားပါက အဆိုပါ AANZFTA ကြားခံ နိုင်ငံမှ ပို့ကုန်တင်ပို့သူက ကုန်ပစ္စည်းများအား နောက်ဆုံးဆိပ်ကမ်းတွင် အကောက်ခွန်ဆိုင်ရာ သက်သာခွင့်ရရှိနိုင်စေရန်အတွက်CO Form ထုတ်ပေးရေး အာဏာပိုင်/အဖွဲ့အစည်းထံ ကျောကပ် ပင်ရင်း သက်သေခံလက်မှတ်ထုတ်ပေးရန်တင်ပြလျှောက်ထားနိုင်ပါသည်။ ထုတ်ပေးရေး အာဏာပိုင်/ အဖွဲ့အစည်းသည် အောက်ပါအခြေအနေများနှင့်ကိုက်ညီသော ကျောကပ် ပင်ရင်းဒေသ သက်သေခံ လက်မှတ်ကို ထုတ်ပေး ရမည်ဟု AANZFTA ၌ သတ်မှတ်ထားပါသည် -

(က) သက်တမ်းရှိသည့် မူရင်း CO (သို့မဟုတ်) ၎င်း၏မိတ္တူမှန်ကို တင်ပြသောအခါ၊

(ခ) ကျောကပ်ပင်ရင်းသက်သေခံလက်မှတ်၏ သက်တမ်းသည် မူရင်း CO ၏ သက်တမ်း ကာလထက် မကျော်လွန်သောအခါ၊

(ဂ) ကုန်တင်သွင်းမည့် AANZFTA နိုင်ငံသို့ ကုန်ပစ္စည်းများသယ်ဆောင်ရန် (သို့) ကုန်ပစ္စည်း များအား မပုပ်မသိုး မပျက်စီးစေရန်အတွက် သင်္ဘောပေါ်မှချခြင်း၊ သင်္ဘောပေါ်တင်ခြင်း၊ သိုလှောင်ခြင်း (သို့) အခြားလိုအပ်သော ဆောင်ရွက်မှုများပါဝင်သည့် ထုတ်ပိုးခြင်းနှင့် ထောက်ပံ့ပို့ဆောင်မှုကိစ္စရပ်များမှလွဲ၍ ကြားခံ AANZFTA နိုင်ငံတွင် အခြားပြုပြင်ထုတ် လုပ်မှု တစ်စုံတစ်ရာမပြုလုပ်ဘဲ ကျောကပ်ပင်ရင်း သက်သေခံလက်မှတ်ကို အသုံးပြု၍ ပြန်လည်တင်ပို့သည့်အခါ၊

(ဃ) ကျောကပ်ပင်ရင်း သက်သေခံလက်မှတ်တွင် မဖြစ်မနေဖော်ပြရမည့် အချက်အလက်များ **(ဇယား ၄ ရှု)** နှင့်အညီ CO Form မူရင်းမှ သက်ဆိုင်ရာအချက် အလက်များ ပါဝင် ရမည်။ FOB တန်ဖိုးသည် ကြားခံ AANZFTA နိုင်ငံမှတင်ပို့သော ကုန်ပစ္စည်း၏ FOB တန်ဖိုးဖြစ် ရမည်။

၅၇။ ပင်ရင်းဒေသသက်သေခံ လက်မှတ်ထုတ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ AANZFTA ROO နောက်ဆက်တွဲ၏ စည်းမျဥ်း ၁၇ နှင့် ၁၈ တွင် သတ်မှတ်ထားသည့် စစ်ဆေးရေးလုပ်ထုံးလုပ်နည်းများကိုလည်း ကျောကပ်ပင်ရင်းသက်သေခံလက်မှတ်၌ အသုံးပြုနိုင်ပါသည်။

**အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသထုတ်ကုန်ဖြစ်ကြောင်းစစ်ဆေးခြင်း**

၅၈။ ကုန်တင်သွင်းသည့် AANZFTA အဖွဲ့ဝင်နိုင်ငံမှ အကောက်ခွန်အာဏာပိုင်များသည် CO တစ် စောင်၏ မှန်ကန်မှု (သို့) ကုန်ပစ္စည်း၏ပင်ရင်းကို တင်ပြရာတွင် ထည့်သွင်းဖော်ပြသည့် အထောက်အထား စာရွက်စာတမ်းများအပေါ် သံသယရှိပါက အကြောင်းပြချက်ပေးနိုင်ရမည်။ အဆိုပါကိစ္စရပ်များအတွက် သဘောတူစာချုပ်တွင် ပင်ရင်းနိုင်ငံ၌ စစ်ဆေးခြင်းများအပါအဝင် ပင်ရင်းကုန်ပစ္စည်းစစ်ဆေးမှုလုပ်ထုံး လုပ်နည်းများကို သတ်မှတ်ထားပါသည်။ AANZFTA ပင်ရင်းကုန်ပစ္စည်းစစ်ဆေးမှုလုပ်ထုံး လုပ်နည်းများကို **နောက်ဆက်တွဲ (၁)** တွင် ဖော်ပြ ထားပါသည်။

**စာရွက်စာတမ်းအထောက်အထားများ သိမ်းဆည်းထားရှိရန်လိုအပ်ခြင်း**

၅၉။ ပို့ကုန်တင်ပို့သူများ၊ သွင်းကုန်တင်သွင်းသူများ၊ ထုတ်လုပ်သူများနှင့် ထုတ်ပေးရေး အာဏာပိုင်များသည် ကုန်ပစ္စည်းတင်ပို့ခြင်း၊ တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် အထောက်အထားများကို သက်ဆိုင်ရာ ကုန်ပစ္စည်း များသည် အကောက်ခွန်သက်သာခွင့်အတွက် အရည်အချင်းကိုက်ညီကြောင်းကိုပြသနိုင်ရန်အတွက် အနည်းဆုံး (၃) နှစ် ထိန်းသိမ်းထားရမည်။ အဆိုပါမှတ်တမ်းများကို အီလက်ထရွန်းနစ်ပုံစံဖြင့်လည်း ထိန်းသိမ်းနိုင်ပါသည်။

**ကုန်တင်သွင်းသည့်နိုင်ငံ၏ သက်ဆိုင်ရာအာဏာပိုင်က ပင်ရင်းဒေသသက်သေခံလက်မှတ်ကို လက်ခံခြင်း**

၆၀။ သာမန်အခြေအနေ၌ ကုန်တင်သွင်းသည့်အာဏာပိုင်များက CO ၏ ကျိုးကြောင်း ဆီလျော်မှန်ကန်မှုကို မေးခွန်းထုတ်စရာမရှိပါက သက်သေခံလက်မှတ်၌ ဖော်ပြထားသော ကုန်ပစ္စည်းများမှာ အကောက်ခွန်ဆိုင်ရာ သက်သာခွင့်အကျိုးကို ခံစားရမည်ဖြစ်ပါသည်။ သို့သော် ပင်ရင်းကုန်ပစ္စည်းသတ်မှတ်မှုအပေါ် သံသယရှိ၍ စစ်ဆေး မှုကိုဆောင်ရွက်နေပါက စစ်ဆေးနေစဥ်ကာလအတွက် အကောက်ခွန်ဆိုင်ရာ အကျိုးခံစားခွင့်ကို ခေတ္တ ဆိုင်းငံ့ထားနိုင်ပါသည်။ (ပင်ရင်းကုန်ပစ္စည်းစစ်ဆေးမှုသည် CO ကို မထိခိုက်ဘဲ ပင်ရင်းကုန်ပစ္စည်းမှန်ကန်ပါက စစ်ဆေးပြီးနောက်ပိုင်းတွင် အကောက်ခွန်ဆိုင်ရာ အကျိုးခံစားခွင့်ကို ပြန်လည်ခွင့်ပြုပေးရမည်)

၆၁။ ပို့ကုန်တင်ပို့သူတစ်ဦးသည် ကုန်တင်သွင်းသည့်နိုင်ငံတွင် အကောက်ခွန်ရှင်းလင်းခြင်း မပြုလုပ်ရသေးသော်လည်း ပို့ကုန်တင်ပို့ပြီး၊ တင်ပို့သည့် ကုန်ပစ္စည်း၏ နောက်ဆုံးဆိပ်ကမ်းကို ပြောင်းလဲလိုပါက ပို့ကုန် တင်ပို့သူသည် ကုန်ချဆိပ်ကမ်းပြောင်းလဲသည့်ကုန်ပစ္စည်းအတွက် CO အသစ်ကို လျှောက်ထားရမည်။ CO အသစ် လျှောက်ထားမှုအတွက် မူရင်း CO ကို တင်ပြရမည်။

၆၂။ CO တွင်ဖော်ပြထားသော ကုန်ပစ္စည်းများအား ANNZFTA အဖွဲ့ဝင်မဟုတ်သော နိုင်ငံတစ်ခု၏ နယ်မြေကိုဖြတ်၍သင်္ဘောတင်ဆောင်သွားပါကကုန်တင်သွင်းသည့်နိုင်ငံရှိ အကောက်ခွန်အာဏာပိုင်မှ အောက်ပါ အထောက်အထားများကိုစစ်ဆေးရမည် -

(က) ပို့ကုန်တင်ပို့သည့် နိုင်ငံတွင်ထုတ်ပေးသောခရီးစဥ် အစ/အဆုံး အထိ ပို့ဆောင်ထားသော သင်္ဘောတင်အထောက်အထား (through Bill of lading)

( ခ ) ပို့ကုန်တင်ပို့သည့်နိုင်ငံ၏ သက်ဆိုင်ရာထုတ်ပေးရေး အာဏာပိုင်/အဖွဲ့အစည်း ကထုတ်ပေးသော CO ၊

( ဂ ) သက်ဆိုင်ရာကုန်ပစ္စည်းအတွက် မူရင်းကုန်ပစ္စည်းတန်ဖိုးငွေတောင်းခံလွှာမိတ္တူ၊

(ဃ) ကုန်ပစ္စည်းကို တိုက်ရိုက်တင်ပို့ကြောင်း သက်သေပြသည့် အထောက်အထား၊ စာရွက်စာတမ်းများ၊

**ပေါင်းစပ်ပါဝင်ထုတ်လုပ်မှုနှင့် ပင်ရင်းဒေသသက်သေခံလက်မှတ်**

၆၃။ ကုန်ပစ္စည်းတစ်ခုသည် အဖွဲ့ဝင်နိုင်ငံတစ်ခု၌ ကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်ရာတွင် အခြားနိုင်ငံမှ ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ထုတ်လုပ်ပြီး၊ ANNZFTA ROO နှင့်ကိုက်ညီပါက ယင်းကုန်ချောအား ပြုလုပ် (သို့) တပ်ဆင်သည့် အဖွဲ့ဝင်နိုင်ငံ၏ ပင်ရင်းအဖြစ်ယူဆနိုင်သည်။

၆၄။ ကုန်ချောထုတ်လုပ်သူ/တင်ပို့သူသည် ဤသတ်မှတ်ပြဋ္ဌာန်းချက်၏အကျိုးကျေးဇူးကို ရယူခံစားလိုပါက ၎င်းတို့၌ အခြား AANZFTA အဖွဲ့ဝင်နိုင်ငံမှ တင်သွင်းသော ကုန်ကြမ်းပစ္စည်းသည် AANZFTA ၏ ပင်ရင်းဖြစ်ကြောင်း ပြသနိုင်သည့် လုံလောက်သည့် အထောက်အထား ပြည့်စုံစွာရှိရန်လိုအပ်ပါသည်။ ဥပမာ- "ကုန်ကြမ်းပစ္စည်း" သည် AANZFTA ၏ အကောက်ခွန် သက်သာခွင့်များ ခံစားခွင့်ကို ရယူခံစားရန် တင်သွင်း လာပါက CO ကို ပူးတွဲတင်ပြရမည်ဖြစ်ပြီး၊ ကုန်ချောထုတ်လုပ်သူ/တင်ပို့သူသည် အဆိုပါ CO ကို ထိန်းသိမ်းထားရှိရန် လည်း အရေးကြီးပါသည်။

## အပိုင်း (၁၀)

## အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသနှင့် အခြားအာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသများ၏ ပင်ရင်းဒေသစည်းမျဉ်းများ နှိုင်းယှဥ်ချက်

၆၅။ ဤလမ်းညွှန်စာစောင်တွင် AANZFTA ROO များအား ပို့ကုန်တင်ပို့သူများအနေဖြင့် ၎င်းတို့ ကုန်ပစ္စည်းများ၏ ပင်ရင်းကိုသက်သေပြနိုင်ရေးအတွက် ရွေးချယ်အသုံးပြုနိုင်ရန် သတ်မှတ်ထားသည့် နည်းလမ်းများကို ဖော်ပြထားပါသည်။ CTC နည်းလမ်းအတွက် အနည်းဆုံးပါဝင်မှု သတ်မှတ်ချက် နှင့် RVC နည်းလမ်းအတွက် တွက်ချက်မှုပုံစံ ရွေးချယ်ခွင့်တို့အား လုပ်သာကိုင်သာရှိစေရန်လည်း သတ်မှတ်ပေးထား ပါသည်။ ဆိုလိုသည်မှာ AANZFTA ROO များသည် အာဆီယံနှင့် ဆွေးနွေးညှိနှိုင်းထားသည့် အခြား FTA များတွင် အသုံးပြုနေသော ROO များနှင့် များစွာခြားနားမှု မရှိပါ။ **နောက်ဆက်တွဲ (၃)** တွင် ဤသဘောတူညီချက်နှင့် အာဆီယံ၏ အခြားသဘောတူညီချက် (၅) ခု ဖြစ်သော အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူညီချက် (ATIGA)၊ အာဆီယံ - ဂျပန် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု၊ အာဆီယံ - ကိုရီးယား ကုန်စည်ကုန်သွယ်ရေး သဘောတူညီချက်၊ အာဆီယံ - အိန္ဒိယ ကုန်စည် ကုန်သွယ်ရေး သဘောတူညီချက်နှင့် အာဆီယံ - တရုတ် ကုန်စည်ကုန်သွယ်ရေးသဘောတူညီချက် တို့အတွက် ROOs နှင့် OCPs ဆိုင်ရာ တူညီချက်များနှင့် ခြားနားချက်များကို ဖော်ပြထားပါသည်။ နှိုင်းယှဥ်ချက်၏ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

### တူညီမှုများကို လေ့လာခြင်း

၆၆။ FTA (၄) ခု (**နောက်ဆက်တွဲ ၃** ၏ ဇယား ၃.၁.က ကိုရှု) တွင် (ကုန်ပစ္စည်းအများစု အတွက်) ဒေသတွင်း တန်ဖိုးပါဝင်မှု (RVC) (၄၀ %) (သို့) H.S. ဂဏန်း (၄) လုံးအဆင့်၌ အကောက်ခွန်လိုင်း ပြောင်းလဲမှု (CTH) တို့ နှစ်ခုအနက်မှ ပို့ကုန်တင်ပို့သူက တစ်ခုခုကို ရွေးချယ်နိုင်သည့် နည်းလမ်းဖြစ်သော CO - equal နည်းလမ်းကို အသုံးပြုပါသည်။ FTA (၆) ခုစလုံးတွင် အဖွဲ့ဝင်နိုင်ငံများအကြား ပေါင်းစပ်ထုတ်လုပ်ခြင်းကို သဘောတူခွင့်ပြု ထားပါသည်။ ကုန်ချောပစ္စည်းအတွက် သွင်းကုန် ကုန်ကြမ်းတိုင်းသည် FTA ROO များနှင့် ကိုက်ညီရမည်ဟု သတ်မှတ်ထားပါသည်။ အာဆီယံ - ဂျပန် FTA မှလွဲ၍ ကျန် FTA အားလုံးတွင် RVC အား Build - up နည်းလမ်း (သို့) Build - down နည်းလမ်းတစ်ခုခုဖြင့် တွက်ချက်နိုင်ပါသည်။ ပို့ကုန်တင်ပို့သူများအနေဖြင့် မတူညီသော ပင်ရင်းဒေသစည်းမျဉ်းများ၏ လုပ်ဆောင်ချက်များကို နားလည်စေရန်ကြိုးပမ်းရာတွင် ကြုံတွေ့ရသည့် ရှုပ်ထွေးမှုများကို ရှောင်ရှားနိုင်ရန်အတွက် တူညီမှုများကို သိရှိနားလည်ရန် အရေးကြီးပါသည်။ အဆိုပါ တူညီမှုများသည် ပို့ကုန်လုပ်ငန်းရှင်များအား လက်တွေ့ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစေပါသည်။

### ကွဲပြားခြားနားမှုများကို လေ့လာခြင်း

၆၇။ ATIGA ROO တွင် RVC တွက်ချက်မှု၌ တစ်စိတ်တစ်ပိုင်းပေါင်းစပ်ပါဝင်မှုသည် အနည်းဆုံး (၂၀ %) ပါဝင်ပါက RVC တွက်ချက်မှုတွင် ထည့်သွင်းပါဝင်တွက်ချက်နိုင်သဖြင့် ယင်းမှာ အခြားသဘောတူညီချက်များထက် သာလွန်ပါသည်။ တစ်စိတ်တစ်ပိုင်း ပေါင်းစပ်ပါဝင်ကာ တွက်ချက်ထားသော RVC တွက်ချက်မှုအတွက် စည်းမျဉ်းများအား ATIGA ၏ နောက်ဆက်တွဲ (၆) တွင် ဖော်ပြထားပါသည်။

၆၈။ RVC တွက်ချက်မှုအတွက် အာဆီယံ - ဂျပန် FTA တွင် Build - Down တစ်ခုတည်းကိုသာ အသုံးပြုရန် သတ်မှတ်ထားပါသည်။

၆၉။ သဘောတူညီချက်များ၌ CTC မပြောင်းလဲသော ကုန်ပစ္စည်းထုတ်လုပ်မှုများအတွက် အခြားပစ္စည်း အနည်းဆုံးပါဝင်မှုသတ်မှတ်ချက် (de minimis) ကို (၁၀ %) အထိ ခွင့်ပြုထားသော်လည်း၊ အချို့သဘောတူညီ ချက်များတွင် ကွဲပြားခြားနားမှုများ ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အာဆီယံ - အိန္ဒိယနှင့် အာဆီယံ - တရုတ် သဘောတူညီမှုများ၌ CTC နည်းကို ခွင့်မပြုထားသဖြင့် de minimis စည်းမျဉ်းလည်း မရှိပါ။

**နောက်ဆက်တွဲ (၁)**

## အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ၏ ပင်ရင်းဒေသစည်းမျဉ်းအတွက် ကုန်ပစ္စည်း စစ်ဆေးသည့် လုပ်ထုံးလုပ်နည်းများ

၁။ ပင်ရင်းဒေသစည်းမျဉ်းများနှင့်ပတ်သက်၍ AANZFTA ၏ စစ်ဆေးခြင်းအား ပင်ရင်း ဒေသသက်သေခံ လက်မှတ်ထုတ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နောက်ဆက်တွဲ၏ စည်းမျဉ်း ၁၇ နှင့် ၁၈ တွင် အသေးစိတ် ဖော်ပြထားပါသည်။ လုပ်ထုံးလုပ်နည်းများအား အောက်တွင် အကျဉ်းချုပ်ဖော်ပြထားပါသည် -

**စစ်ဆေးသည့်လုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း**

၂။ ကုန်တင်သွင်းသည့်နိုင်ငံမှ အကောက်ခွန်အာဏာပိုင်များသည် AANZFTA ပင်ရင်းပစ္စည်းကို တင်ပြလာမှုအတွက် မှန်ကန်မှုအပေါ် သံသယရှိကြောင်း အကြောင်းပြချက်ရှိသည့် ကိစ္စရပ်များတွင် အာဏာပိုင်များကို အဆိုပါကိစ္စအား စစ်ဆေးမှုစတင်ရန် သဘောတူစာချုပ်က ခွင့်ပြုထားပါသည်။ အကောက်ခွန်အာဏာပိုင်များသည် စုံစမ်းစစ်ဆေးနေစဉ်ကာလအတွင်း အကောက်ခွန်သက်သာခွင့်ကို ဆိုင်းငံ့ထားနိုင်ပါသည်။ ကုန်ပစ္စည်းတစ်ခု၏ ပင်ရင်းကို စုံစမ်းစစ်ဆေးမှုစတင်ရာတွင် AANZFTA က တင်သွင်းသည့် အာဏာပိုင်များအား အောက်ပါတို့ကိုခွင့်ပြုပါသည် -

- CO ၏ မှန်ကန်မှုကို စစ်ဆေးရန်အတွက် နောက်ကြောင်း ပြန်စစ်ဆေးခြင်းကို စတင်ရန်၊
- စစ်ဆေးမည့်ကုန်ပစ္စည်း၏ သတင်းအချက်အလက်များကို သက်ဆိုင်ရာကုန်တင်သွင်းသူထံမှ တောင်းခံရန်၊
- ကုန်ပစ္စည်း ထုတ်လုပ်သူ (သို့) တင်ပို့သူ၏ သတင်းအချက်အလက်များ ရရှိရန်အတွက် ပို့ကုန်တင်ပို့သည့် နိုင်ငံ၏ ထုတ်ပေးရေးအာဏာပိုင်/အဖွဲ့အစည်းထံ စာဖြင့်ရေးသားတောင်းဆိုရန်၊

၃။ ကုန်တင်သွင်းသည့်နိုင်ငံမှအာဏာပိုင်များသည်ကုန်ပစ္စည်း၏ ပင်ရင်းကိုသွားရောက်စစ်ဆေးရန်အတွက် ကုန်တင်ပို့သည့်နိုင်ငံသို့သွားရောက်စစ်ဆေးရန်လိုအပ်သည်ဟုယူဆပါက ကုန်တင်သွင်းသည့်နိုင်ငံမှ အာဏာပိုင်များက သွားရောက်စစ်ဆေးခြင်း မပြုမီ အနည်းဆုံး ရက်ပေါင်း (၃၀) ကြိုတင်၍ စစ်ဆေးခွင့်ပြုနိုင်ရန်အတွက် ပို့ကုန်တင်ပို့သည့်နိုင်ငံရှိ CO Form ထုတ်ပေးသည့် အဖွဲ့အစည်းသို့ မေတ္တာရပ်ခံစာပေးပို့ရမည်။ CO Form ထုတ်ပေးသော ပို့ကုန်တင်ပို့သည့်နိုင်ငံမှထုတ်ပေးရေးအာဏာပိုင်/အဖွဲ့အစည်းသည် အစိုးရအေဂျင်စီမဟုတ်ပါက ကုန်တင်သွင်းသည့်နိုင်ငံ၏ အာဏာပိုင်များသည် ကုန်တင်ပို့သည့်နိုင်ငံရှိ သွားရောက် စစ်ဆေးမှုပြုလုပ်ရန် ရည်ရွယ်ထားသည့် အကောက်ခွန်အာဏာပိုင်ထံသို့ အကြောင်းကြားရမည်။

**အကွက် ၆ - သွားရောက်စစ်ဆေးမှုပြုလုပ်ရာတွင် လိုအပ်သောအထောက်အထားများ**

ကုန်တင်သွင်းသည့်နိုင်ငံ၏ အာဏာပိုင်များမှ သွားရောက်စစ်ဆေးမှုတစ်ခုအတွက် စာရေးသားတောင်းဆို ရာတွင် အောက်ပါအချက်အလက်များ (မဖြစ်မနေ) ပါဝင်ရမည် -

(က) တောင်းဆိုသည့် အကောက်ခွန်အာဏာပိုင်၏ အမည်

(ခ) သွားရောက်စစ်ဆေးမည့် ကုန်တင်ပို့သည့်နိုင်ငံမှ ကုန်ပစ္စည်းထုတ်လုပ်သူ (သို့) တင်ပို့သူ၏ အမည်

(ဂ) စာရေးသား မေတ္တာရပ်ခံသည့် ရက်စွဲ

(ဃ) သွားရောက်စစ်ဆေးရန် အဆိုပြုသည့် ရက်စွဲနှင့်နေရာ

(င) အဆိုပြုသည့် သွားရောက်စစ်ဆေးခြင်း၏ ရည်ရွယ်ချက်နှင့် အကြောင်းအရာ၊ (သွားရောက်စစ်ဆေးမည့် ကုန်ပစ္စည်းအတွက် အထောက်အထားအသေးစိတ် အပါအဝင်)

(စ) သွားရောက်စစ်ဆေးရာတွင် ပါဝင်မည့် ကုန်တင်သွင်းသည့်နိုင်ငံမှ အကောက်ခွန်အာဏာပိုင် (သို့) သက်ဆိုင်ရာ အာဏာပိုင်များ၏ အမည်နှင့် ရာထူး

**စစ်ဆေးသည့် လုပ်ငန်းများကို တုန့်ပြန်ဆောင်ရွက်မှုများ**

၄။ ကုန်တင်သွင်းသည့်နိုင်ငံမှ အာဏာပိုင်များက မေတ္တာရပ်ခံမှုအတွက် အချက်အလက်များ တောင်းဆို ခံရသည့်နိုင်ငံသည် မေတ္တာရပ်ခံသည့် သတင်းအချက်အလက်များကို မေတ္တာရပ်ခံသည့်ရက်မှ ရက်ပေါင်း (၉၀) အတွင်း အကြောင်းပြန်ကြားရမည်။ ကုန်တင်သွင်းသည့် အာဏာပိုင်များက ကုန်တင်ပို့သည့်နိုင်ငံများသို့ သွားရောက်စစ်ဆေးရန် စီစဥ်သည့်ကိစ္စရပ်များတွင် CO Form ထုတ်ပေးသည့် အာဏာပိုင်/အဖွဲ့အစည်းသည် တင်ပို့သူ (သို့) ထုတ်လုပ်သူနှင့် ဆက်သွယ်ရမည်ဖြစ်ပြီး၊ ၎င်းတို့က ယင်းတို့၏ အဆောက်အဦများသို့ ကုန်တင်သွင်းသည့် နိုင်ငံမှ အာဏာပိုင်များ လာရောက်စစ်ဆေးမှုကို ခွင့်ပြုပေးရန်နှင့် လာရောက်စစ်ဆေးသည့် ကုန်တင်သွင်းသည့် နိုင်ငံမှ အာဏာပိုင်များက တောင်းဆိုသည့် အချက်အလက်အားလုံးကို ထောက်ပံ့ပေးရန် ဖြစ်ပါသည်။

၅။ ကုန်တင်သွင်းသည့်နိုင်ငံမှ စစ်ဆေးမည့် အာဏာပိုင်များသည် စာဖြင့်ကြိုတင်ရေးသား ခွင့်ပြုချက် မရရှိဘဲ တင်ပို့သူ (သို့) ထုတ်လုပ်သူတစ်ဦး၏ အဆောက်အဦ (သို့) စက်ရုံသို့ သွားရောက်စစ်ဆေး ခွင့်မပြုပါ။ သွားရောက်စစ်ဆေးရန် မေတ္တာရပ်ခံချက်ကို လက်ခံသည်ဖြစ်စေ၊ ငြင်းပယ်သည်ဖြစ်စေ မေတ္တာရပ်ခံသည့် နေ့ရက်မှ ရက်ပေါင်း (၃၀)အတွင်း အကြောင်းပြန်ကြားရမည်။ လာရောက်စစ်ဆေးရန် တောင်းဆိုခြင်းခံရသည့် ပို့ကုန်တင်ပို့သူများနှင့် ထုတ်လုပ်သူများသည် လာရောက်စစ်ဆေးမှုအတွက် တောင်းဆိုမှုတစ်ခုကို အပြုသဘော တုန့်ပြန်ရန် ပျက်ကွက်ပါက (သို့) တောင်းဆိုသည့် သတင်းအချက် အလက်များကို ထောက်ပံ့ရန်ပျက်ကွက်ပါက အဆိုပါ စစ်ဆေးခံမည့် ကုန်ပစ္စည်းအတွက် အကောက်ခွန်ဆိုင်ရာ သက်သာခွင့်ကို ငြင်းပယ်ခံရနိုင်ကြောင်း နားလည်ထားရမည်။

၆။ စုံစမ်းစစ်ဆေးရေးအာဏာပိုင်များနှင့် CO Form ထုတ်ပေးရေးအာဏာပိုင်များသည် အတွင်းရေးဟု သတ်မှတ်ထားသည့် သတင်းအချက်အလက်အားလုံး ပေါက်ကြားမှုမရှိစေရေးအတွက် ထိန်းသိမ်းရန် လိုအပ်ကြောင်းနှင့် AANZFTA ၏ စုံစမ်းစစ်ဆေးရေးလုပ်ထုံးလုပ်နည်းအရသာ သတင်းအချက်အလက်များ စုစည်းရမည်ဖြစ်ကြောင်းတို့ကို ပို့ကုန် တင်ပို့သူများနှင့် ထုတ်လုပ်သူများအနေဖြင့် သတိပြုရပါမည်။

**စစ်ဆေးသည့်လုပ်ငန်းများ၏ ရလာဒ်များ**

၇။ AANZFTA အောက်ရှိ ပင်ရင်းဒေသစည်းမျဉ်း၏ စစ်ဆေးရေး လုပ်ထုံးလုပ်နည်းအရ စုံစမ်းစစ်ဆေးမှုကို ယင်းကုန်ပစ္စည်းများအတွက် CO Form ထုတ်ပေးရေး အာဏာပိုင်များထံမှ သတင်းအချက်အလက်များ ရရှိပြီးသည်မှ ရက်ပေါင်း (၁၅၀) အတွင်း ကုန်တင်သွင်းသည့် နိုင်ငံ၏ အာဏာပိုင်များမှ စစ်ဆေးမှုလုပ်ငန်းကို ပြီးစီးအောင်ဆောင်ရွက်ရမည်။ ပင်ရင်းပစ္စည်းဖြစ်ကြောင်း ဆုံးဖြတ်ရန် သက်ဆိုင်သည့် သတင်းအချက် အလက်အပြည့်အစုံရရှိပြီးနောက်ရက်ပေါင်း (၆၀) အတွင်း အကောက်ခွန်သက်သာခွင့်အတွက်ပင်ရင်းကုန်ပစ္စည်း အရည်အချင်းနှင့်ကိုက်ညီကြောင်း စုံစမ်းစစ်ဆေးသည့်အာဏာပိုင်များက စာဖြင့် ပြန်ကြားပေးရမည်။ စုံစမ်းစစ်ဆေးမှု အရ ကုန်ပစ္စည်းသည် ပင်ရင်းကုန်ပစ္စည်း၏ အရည်အချင်းနှင့်ကိုက်ညီလျှင် ယင်းကုန်ပစ္စည်းအတွက် စုံစမ်းစစ် ဆေးမှုကာလအတွင်း အကောက်ခွန်သက်သာခွင့်ကို ဆိုင်းငံ့ထားပါက အဆိုပါအကောက်ခွန်သက်သာခွင့် ဆိုင်းငံ့ထားမှုကို ပြန်လည်ပေးအပ်ရမည်။

**ပုံစံ ၄**

**စစ်ဆေးရေးလုပ်ထုံးလုပ်နည်းများအတွက် အချိန်ဇယား**



**နောက်ဆက်တွဲ (၂)**

## ပင်ရင်းဒေသစည်းမျဉ်းဆိုင်ရာ လက်တွေ့လေ့ကျင့်ခန်းများ

၁။ အောက်ဖော်ပြပါ လက်တွေ့လေ့ကျင့်ခန်းများသည် အာဆီယံ ပို့ကုန်တင်ပို့သူများအား ၎င်းတို့ ကိုယ်တိုင် AANZFTA ROO နှင့် ရင်းနှီးကျွမ်းဝင်စေရေးအတွက် ကူညီပံ့ပိုးပေးရန် ရည်ရွယ်ပါသည် -

### အကောက်ခွန် (H.S. Code) သတ်မှတ်ချက် ပြောင်းလဲခြင်း (CTC) ဆိုင်ရာ လေ့ကျင့်ခန်းများ

**လေ့ကျင့်ခန်း (၁)**

- Valve Casting အား တရုတ်နိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ တင်သွင်းပြီး၊ နယူးဇီလန်သို့ ပြန်လည်တင်ပို့ပါသည်။ နောက်ဆုံးတင်ပို့သည့် ကုန်ပစ္စည်းမှာ အကောက်ခွန် H.S. 8481.10 ဖြစ်ပြီး၊ မူလကုန်ပစ္စည်းမှာ အကောက်ခွန် H.S. 8481.90 ဖြစ်ပါသည်။
- ကုန်ပစ္စည်း H.S. 8481.10 ကုန်စည်အတွက် ROO မှာ RVC (40%) (သို့) CTH **(သို့မဟုတ်)** RVC (35%) + CTSH ဖြစ်သည်။
- နောက်ဆုံးတင်ပို့သည့် ကုန်ပစ္စည်းသည် CTC စည်းမျဉ်းအရ ပင်ရင်းကုန်ပစ္စည်းဖြစ်ပါသလား။

**လေ့ကျင့်ခန်း (၂)**

- မလေးရှားနိုင်ငံမှ Copper Tubes (H.S. 7411.10) ထုတ်လုပ်သူတစ်ဦးသည် ဩစတြေးလျနိုင်ငံမှ Copper Billets (H.S. 7403.13) ကို တင်သွင်းပါသည်။ ကြေးနီကို ပါပူဝါနယူးဂီနီမှ တူးဖော်ရရှိပြီး၊ ပြန်လည်မသန့်စင်ရသေးသော ကြေးနီ (H.S. 7402) ကို ဩစတြေးလျနိုင်ငံအတွင်းသို့ ဓါတုပေါင်းစပ်မှု ပြုလုပ်ရန် တင်သွင်းပါသည်။
- ကုန်ပစ္စည်း H.S. 7403.13 အတွက် ကိုက်ညီရမည့်စည်းမျဉ်းမှာ RVC (40%) (သို့) CTH ဖြစ်ပြီး ၊ကုန်ပစ္စည်း H.S. 7411.10 အတွက် ကိုက်ညီရမည့်စည်းမျဉ်းမှာ RVC (40%) (သို့) CTH ဖြစ်လျှင် Copper Tube သည် CTC စည်းမျဉ်း နှင့် ကိုက်ညီပါသလား။

**လေ့ကျင့်ခန်း (၃)**

- အမျိုးအစားခွဲခြားသည့်စက် (H.S. 8433.60) ကို အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့ရန် ဩစတြေးလျနိုင်ငံတွင် ထုတ်လုပ်ပါသည်။ စက်၌ ပင်ရင်းကုန်ပစ္စည်းများနှင့် ပင်ရင်းမဟုတ်သော ဂျပန်နိုင်ငံမှ လျှပ်စစ်မော်တာ (H.S. 8501) များနှင့် ကိုရီးယားနိုင်ငံမှ မီးခလုတ် (HS. 8519) များ ပါဝင်ပါသည်။
- ကုန်ပစ္စည်း H.S. 8433.60 အတွက် ကိုက်ညီရမည့်စည်းမျဉ်း မှာ RVC (40%) (သို့ ) CTSH ဖြစ်လျှင် အမျိုးအစားခွဲခြားသည့်စက်သည် CTC စည်းမျဉ်းနှင့်ကိုက်ညီခြင်းရှိပါသလား။

**လေ့ကျင့်ခန်း (၄)**

- မော်တော်ယာဉ်များအတွက် လေအိတ် (H.S. 8708.99) များကို ထိုင်းနိုင်ငံတွင် ထုတ်လုပ်ပါသည်။ ဂျပန်မှတင်သွင်းသော ကုန်ပစ္စည်းများကို ကုန်ချောထုတ်လုပ်ရာ၌ အသုံးပြုပါသည်။ အဆိုပါပစ္စည်းများမှာ initiators (H.S. 3603.00)၊ ဇကာ (H.S. 7314.12)နှင့် ကလစ် (H.S. 8505.90) တို့

ဖြစ်ပါသည်။ လေ့အိတ်၌ AANZFTA ပင်ရင်းဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံမှ ထုတ်လုပ်သော gas canisters ငယ်များ (H.S. 8708.99) တို့လည်း ပေါင်းစပ်ပါဝင်ပါသည်။

- ကုန်ပစ္စည်း H.S. 8708.99 အတွက် ကိုက်ညီရမည့်စည်းမျဉ်းမှာ RVC (40%) + CTSH ဖြစ်လျှင်အဆိုပါလေ့အိတ်များသည် CTC စည်းမျဉ်းနှင့် ကိုက်ညီခြင်းရှိပါသလား။

**လေ့ကျင့်ခန်း (၅)**

- ရွှေ့ပြောင်းနိုင်သော ပုလင်းဖြည့်စက် (H.S. 8422.30) ကို နယူးဇီလန်နိုင်ငံမှ ထုတ်လုပ်ပါသည်။ ဂျာမဏီမှ တင်သွင်းသော ကုန်ပစ္စည်းများအား စက်ထုတ်လုပ်ရာတွင် အသုံးပြုပြီး၊ ယင်းတို့တွင် Hydraulic cylinders (HS. 8412.21)၊ Conunter Weights (H.S. 8431.39) နှင့် တာယာ (H.S. 4012.90) တို့ပါဝင်သည်။
- ကုန်ပစ္စည်း H.S. 8422.30 အတွက် ကိုက်ညီရမည့်စည်းမျဉ်း မှာ RVC (40%)(သို့)CTSH ဖြစ်လျှင်ရွှေ့ပြောင်းနိုင်သောပုလင်းဖြည့်စက်သည် CTC စည်းမျဉ်းနှင့် ကိုက်ညီခြင်းရှိပါသလား။

## ဒေသတွင်းတန်ဖိုးပါဝင်မှု တွက်ချက်ခြင်း (RVC) ဆိုင်ရာလေ့ကျင့်ခန်းများ

**လေ့ကျင့်ခန်း (၆)**

- စင်္ကာပူတွင် ထုတ်လုပ်သော စားပွဲတင်ဓါးများ (H.S. 8211.91) အား အမေရိကန်ဒေါ်လာ ၁၀.၀၀ ဖြင့်ရောင်းချပါသည်။ အဆိုပါဓါး ပြုလုပ်ရာတွင် အသုံးပြုသော သတ္တု လက်ကိုင်များ (H.S. 8211.95)( တန်ဖိုး -အမေရိကန်ဒေါ်လာ ၅.၆၀ )များကို ဂျပန် နိုင်ငံမှတင်သွင်းပါသည်။ ဓါးသွားများ (H.S. 8211.94) မှာ အမေရိကန်ဒေါ်လာ ၃.၇၅ တန်ဖိုးရှိပြီး၊ အင်ဒိုနီးရှားနိုင်ငံ၌ ထုတ်လုပ်ကာ AANZFTA ပင်ရင်း ဖြစ်ပါသည်။
- ကုန်ပစ္စည်းများ H.S. 8211.91 အတွက် ကိုက်ညီရမည့်စည်းမျဉ်း မှာ RVC (40%) (သို့) CC ဖြစ်လျှင် စားပွဲတင်ဓါး များမှာ RVC စည်းမျဉ်းနှင့်ကိုက်ညီခြင်းရှိပါသလား။

**လေ့ကျင့်ခန်း (၇)**

- သစ်သားပရိဘောဂများ (H.S. 9403.50) ကို မလေးရှားနိုင်ငံတွင် ထုတ်လုပ်ပြီး၊ အမေရိကန်ဒေါ်လာ ၁၀၀ ဖြင့် ရောင်းချပါသည်။ ပရိဘောဂအစိတ်အပိုင်းများ (H.S. 9403.90) အား တရုတ်တိုင်ပေမှ တင်သွင်းပါသည်။ အဆိုပါအစိတ်အပိုင်းများမှာ အမေရိကန်ဒေါ်လာ ၆၃ တန်ဖိုးရှိပြီး၊ မလေးရှား နိုင်ငံတွင် ထုတ်လုပ်သော AANZFTA ပင်ရင်းကုန်ကြမ်းပစ္စည်းများမှာ အမေရိကန်ဒေါ်လာ ၃၄ တန်ဖိုးရှိပါသည်။
- ကုန်ပစ္စည်းများ H.S. 9403.50 အတွက် ကိုက်ညီရမည့်စည်းမျဉ်း မှာ RVC (40%) (သို့) CTH **(သို့မဟုတ်)** RVC (35%)+CTSH ဖြစ်လျှင်ပရိဘောဂပစ္စည်းသည် AANZFTA ROO အရ ပင်ရင်းဖြစ်ပါသလား။

**လေ့ကျင့်ခန်း (၈)**

- ဂီယာဘောက်စ် (H.S. 8708.40) များကို ဩစတြေးလျတွင် ထုတ်လုပ်ပြီး အမေရိကန်ဒေါ်လာ ၁၀၀၀ ဖြင့် ရောင်းချပါသည်။ ဂီယာဘောက်စ်ထုတ်လုပ်မှုတွင် အမေရိကန်ဒေါ်လာ ၃၀၀ တန် ကိုရီးယားမှ ကုန်ကြမ်း (H.S. 7318) နှင့် အမေရိကန်ဒေါ်လာ ၂၈၀ တန် အမေရိကန်ပြည်ထောင်စုမှ ကုန်ကြမ်း (H.S. 8708.99) ပါဝင်သကဲ့သို့ အမေရိကန်ဒေါ်လာ ၁၂၅ တန် အင်ဒိုနီးရှားနိုင်ငံမှ AANZFTA ပင်ရင်းမဟုတ်သည့် ကုန်ကြမ်း (H.S. 7318) တို့ပါဝင်ပါသည်။
- ကုန်ပစ္စည်း H.S. 7808.40 အတွက် ကိုက်ညီရမည့်စည်းမျဉ်း မှာ RVC (40%) ဖြစ်လျှင် ဂီယာဘောက်စ်များသည် ပင်ရင်းကုန်ပစ္စည်းများဖြစ်ပါသလား။

**လေ့ကျင့်ခန်း (၉)**

- Automotive muffler (H.S. 8708.92) များကို ထိုင်းနိုင်ငံတွင် ထုတ်လုပ်ပြီး၊ အမေရိကန်ဒေါ်လာ ၁၅၀ ဖြင့် ရောင်းချပါသည်။ muffler တစ်ခုချင်းစီအတွက် အမေရိကန်ဒေါ်လာ ၃၃ တန် ကုန်ကြမ်းပစ္စည်းများကို ထိုင်းနိုင်ငံတွင် ထုတ်လုပ်ပြီး အခြား အမေရိကန်ဒေါ်လာ ၈ တန် AANZFTA ပင်ရင်းကုန်ကြမ်းများကို မလေးရှားနိုင်ငံမှ တင်သွင်းပါသည်။ Muffler တစ်ခုစီအတွက် အလုပ်သမားခ အမေရိကန်ဒေါ်လာ ၉၊ ထုတ်လုပ်မှု ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၃ နှင့် ပို့ကုန်တင်ပို့သည့် ဆိပ်ကမ်းအရောက်သင်္ဘောတင်ခအမေရိကန်ဒေါ်လာ ၃ ကုန်ကျပါသည်။ ထုတ်လုပ်သူသည် Muffler တစ်ခုချင်းရောင်းချရမှုမှ အမြတ် အမေရိကန်ဒေါ်လာ ၆ ရရှိပါသည်။
- ကုန်ပစ္စည်း H.S. 8708.92 အတွက် ကိုက်ညီရမည့်စည်းမျဉ်း သည် RVC (40%) ဖြစ်လျှင်Mufflers များသည် ပင်ရင်းဖြစ်ပါသလား။

**လေ့ကျင့်ခန်း (၁၀)**

- မိုက်ခရိုဝေ့ဖ်မီးဖို (H.S. 8515.50) များကို ဗီယက်နမ်တွင် ထုတ်လုပ်ပြီး၊ အမေရိကန်ဒေါ်လာ ၂၀၀ ဖြင့် ရောင်းချပါသည်။ အမေရိကန်ဒေါ်လာ ၁၀၀ တန် လျှပ်စစ်အပူခံကိရိယာ (H.S. 8510.80) နှင့် အမေရိကန်ဒေါ်လာ ၂၈ တန် လျှပ်စစ်အပူပေးကုန်ပစ္စည်းများအတွက် အခြားအစိတ်အပိုင်းများ (H.S. 8516.90)ကို ဟောင်ကောင်မှ တင်သွင်းပြီး၊ မိုက်ခရိုဝေ့ဖ် မီးဖို ထုတ်လုပ်ရာတွင် အသုံးပြု ပါသည်။
- ကုန်ပစ္စည်း H.S. 8515.50 အတွက် ကိုက်ညီရမည့်စည်းမျဉ်း မှာ RVC (40%) (သို့)CTH (သို့မဟုတ်) RVC (35%)+CTSH ဖြစ်လျှင်မိုက်ခရိုဝေ့ဖ်မီးဖိုများသည် စည်းမျဉ်းနှင့် ကိုက်ညီမှု ရှိပါသလား။

၁၂

## လေ့ကျင့်ခန်းများအတွက် အဖြေများ

## အကောက်ခွန် (H.S. Code) သတ်မှတ်ချက် ပြောင်းလဲခြင်း (CTC) လေ့ကျင့်ခန်းများ

**လေ့ကျင့်ခန်း (၁)**

H.S 8481.10 ကုန်ပစ္စည်းအတွက် သတ်မှတ်ထားသော ROO မှာ CTH ဖြစ်သောကြောင့် ပင်ရင်းမဟုတ်သော သွင်းအားစု ကုန်ကြမ်းများ အားလုံးသည် H.S Code ခေါင်းစဥ် ပြောင်းလဲရမည်ဖြစ်သဖြင့် H.S Code ခေါင်းစဥ် 8481 မှလွဲ၍ ကျန်မည်သည့် ခေါင်းစဥ်တွင်မဆို သတ်မှတ်ထားသည့် ပစ္စည်းများ ဖြစ်ရန်လိုအပ်ပါသည်။ ဖော်ပြထားသော သွင်းအားစုကုန်ကြမ်းသည် H.S Code ခေါင်းစဥ် 8481 အတွင်း၌သာ ဖြစ်နေသောကြောင့် နောက်ဆုံးထုတ်ကုန်သည် ROO နှင့် ကိုက်ညီမှုမရှိဘဲ CTC စည်းမျဥ်းအရ ပင်ရင်းမဟုတ်သော ကုန်ပစ္စည်း ဖြစ်ပါသည်။ အကယ်၍ ကုန်ချောပစ္စည်းသည် RVC 35% ဖြစ်နေပါက ယင်းကုန်ပစ္စည်းသည် ပင်ရင်းကုန် ပစ္စည်း ဖြစ်ပါသည်။

**လေ့ကျင့်ခန်း (၂)**

H.S Code ခေါင်းစဥ် 7411 ကုန်ပစ္စည်းအတွက် သတ်မှတ်ထားသော ROO မှာ CTH ဖြစ်သောကြောင့် ပင်ရင်း မဟုတ်သော သွင်းအား စုကုန်ကြမ်းများအားလုံးသည် အခြားမည်သည့် ခေါင်းစဥ်တွင်မဆို (ဥပမာ - H.S Code ခေါင်းစဥ် 7411 မှလွဲ၍ အခြားမည်သည့် ခေါင်းစဥ်တွင်မဆို) သတ်မှတ်ထားသည့် ကုန်ပစ္စည်းများဖြစ်ရမည် ဖြစ်ပါသည်။ တင်သွင်းလာသော Copper Billets များကို H.S Code ခေါင်းစဥ် 7403 တွင် ထည့်သွင်း သတ်မှတ် သောကြောင့် Copper Tubes ( H.S 7411.10) များသည် ROOနှင့် ကိုက်ညီသည့် ပင်ရင်းကုန်ပစ္စည်း များဖြစ်ပါသည်။ H.S Code ခေါင်းစဥ် 7403 တွင် သတ်မှတ်ထားသော ကုန်ပစ္စည်းများအတွက် ROO မှာ ပင်ရင်းမဟုတ်သော သွင်းအားစုကုန်ကြမ်းများအားလုံးသည် အခြားမည်သည့်ခေါင်းစဥ်တွင်မဆို (ဆိုလိုသည်မှာ - H.S Code ခေါင်းစဥ် 7403 မှလွဲ၍ အခြား မည်သည့်ခေါင်းစဥ်တွင်မဆို) သတ်မှတ်ထားသည့် ကုန်ပစ္စည်း များဖြစ်ရမည်ဟု သတ်မှတ်ထားသောကြောင့် ၎င်းသည် ပင်ရင်းကုန်ပစ္စည်းဖြစ်ပါသည်။ တင်သွင်းလာသည့် မသန့်စင်ရသေးသည့် ကြေးနီများကို H.S Code ခေါင်းစဥ် 7402 တွင် သတ်မှတ်ထားသောကြောင့် Copper Billets ( H.S 7403.13) သည် ROO နှင့်ကိုက်ညီပြီး ပင်ရင်းကုန်ပစ္စည်းတစ်ခု ဖြစ်ပါသည်။

**လေ့ကျင့်ခန်း (၃)**

H.S. Code ခေါင်းစဥ်ခွဲ 8433.60 ကုန်ပစ္စည်းအတွက် ပါဝင်သော ROO မှာ CTSH ဖြစ်သောကြောင့် ပင်ရင်း မဟုတ်သော သွင်းကုန်ကုန်ကြမ်းအားလုံးသည် အခြားမည်သည့် ခေါင်းစဥ်ခွဲမဆို (ဆိုလိုသည်မှာ H.S. 8433.60 မှလွဲ၍ အခြားမည်သည့်ခေါင်းစဥ်ခွဲတွင်မဆို) ဖြစ်ရပါမည်။ တင်သွင်းလာသော လျှပ်စစ်မော်တာများနှင့် မီးခလုတ်များမှာ H.S. 8501 နှင့် H.S. 8519 ဖြစ်ကြသဖြင့် (၎င်းတို့ နှစ်ခုစလုံးမှာ H.S. Code ခေါင်းစဥ်ခွဲ 8433.60 များမဟုတ်ကြပါ)၊ သို့ပါ၍ အမျိုးအစားခွဲခြားသည့်စက်သည် ROO နှင့် ကိုက်ညီပြီး ပင်ရင်းကုန် ပစ္စည်းဖြစ်ပါသည်။

**လေ့ကျင့်ခန်း (၄)**

CTC စည်းမျဉ်းရှုထောင့်မှကြည့်လျှင် လေအိတ် ( H.S 8708.99) သည် ပင်ရင်းကုန်ပစ္စည်းအဖြစ် အရည်အချင်း ကိုက်ညီပါသည်။ အဘယ့်ကြောင့်ဆိုသော် ပင်ရင်းမဟုတ်သည့် ကုန်ပစ္စည်းများသည် H.S. Code ခေါင်းစဉ်ခွဲ 8708.99 မဟုတ်သောကြောင့်ဖြစ်ပြီး၊ အင်ဒိုနီးရှားမှ Canisters များသည် AANZFTA ၏ပေါင်းစပ်တွက်ချက်မှု နည်းလမ်းအရ ပင်ရင်းကုန်ပစ္စည်းများ ဖြစ်သောကြောင့်ဖြစ်ပါသည်။ သို့သော် လေအိတ်မှာ သီးသန့် ကုန်စည် စည်းမျဉ်းဖြစ်သော H.S Code ခေါင်းစဉ်ခွဲ ပြောင်းလဲခြင်းနှင့် RVC 40% ပြည့်မီမှု (၂) ခုစလုံးနှင့်ပါ ကိုက်ညီ မှသာ ပင်ရင်း ကုန်ပစ္စည်း ဖြစ်မည် ဖြစ်သဖြင့် RVC တွက်ချက်မှု ရလာဒ်ကို မသိရှိဘဲ လေအိတ်များသည် ပင်ရင်း ကုန်ပစ္စည်း ဟုတ်/မဟုတ်ကို ဆုံးဖြတ်နိုင်မည် မဟုတ်ပါ။

**လေ့ကျင့်ခန်း (၅)**

H.S. Code ခေါင်းစဉ်ခွဲ 8422.30 ကုန်ပစ္စည်းအတွက် သတ်မှတ်ထားသော ROO မှာ CTSH ဖြစ်သော ကြောင့်ပင်ရင်းမဟုတ်သော သွင်းကုန်ပစ္စည်းများအားလုံးသည် အခြားခေါင်းစဉ်ခွဲများအောက်မှ ဖြစ်ရပါမည်။ (ဆိုလို သည်မှာ - H.S. 8422.30 မှလွဲ၍ မည်သည့်ခေါင်းစဉ်ခွဲတွင်မဆို) တင်သွင်းလာသည့် ဟိုက်ဒရောလစ် ဆလင်ဒါများ၊ counterweight များနှင့် တာယာများသည် H.S. 8422.30 မှလွဲ၍ ကျန်ခေါင်းစဉ်ခွဲများမှ ဖြစ်သောကြောင့် ပုလင်းဖြည့်စက်သည် ပင်ရင်းဒေသစည်းမျဉ်းဖြစ်သော CTC စည်းမျဉ်းနှင့် ကိုက်ညီသဖြင့် ပင်ရင်းကုန်ပစ္စည်းများ ဖြစ်ပါသည်။

**ဒေသတွင်း တန်ဖိုးပါဝင်မှု တွက်ချက်ခြင်း (RVC) လေ့ကျင့်ခန်းများ**

**လေ့ကျင့်ခန်း(၆)**

Built-down ဖော်မြူလာကို အသုံးပြု၍ FOB ဈေးနှုန်း အမေရိကန်ဒေါ်လာ 10.00 တွင် ပင်ရင်းမဟုတ်သော ဂျပန်နိုင်ငံမှ ပစ္စည်းများ၏ တန်ဖိုး အမေရိကန်ဒေါ်လာ 5.60 ကို နှုတ်ပြီး၊ FOB ဈေးနှုန်းနှင့် စားခြင်းဖြင့် 44% ရရှိပါသည်။ ထို့ကြောင့် ဓါးများသည့် ပင်ရင်းကုန်ပစ္စည်းများဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ထုတ်လုပ်သော ဓါးသွားများနှင့်ဂျပန်မှသတ္တုလက်ကိုင်များကို ပေါင်းစပ်၍ စက်ရုံတွင် တန်ဖိုးမြင့်ထုတ်လုပ်ရောင်းချခြင်း ဖြစ်ပါ သည်။

$$RVC = \frac{\$\,10.00 - \$\,5.60}{\$\,10.00} = \frac{\$\,4.40}{\$\,10.00} = 0.44 \times 100\% = 44\%$$

**လေ့ကျင့်ခန်း (၇)**

မေးခွန်းပါပရိဘောဂသည် ပထမပင်ရင်းဒေသစည်းမျဉ်းဖြစ်သည့် RVC (40%) စည်းမျဉ်းနှင့် မကိုက်ညီပါ။ အဘယ်ကြောင့်ဆိုသော် build - down ဖော်မြူလာကို အသုံးပြုတွက်ချက်ပါက တန်ဖိုး၏ 63% သည် AANZFTA ၏ပင်ရင်းမဟုတ်သော တရုတ်တိုင်ပေမှ ကုန်ပစ္စည်းများဖြစ်ပါသည်။ ပရိဘောဂသည် ဒုတိယပင်ရင်းဒေသစည်း မျဉ်းဖြစ်သော CTC စည်းမျဉ်း (CTH) နှင့်လည်း မကိုက်ညီပါ။ အဘယ့်ကြောင့်ဆိုသော် ပရိဘောဂနှင့် ပရိဘောဂ ပစ္စည်းများမှာ H.S. Code ခေါင်းစဉ် 9403 အောက်တွင်ရှိသောကြောင့် ဖြစ်ပါသည်။ သို့သော် ပရိဘောဂသည်

တတိယပင်ရင်းဒေသ စည်းမျဉ်းဖြစ်သော [RVC(35%)+CTSH] နှင့် ကိုက်ညီသဖြင့် ပင်ရင်းကုန်ပစ္စည်း ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် build- down ဖော်မြူလာဖြင့် တွက်ချက်ပါက RVC 37% ရရှိပြီး RVC 35%ထက်ကျော်လွန်သည့်အပြင် တင်သွင်းသည့်ကုန်ပစ္စည်း H.S. 9403.90 မှ နောက်ဆုံးထုတ်လုပ်သည့် H.S. Code ခေါင်းစဉ်ခွဲ 9403.50 သို့ ပြောင်းလဲသွားသည့်အတွက် H.S Code ခေါင်းစဉ်ခွဲပြောင်းလဲမှု (CTSH) စည်းမျဉ်းနှင့် ကိုက်ညီပါသည်။

**လေ့ကျင့်ခန်း( ၈)**

RVC တွက်ချက်ရန်အတွက် build-down ဖော်မြူလာကို အသုံးပြုပြီး၊ FOB တန်ဖိုး ၁၀၀၀ တွင် ကိုရီးယား၏ ကုန်ကြမ်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၀ ၊ အမေရိကန်၏ ကုန်ကြမ်းတန်ဖိုး အမေရိကန် ဒေါ်လာ ၂၈၀ ၊ အင်ဒိုနီးရှားမှ AANZFTA ပင်ရင်းကုန်ကြမ်း မဟုတ်သော ကုန်ကြမ်း၏တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၅ တို့ကို နှုတ်၍ RVC တွက်ချက်ရာ RVC 30% သာရှိသဖြင့် RVC သတ်မှတ်ချက် 40% ကို ပြည့်မီခြင်းမရှိသည့်အတွက် ကြောင့် ဂီယာဘောက်စ်များသည် ပင်ရင်းကုန်ပစ္စည်းမဟုတ်ကြောင်း တွေ့ရှိရပါသည်။

$$RVC = \frac{\$1000 - \$300 - \$280 - \$125}{\$1000} = \frac{\$295}{\$1000} = 0.30 \times 100\,\% = 30\%$$

**လေ့ကျင့်ခန်း (၉)**

Automatic Mufflers များသည် ပင်ရင်းကုန်ပစ္စည်းများ ဟုတ်/ မဟုတ်ကို ကြည့်ရန် တိုက်ရိုက်တွက်ချက်နည်းကို အသုံးပြု၍ RVC တွက်ချက်ခြင်းကို ပြုလုပ်ရပါမည်။ ပေါင်းစပ်ပါဝင် တွက်ချက်မှု စည်းမျဉ်းအရ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ကုန်ပစ္စည်းများ ကို AANZFTA ပစ္စည်းများအဖြစ် မှတ်ယူနိုင်ပါသည်။

$$RVC = \frac{\$41 + \$9 + \$3 + \$6 + \$3}{\$150} = \frac{\$62}{\$150} = 0.413 \times 100\,\% = 41.3\,\%$$

Mufflers များ၏ RVC 41.3% သည် AANZFTA စည်းမျဉ်းအရ သတ်မှတ်ထားသည့် RVC 40% နှင့် ကိုက်ညီသည်ဟု တွက်ချက်မှုမှ ဖော်ပြပါသည်။

**လေ့ကျင့်ခန်း (၁၀)**

Build-down ဖော်မြူလာကို အသုံးပြုတွက်ချက်ခြင်းက မိုက်ခရိုဝေ့ဖ်မီးဖို၏ RVC မှာ 36% ရှိသောကြောင့် RVC (40%) စည်းမျဉ်းနှင့်မကိုက်ညီကြောင်း တွေ့ရှိရပါသည်။ resistors နှင့် အခြားအစိတ် အပိုင်းများသည်လည်း မီးဖိုနှင့် H.S Code ခေါင်းစဉ်တူ H.S. 8516 အောက်မှ ဖြစ်သောကြောင့် CTH စည်းမျဉ်း နှင့်လည်း ကိုက်ညီမှု မရှိပါ။ သို့သော် resistor (H.S. 8516.80) နှင့် အခြားအစိတ်အပိုင်းများ (H.S. 8516.90) ကို ပေါင်းစပ်ထုတ်လုပ်ရာတွင် ဖြစ်ပေါ်လာသော မီးဖို (H.S. 8516.50)သည် H.S Code ခေါင်းစဉ်ခွဲမတူညီသော ခေါင်းစဉ်ခွဲတစ်ခုသို့ ပြောင်းလဲသွားသောကြောင့် ယင်းမီးဖိုများသည် ပင်ရင်းကုန်ပစ္စည်းများ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် RVC (35%) + CTSH ပင်ရင်းဒေသစည်းမျဉ်းနှင့် ကိုက်ညီသွားသောကြောင့် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၃)

**အာဆီယံကုန်သွယ်ရေး သဘောတူစာချုပ်အချို့၏ ပင်ရင်းဒေသစည်းမျဉ်းဆိုင်ရာ နှိုင်းယှဉ်ချက်**

အာဆီယံကုန်သွယ်ရေးသဘောတူစာချုပ် ၆ ခု အကြား တူညီချက်များနှင့် ကွဲပြား ချက်များ-

(က) အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ် (AANZFTA) - ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် လက်မှတ်ထိုးပါသည်။

( ခ ) အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် (ATIGA) - ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ လ ၂၆ ရက်နေ့တွင် လက်မှတ်ထိုးပါသည်။

( ဂ ) အာဆီယံ - ဂျပန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် - ၂၀၀၈ ခုနှစ် ဧပြီလ ၁၄ ရက်နေ့တွင် လက်မှတ်ထိုးပါသည်။

(ဃ) အာဆီယံ - ကိုရီယား ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် - ၂၀၀၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် လက်မှတ်ထိုးပါသည်။

( င ) အာဆီယံ - အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် - ၂၀၀၉ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် လက်မှတ်ထိုးပါသည်။

( စ ) အာဆီယံ - တရုတ် ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် - ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၉ ရက်နေ့တွင် လက်မှတ်ထိုးပါသည်။

## ဇယား ၅

## အာဆီယံ ကုန်သွယ်ရေးသဘောတူစာချုပ်အချို့၏ ပင်ရင်းဒေသစည်းမျဉ်းဆိုင်ရာနှိုင်းယှဉ်ချက်ဇယား

| သဘောတူစာချုပ် | အာဆီယံ-ဩစတြေးလျ-နယူးဇီလန် (AANZFTA) | အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် | အာဆီယံ-ဂျပန် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု | အာဆီယံ-ကိုရီးယား ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် | အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် | အာဆီယံ-တရုတ် ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် |
|---|---|---|---|---|---|---|
| ပင်ရင်း၏အခြေခံ စည်းမျဉ်းများ | RVC(40%) (သို့မဟုတ်) CTC(ဂဏန်း၄လုံးအဆင့် ပြောင်းလဲခြင်း) | RVC(40%) (သို့မဟုတ်) CTC (ဂဏန်း၄လုံး) | RVC(40%) (သို့မဟုတ်) CTC (ဂဏန်း၄လုံး) | RVC(40%) (သို့မဟုတ်) CTC (ဂဏန်း၄လုံး) | RVC(35%) +CTSH | RVC(40%) |
| ပေါင်းစပ်ထုတ်လုပ်မှုနည်းလမ်း (Cumulation Approach) | AANZFTAတွင်သတ်မှတ်ထားသည့် အတိုင်း ကုန်ကြမ်းသည် RVC (သို့) CTCနှင့် ကိုက်ညီပါက ပေါင်းစပ်ထုတ်လုပ်မှုကို ခွင့်ပြုသည်။ | ကုန်ကြမ်းသည် RVC (သို့) CTCနှင့်ကိုက်ညီပါက ပေါင်းစပ်ထုတ်လုပ်မှုကိုခွင့်ပြုသည်။ RVC သည် အနည်းဆုံး ၂၀ % ပါဝင်မှုအပေါ်အခြေခံ၍တစ်စိတ်တစ်ပိုင်းပေါင်းစပ်ထုတ်လုပ်မှုကိုခွင့်ပြုသည်။ | အဖွဲ့ဝင်နိုင်ငံများတွင် သတ်မှတ်ထားသည့် အတိုင်း ကုန်ကြမ်းသည် RVC(သို့) CTCနှင့် ကိုက်ညီပါက ပေါင်းစပ်ထုတ်လုပ်မှုကို ခွင့်ပြုသည်။ | အဖွဲ့ဝင်နိုင်ငံများတွင် သတ်မှတ်ထားသည့် အတိုင်းကုန်ကြမ်းသည် RVC(သို့) CTCနှင့် ကိုက်ညီပါက ပေါင်းစပ်ထုတ်လုပ်မှုကိုခွင့်ပြုသည်။ | ဒေသတွင်းနိုင်ငံများတွင်သတ်မှတ်ထားသည့်အတိုင်း ကုန်ကြမ်းသည် RVC (35%)+CTSHနှင့်ကိုက်ညီပါက ပေါင်းစပ်ထုတ်လုပ်မှုကို ခွင့်ပြုသည်။ | ဒေသတွင်းနိုင်ငံများတွင်သတ်မှတ်ထားသည့်အတိုင်း ကုန်ကြမ်းသည် RVC(40%) နှင့် ကိုက်ညီပါက ပေါင်းစပ်ထုတ်လုပ်မှုကို ခွင့်ပြုသည်။ |
| RVC တွက်ချက်ခြင်း (RVC Calculation) | တိုက်ရိုက်တွက်ချက်ခြင်း (build-up method) (သို့)သွယ်ဝိုက်တွက်ချက်ခြင်း(build – down method) | တိုက်ရိုက်တွက်ချက်ခြင်း (build-up method) (သို့)သွယ်ဝိုက် တွက်ချက်ခြင်း(build – down method) | သွယ်ဝိုက်တွက်ချက်ခြင်း (build – down method) တစ်မျိုးတည်းသာ | တိုက်ရိုက်တွက်ချက်ခြင်း (build-up metho d) (သို့)သွယ်ဝိုက်တွက်ချက်ခြင်း(build-down method) | တိုက်ရိုက်တွက်ချက်ခြင်း(build-up meth od)(သို့)ပင်ရင်းမဟုတ်သောကုန်ကြမ်း သည် ၆၅%(သို့)ယင်းထက် နည်းသော ပစ္စည်းများ ဖြင့်ပါဝင်ထုတ်လုပ်ထားကြောင်း တွက်ချက်သည့် သွယ်ဝိုက်တွက်ချက်ခြင်းကိုလည်း ခွင့်ပြုသည်။ | တိုက်ရိုက်တွက်ချက်ခြင်း(သို့) ပင်ရင်းမဟုတ်သော ကုန်ကြမ်းသည် ၆၀%(သို့)ယင်းထက် နည်းသော ပစ္စည်းများ ဖြင့်ပါဝင်ထုတ်လုပ်ထားကြောင်း တွက်ချက်သည့် သွယ်ဝိုက်တွက်ချက်ခြင်း ကိုလည်းခွင့်ပြုသည်။ |
| အနည်းဆုံးပါဝင်မှုသတ်မှတ်ချက် စည်းမျဉ်း (De Minimis Rule) | **စည်းမျဉ်း၂ခု**<br>(၁) HS 50-63 ပါ ချည်ထည်နှင့်အဝတ်အထည်များမှလွဲ၍နောက်ဆုံးတင်ပို့သည့်ကုန်ပစ္စည်း၏ FOBတန်ဖိုး၏၁၀%အထိအကောက်ခွန်လိုင်းမပြောင်းလဲသောကုန်ကြမ်းပစ္စည်းများကိုခွင့်ပြုသည်<br>(၂) H.S. 50-63 ပါ ချည်ထည် နှင့်အဝတ်အထည်များမှလွဲ၍ (က)တန်ဖိုး၏ ၁၀%အထိ(ခ)စုစုပေါင်းအလေးချိန်၏၁၀% အထိ အကောက်ခွန်လိုင်းမပြောင်းလဲသောကုန်ကြမ်းပစ္စည်းများကို ခွင့်ပြုသည်။ | **စည်းမျဉ်း၁ခု**<br>ချည်ထည်နှင့်အဝတ်အထည်များမှလွဲ၍နောက်ဆုံးတင်ပို့သည့်ကုန်ပစ္စည်း၏ FOB တန်ဖိုး၏ ၁၀%အထိ အကောက်ခွန်လိုင်းမပြောင်းလဲသော ကုန်ကြမ်းပစ္စည်းများကို ခွင့်ပြုသည်။ | **စည်းမျဉ်း၃ခု**<br>(၁)H.S. 16,19,20,22, 23,28 မှ 49 အထိနှင့် 64 မှ 97 အထိ ကုန်ပစ္စည်းများအတွက်ချည်ထည်နှင့်အဝတ်အထည်များမှလွဲ၍နောက်ဆုံးတင်ပို့သည့် ကုန်ပစ္စည်း၏FOBတန်ဖိုး၏ ၁၀%အထိအကောက်ခွန်လိုင်းမပြောင်းလဲသော ကုန်ကြမ်းပစ္စည်းများကိုခွင့်ပြုသည်။<br>(၂) HS 18နှင့် 21 ပါ ကုန် ပစ္စည်းများအတွက် FOB တန်ဖိုး၏ ၁၀% (သို့) ၇% ကို နောက်ဆက်တွဲ၂ ပါအတိုင်း ခွင့်ပြုသည်။<br><br>(၃) H.S. 50-63 ပါ ချည်ထည်နှင့်အဝတ်အထည်များမှလွဲ၍ စုစုပေါင်း အလေးချိန်၏ ၁၀%အထိအကောက်ခွန်လိုင်းမပြောင်းလဲသော ကုန်ကြမ်းပစ္စည်းများကို ခွင့်ပြုသည်။ | **စည်းမျဉ်း၂ခု**<br>(၁) HS 50-63 ပါ ချည်ထည်နှင့်အဝတ်အထည်များမှလွဲ၍ တန်ဖိုး၏၁၀%အထိ အကောက်ခွန်လိုင်းမပြောင်းလဲသောကုန်ကြမ်းပစ္စည်းများကို ခွင့်ပြုသည်။<br>(၂) HS 50-63 ပါ ချည်ထည်နှင့်အဝတ်အထည်များမှလွဲ၍ စုစုပေါင်း အလေးချိန်၏ ၁၀% အကောက်ခွန်လိုင်းမပြောင်းလဲသောကုန်ကြမ်းပစ္စည်းများကိုခွင့်ပြုသည်။ | ခွင့်မပြုပါ။ CTC ROO ကိုလည်းခွင့်မပြုပါ။ | ခွင့်မပြုပါ။ |

## ဇယား ၆
## အာဆီယံ ကုန်သွယ်ရေးသဘောတူစာချုပ်အချို့၏ ပင်ရင်းဒေသသက်သေခံလက်မှတ်ထုတ်ပေးရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ နှိုင်းယှဉ်ချက်ဇယား

| သဘောတူစာချုပ် | အာဆီယံ-ဩစတြေးလျ-နယူးဇီလန် (AANZFTA) | အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် | အာဆီယံ-ဂျပန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု | အာဆီယံ-ကိုရီးယား ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် | အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် | အာဆီယံ-တရုတ် ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် |
|---|---|---|---|---|---|---|
| ပို့ကုန်အကြိုစစ် ဆေးခြင်း (Pre-export Exmination) | လိုအပ်ပါသည်။ ကုန်တင်ပို့သူမှပင်ရင်းထောက်ခံချက်အတွက်တောင်းဆိုရမည်။ | လိုအပ်ပါသည်။ ကုန်တင်ပို့သူမှပင်ရင်းထောက်ခံချက်အတွက်တောင်းဆိုရမည်။ | အကောင်အထည်ဖော်ရေးလုပ်ထုံးလုပ်နည်းများအတိုင်းလိုအပ်ပါသည်။ | လိုအပ်ပါသည်။ ကုန်တင်ပို့သူမှပင်ရင်းထောက်ခံချက်အတွက်တောင်းဆိုရမည်။ | လိုအပ်ပါသည်။ ကုန်တင်ပို့သူမှပင်ရင်းထောက်ခံချက်အတွက်တောင်းဆိုရမည်။ | လိုအပ်ပါသည်။ ကုန်တင်ပို့သူမှပင်ရင်းထောက်ခံချက်အတွက်တောင်းဆိုရမည်။ |
| တင်ပို့သူလျှောက်ထားခြင်း (Exporter Application) | မဖြစ်မနေလိုအပ်သည့်အထောက်အထားများနှင့်တကွထုတ်ပေးရေးအာဏာပိုင်ထံစာရေးသားလျှောက် ထားရမည်။ | မဖြစ်မနေလိုအပ်သည့်အထောက်အထားများနှင့်တကွထုတ်ပေးရေးအာဏာပိုင်ထံစာရေးသား လျှောက်ထားရမည်။ | မဖြစ်မနေလိုအပ်သည့်အထောက်အထားများနှင့်ကုန်ပစ္စည်း၏ပင်ရင်းသက်သေများတကွထုတ်ပေးရေးအာဏာပိုင်ထံ စာရေးသားလျှောက် ထားရမည်။ | မဖြစ်မနေလိုအပ်သည့်အထောက်အထားများနှင့်တကွထုတ်ပေးရေးအာဏာပိုင်ထံစာရေးသားလျှောက်ထားရမည်။ | မဖြစ်မနေလိုအပ်သည့်အထောက်အထားများနှင့်တကွထုတ်ပေးရေးအာဏာပိုင်ထံစာရေးသားလျှောက်ထားရမည် ။ | မဖြစ်မနေလိုအပ်သည့်အထောက်အထားများနှင့်တကွထုတ်ပေးရေး အာဏာပိုင်ထံစာရေးသား လျှောက်ထားရမည် ။ |
| ပင်ရင်းဒေသ သက်သေခံလက်မှတ် (Certificate of Origin - CO) | ကုန်တင်ပို့ပြီး (၃) ရက်အတွင်း ထုတ်ပေးထားသော မဖြစ်မနေ ဖော်ပြရမည့်အချက်များပါဝင်သည့် ထုတ်ပေးရေး အာဏာပိုင်၏ရုံးတံဆိပ်နှင့်လက်မှတ်ပါတူညီသောသက်သေခံလက်မှတ်စာအမှတ်တစ်ခုတည်းဖြင့်မူရင်းနှင့်မိတ္တူနှစ်စောင် | ကုန်တင်ပို့ပြီး (၃) ရက်အတွင်းထုတ်ပေးထားသော မဖြစ်မနေ ဖော်ပြရမည့်အချက်များပါဝင်သည့် ထုတ်ပေးရေး အာဏာပိုင်၏ရုံးတံဆိပ်နှင့်လက်မှတ်ပါတူညီသောသက်သေခံ လက်မှတ်စာအမှတ်တစ်ခုတည်းဖြင့်မူရင်းနှင့်မိတ္တူနှစ်စောင် | မဖြစ်မနေ ဖော်ပြရမည့်အချက်များပါဝင်သည့်ထုတ်ပေးရေးအာဏာပိုင်၏ရုံးတံဆိပ် နှင့်လက်မှတ်ပါတူညီသောသက်သေခံလက်မှတ် စာအမှတ်တစ်ခုတည်းဖြင့် မူရင်းနှင့်မိတ္တူနှစ်စောင် | မဖြစ်မနေ ဖော်ပြရမည့်အချက်များပါဝင်သည့်ထုတ်ပေးရေး အာဏာပိုင်၏ရုံးတံဆိပ်နှင့်လက်မှတ်ပါတူညီသောသက်သေခံ လက်မှတ်စာအမှတ်တစ်ခုတည်းဖြင့် မူရင်းနှင့် မိတ္တူ နှစ်စောင် | ကုန်တင်ပို့ပြီး (၃)ရက်အတွင်းထုတ်ပေးထားသော မဖြစ်မနေ ဖော်ပြရမည့် အချက်များပါဝင်သည့် ထုတ်ပေးရေးအာဏာပိုင်၏ရုံးတံဆိပ်နှင့်လက်မှတ် ပါတူညီသော သက်သေခံလက်မှတ် စာအမှတ်တစ်ခုတည်းဖြင့် မူရင်းနှင့် မိတ္တူ (၃) စောင် | ကုန်တင်ပို့ပြီး (၃) ရက်အတွင်း ထုတ်ပေးထားသောမဖြစ်မနေ ဖော်ပြရမည့်အချက်များ ပါဝင်သည့် ထုတ်ပေးရေး အာဏာပိုင်၏ရုံးတံဆိပ် နှင့်လက်မှတ် ပါတူညီသောသက်သေခံ လက် မှတ်စာအမှတ်တစ်ခု တည်းဖြင့်မူရင်းနှင့် မိတ္တူ (၃) စောင် |
| သက်သေခံလက်မှတ်သက်တမ်း (Period of Validity) | ၁၂ လ | ၁၂ လ | ၁၂ လ | ၆ လ | ၁၂ လ | သာမာန်အားဖြင့် ၄ လ အဖွဲ့ဝင်မဟုတ်သော နိုင်ငံ တစ်နိုင်ငံကို ဖြတ် သန်းသွားပါက ၆ လ |
| နောက်ကြောင်းပြန်ထုတ်ပေးခြင်း (Retroactive Issuance) | ထုတ်ပေးသည်။<br>၁၂ လအတွင်း | ထုတ်ပေးသည်။<br>၁၂ လအတွင်း | ထုတ်ပေးသည်။<br>၁၂ လအတွင်း | ထုတ်ပေးသည်။<br>၁၂ လအတွင်း | ထုတ်ပေးသည်။<br>၁၂ လအတွင်း | ထုတ်ပေးသည်။<br>၁၂ လအတွင်း |
| တင်သွင်းသူမှ ဆောင်ရွက်ခြင်း (Action by Importer) | သွင်းကုန်အကောက်ခွန်ကြေငြာချိန်တွင်သက်သေခံလက်မှတ်မူရင်းမိတ္တူကိုတင်ပြရမည် ။ | သွင်းကုန်အကောက်ခွန်ကြေငြာချိန်တွင်သက်သေခံလက်မှတ်မူရင်းမိတ္တူကိုတင်ပြရမည် ။ | သွင်းကုန်အကောက်ခွန်ကြေငြာချိန်တွင်သက်သေခံလက်မှတ်မူရင်းမိတ္တူကိုတင်ပြရမည် ။ | သွင်းကုန်အကောက်ခွန်ကြေငြာချိန်တွင်သက်သေခံလက်မှတ်မူရင်းမိတ္တူကိုတင်ပြရမည် ။ | သွင်းကုန်အကောက်ခွန်ကြေငြာချိန်တွင် သက်သေခံလက်မှတ် မူရင်းမိတ္တူနှင့် တတိယမိတ္တူကိုတင်ပြရမည်။ တတိယမိတ္တူကို ကုန်တင်ပို့သည့်နိုင်၏ ထုတ်ပေးရေးအာဏာပိုင် ထံပြန်ပို့ရမည်။ | သွင်းကုန်အကောက်ခွန်ကြေငြာချိန်တွင်သက်သေခံ လက်မှတ်မူရင်း မိတ္တူနှင့် တတိယမိတ္တူကိုတင်ပြရမည်။ တတိယမိတ္တူကို ကုန်တင်ပို့သည့်နိုင်ငံ၏ ထုတ်ပေးရေးအာဏာပိုင်ထံ ပြန်ပို့ ရမည်။ |
| သက်သေခံလက်မှတ် မလိုအပ်မှု (No Certificate Required) | FOB တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၀ ထက်မကျော်သော ကုန်ပစ္စည်းများအတွက်ပင်ရင်းဒေသသက်သေခံလက်မှတ်မလိုအပ်ပါ ။ | FOB တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၀ ထက်မကျော်သော ကုန်ပစ္စည်းများအတွက်ပင်ရင်းဒေသသက်သေခံလက်မှတ်မလိုအပ်ပါ ။ | FOB တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၀ ထက်မကျော်သောကုန် ပစ္စည်းများအတွက် ပင်ရင်းဒေသသက်သေခံလက်မှတ်မလိုအပ်ပါ ။ | FOBတန်ဖိုးအမေရိကန်ဒေါ်လာ ၂၀၀ ထက်မကျော်သော ကုန်ပစ္စည်းများအတွက်ပင်ရင်းဒေသ သက်သေခံလက်မှတ် မလိုအပ်ပါ ။ | AIFTA အတွက် OCP တွင်းခြင်းချက်သတ်မှတ်ထား ခြင်းမရှိပါ။ | FOB တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၀ ထက်မကျော်သောကုန်ပစ္စည်း များအတွက်ပင်ရင်း ဒေသသက်သေခံလက်မှတ်မလိုအပ်ပါ ။ |
| ကျောကပ်ပင်ရင်းဒေသထောက်ခံချက် (Back to Back Certificate) | သင်္ဘောပြောင်း၍ သယ်ဆောင်သည့်ကိစ္စရပ်များတွင်လိုအပ်ပါသည် ။ | သင်္ဘောပြောင်း၍ သယ်ဆောင်သည့်ကိစ္စရပ်များတွင်လိုအပ် ပါသည် ။ | သင်္ဘောပြောင်း၍သယ်ဆောင်သည့်ကိစ္စရပ်များတွင်လိုအပ်ပါသည် ။ | သင်္ဘောပြောင်း၍သယ်ဆောင်သည့်ကိစ္စရပ်များတွင်လိုအပ်ပါသည် ။ | သင်္ဘောပြောင်း၍သယ်ဆောင်သည့်ကိစ္စရပ်များတွင်လိုအပ်ပါသည်။ | သတ်မှတ်ထားခြင်းမရှိ ပါ ။ |
| စစ်ဆေးရေးလုပ်ထုံးလုပ်နည်းများ (Verification Procedure) | လိုအပ်သည်ဟုယူဆသည့်အခါ စစ်ဆေးရန်လိုအပ်သည် ။ | လိုအပ်သည်ဟုယူဆသည့်အခါ စစ်ဆေးရန်လိုအပ်သည် ။ | လိုအပ်သည်ဟုယူဆသည့်အခါ စစ်ဆေးရန် လိုအပ်သည် ။ | လိုအပ်သည်ဟုယူဆသည့်အခါ စစ်ဆေးရန်လိုအပ်သည် ။ | လိုအပ်သည်ဟုယူဆသည့်အခါ စစ်ဆေးရန်လိုအပ်သည် ။ | လိုအပ်သည်ဟုယူဆသည့်အခါ စစ်ဆေးရန် လိုအပ်သည် ။ |
| အထောက်အထားထိန်းသိမ်းခြင်း (Record Keeping) | ထုတ်ပေးရေးအာဏာပိုင်၊ ကုန်တင်ပို့သူနှင့် ကုန်လက်ခံသူတို့သည် သက်ဆိုင်ရာအထောက်အထားများကို ၃ နှစ်အထိထိန်းသိမ်း ရမည် ။ | ထုတ်ပေးရေးအာဏာပိုင်၊ ကုန်တင်ပို့သူနှင့်ကုန်လက်ခံသူတို့သည် သက်ဆိုင်ရာအထောက်အထားများကို ၃ နှစ်အထိထိန်းသိမ်း ရမည် ။ | ထုတ်ပေးရေးအာဏာပိုင်၊ ကုန်တင်ပို့သူနှင့်ကုန်လက်ခံသူတို့သည် သက်ဆိုင်ရာအထောက်အထားများကို ၃ နှစ်အထိထိန်းသိမ်း ရမည် ။ | ထုတ်ပေးရေးအာဏာပိုင်၊ကုန်တင်ပို့သူနှင့်ကုန်လက်ခံသူ တို့သည်သက်ဆိုင်ရာအထောက်အထားများကို ၃ နှစ်အထိ ထိန်းသိမ်းရမည် ။ | ထုတ်ပေးရေးအာဏာ ပိုင်သည်အထောက်အထားများကို ၂ နှစ်အထိ ထိန်းသိမ်းထားရမည်။ ကုန်တင်ပို့သူသည် စတုတ္ထမိတ္တူကို ၁၂ လအထိ ထိန်းသိမ်းထားရမည် ။ | ထုတ်ပေးရေးအာဏာပိုင်သည် အထောက်အထားများကို ၂ နှစ်အထိ ထိန်းသိမ်းထားရမည်။ ကုန်တင်ပို့သူသည် စတုတ္ထမိတ္တူကို ၁၂ လအထိ ထိန်းသိမ်း ထားရမည် ။ |

နောက်ဆက်တွဲ (၄)

## အာဆီယံ - သြစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ၏ ပင်ရင်းဒေသ သက်သေခံ လက်မှတ်စံပြနမူနာ ပုံစံ

ဤနောက်ဆက်တွဲတွင် အောက်ပါတို့ကို ဖော်ပြထားပါသည်-

(က) အာဆီယံ - သြစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ၏ ပင်ရင်းဒေသ သက်သေခံ လက်မှတ်နမူနာ (AANZ FTA ၏ CO Form)

(ခ) AANZFTA ၏ CO Form ပေါ်တွင် ပင်ရင်းဆိုင်ရာအချက်အလက်များ ဖြည့်စွက်နိုင်ရန် အတွက် လမ်းညွှန်ချက်များနှင့်

(ဂ) ကုန်ပစ္စည်း၏ FOB တန်ဖိုးအပေါ် ကုန်တင်ပို့သူ၏ ကြေငြာချက်၊ (ယင်းကို သြစတြေးလျနှင့် နယူးဇီလန်မှ ပို့ကုန်တင်ပို့သူများသည် CO Form ၏ အကွက် (၉) တွင် ကုန်ပစ္စည်း၏ FOB တန်ဖိုးကို ထည့်သွင်း မဖော်ပြသောအခါ အသုံးပြုရန်)

## AANZFTA ၏ ပင်ရင်းဒေသသက်သေခံလက်မှတ် CO Form ပေါ်တွင် ပင်ရင်းဆိုင်ရာအချက်အလက်များ ဖြည့်စွက်ရန်အတွက် လမ်းညွှန်ချက်များ

အောက်ဖော်ပြပါ ဇယားသည် အာဆီယံ - သြစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ (AANZFTA) သဘောတူညီချက်အကောင်အထည်ဖော်ဆောင်ရွက်သူများအတွက် AANZFTA CO Form ၏ အကွက် ၈ တွင် ဖြည့်စွက်ရန်လမ်းညွှန်ချက်ဖြစ်ပါသည်။ ဤအထောက်အထားသည် အကောင်အထည်ဖော်သူ များအတွက် ဆောင်ရွက်ရမည်ကို သိရှိနိုင်ရန်ဖော်ပြသည့် လမ်းညွှန်ချက်သာ ဖြစ်ပြီး AANZFTA CO Form တွင် ပူးတွဲပေးရန် (သို့) ကုန်ပစ္စည်း တင်သွင်းသည့်နိုင်ငံ အာဏာပိုင်ထံသို့တင်ပြရန် မလိုအပ်ပါ။

| **ကုန်ပစ္စည်းထုတ်လုပ်သည့် နိုင်ငံ၏ ကုန်ပစ္စည်း အခြေအနေဖော်ပြမှု** | **အကွက် ၈ တွင်ဖြည့်စွက်ရန်** |
|---|---|
| သဘောတူစာချုပ်၏ စည်းမျဉ်း ၂.၁ (က) နှင့် ကိုက်ညီသော အပြည့်အဝထုတ်လုပ် (သို့) ရရှိသည့် ကုန်ပစ္စည်းများ | **WO**<br>ကုန်ပစ္စည်းသည် အဖွဲ့ဝင်နိုင်ငံအတွင်း အပြည့်အဝ ထုတ်လုပ် (သို့) ရရှိပါက အကွက် ၈ တွင် “WO” ဟူသည့် စာသားကို ထည့်သွင်းရမည်။ |
| သဘောတူစာချုပ်၏ စည်းမျဉ်း ၂.၁ (က) နှင့် ကိုက်ညီသော အပြည့်အဝ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ | **PE**<br>ကုန်ပစ္စည်းသည်တစ်နိုင်ငံ (သို့) တစ်နိုင်ငံထက်ပိုသော အဖွဲ့ဝင်နိုင်ငံများမှ ပင်ရင်းကုန်ကြမ်းများကို အသုံးပြု၍ အဖွဲ့ဝင်နိုင်ငံအတွင်း အပြည့်အဝထုတ်လုပ်ပါက အကွက် ၈ တွင် “PE” ဟူသည့်စာသား ကိုထည့်သွင်းရမည်။ |
| သဘောတူစာချုပ်၏ စည်းမျဉ်း ၄.၁ (က) နှင့် ကိုက်ညီသောအဖွဲ့ဝင်နိုင်ငံအတွင်း အပြည့်အဝ | **RVC**<br>ကုန်ပစ္စည်းသည် FOB တန်ဖိုး၏ ၄၀% ထက်မလျော့သော |

| | |
|---|---|
| ထုတ်လုပ် (သို့) ရရှိခြင်း မရှိသည့် ကုန်ပစ္စည်းများ | ဒေသတွင်းတန်ဖိုးပါဝင်မှုစည်းမျဉ်း ၄.၁ (က) ပါ လိုအပ်ချက်နှင့် ကိုက်ညီပါက အကွက် ၈ တွင် "RVC" ဟူသည့် စာသားကို ထည့်သွင်းရမည်။ |
| သဘောတူစာချုပ်၏ စည်းမျဉ်း ၄.၁ (ခ) နှင့် ကိုက်ညီသော အဖွဲ့ဝင်နိုင်ငံအတွင်း အပြည့်အဝ ထုတ်လုပ် (သို့) ရရှိခြင်း မရှိသည့် ကုန်ပစ္စည်းများ | **CTH**<br>ကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသည့် ပင်ရင်း မဟုတ်သည့် ကုန်ကြမ်းများအားလုံးသည် အဖွဲ့ဝင်နိုင်ငံတွင် HS Code ၏ ဂဏန်း (၄) လုံးအဆင့်၌ အကောက်ခွန် ခေါင်းစဉ်ပြောင်းလဲသွားလျှင် (အကောက်ခွန်ခေါင်းစဉ် ပြောင်းလဲခြင်းကို ဆိုလိုသည်) သတ်မှတ်ထားသည့် စည်းမျဉ်း ၄.၁ (ခ) နှင့်ကိုက်ညီပါက အကွက် ၈ တွင် "CTH" ဟူသည့်စာသား ထည့်သွင်းရမည်။ |
| သဘောတူစာချုပ်၏ စည်းမျဉ်း ၄.၂ နှင့် ကိုက်ညီသော အဖွဲ့ဝင်နိုင်ငံအတွင်း အပြည့်အဝ ထုတ်လုပ် (သို့) ရရှိခြင်းမရှိသည့် ကုန်ပစ္စည်းများ (ဆိုလိုသည်မှာ နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားသော အောက်ဖော်ပြပါ သီးသန့်စည်းမျဉ်းများနှင့်ကိုက်ညီသည့် ကုန်ပစ္စည်းများ) | |
| အကောက်ခွန်လိုင်းပြောင်းလဲခြင်း | **PSR(CTC)**<br>နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားသော ပင်ရင်းကုန်ပစ္စည်း သတ်မှတ်ချက်နှင့် အကျုံးဝင်သည့် အကောက်ခွန် H.S. Code ၏ အခန်း (CC)၊ ခေါင်းစဉ် (CTH) (သို့) ခေါင်းစဉ်ခွဲ (CTSH) တစ်ခုခု၌ အကောက်ခွန်လိုင်း ပြောင်းလဲမှုတစ်ခု ဖြစ်ပါက အကွက် ၈ တွင် "PSR (CTC)" ဟူသည့်စာသားကို ထည့်သွင်းရမည်။ အမှန်တကယ် ပြောင်းလဲသွားသည့် အကောက်ခွန်လိုင်း အမှတ်ကို ထည့်သွင်းဖော်ပြရန် မလိုပါ။ |
| ဒေသတွင်းတန်ဖိုးပါဝင်မှု | **PSR (RVC)**<br>နောက်ဆက်တွဲ၂တွင် ဖော်ပြထားသော ပင်ရင်းကုန်ပစ္စည်းသတ်မှတ်ချက်နှင့် အကျုံးဝင်သည့် RVC တစ်ခု ဖြစ်ပါက အကွက် ၈ တွင်တွင် "PSR (RVC)" ဟူသည့် စာသားကို ထည့်သွင်းရပါမည်။ |

| | |
|---|---|
| အခြားကိစ္စ [သီးသန့်ထုတ်လုပ်မှု (သို့) ထုတ်လုပ်မှု လုပ်ငန်းစဉ် (သို့) RVC အပါအဝင်တို့ကို ပူးပေါင်း၍ ပင်ရင်းဒေသစည်းမျဉ်းအဖြစ် သတ်မှတ်ထားခြင်း ] | **PSR (Other)**<br>နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားသော ပင်ရင်းကုန်ပစ္စည်း သတ်မှတ်ချက်နှင့် အကျုံးဝင်သည့် အခြားသတ်မှတ်ချက်တစ်ခုဖြစ်သော ထုတ်လုပ်မှု (သို့) လုပ်ငန်းစဉ် (သို့မဟုတ်) CTC ဖြင့် ပေါင်းစပ်မှု ပြုလုပ်ပါက အကွက် ၈ တွင် "PSR(Other)" ဟူသည့်စာသား ကို ထည့်သွင်းရမည်။ အောက်ပါတို့မှာ ဥပမာအချို့ဖြစ်ပါသည် -<br>(၁) **RVC 40% + CTSH ဖြစ်သောအခါ**၊<br>(၂) ကုန်ပစ္စည်းသည် အဖွဲ့ဝင်နိုင်ငံများ၏ နယ်မြေအတွင်းတွင်**ချက်ပြုတ်သောအခါ** (အကောက်ခွန်လိုင်းပြောင်းလဲရန်မလိုအပ်ပါ။)<br>(၃) ကုန်ပစ္စည်းသည်ပြန်လည် **သန့်စင်ချက်လုပ်ခြင်းဖြစ်သောအခါ** (အကောက်ခွန်လိုင်းပြောင်းလဲရန်မလိုအပ်ပါ။)<br>(၄) H.S. 2523.29 မှ H.S. 2523.90 သို့ပြောင်းလဲခြင်း မှ အပဖြစ်သောH.S Code ခေါင်းစဉ်ခွဲပြောင်းလဲမှု (CTSH)ဖြစ်သောအခါ၊<br>(၅)ကုန်ပစ္စည်း သည် အဖွဲ့ဝင်နိုင်ငံအတွင်း ထုတ်လုပ် ခြင်း (သို့) စားသုံး ခြင်းမှရရှိပြီး H.S Code ခေါင်းစဉ်ခွဲ တူညီသည့် အခါ၊<br>(၆) ကုန်ပစ္စည်းတစ်ခုသည် ဓါတုဓါတ်ပြုမှုကြောင့်ရရှိသောအခါ၊ |

## ကုန်တင်ပို့သူကြေငြာချက်

## အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ

## ကုန်ပစ္စည်း၏ သင်္ဘောပေါ်ရောက်တန်ဖိုး (FOB Value)

“-----------(ကုန်တင်ပို့သူ၏ ကုမ္ပဏီအမည်) မှ ကျွန်တော်-------- (ကုန်တင်ပို့သူ ကိုယ်စားလှယ်၏အမည်) သည် (ဩစတြေးလျ / နယူးဇီလန်နိုင်ငံ)မှ---------------------(ကုန်တင်သွင်းသည့်နိုင်ငံ)သို့တင်ပို့သည့် ပင်ရင်းဒေသ သက်သေခံလက်မှတ်အမှတ် ------------(ပင်ရင်းဒေသသက်သေခံလက်မှတ်အမှတ်ကိုဖြည့်ရန်) ပါ ကုန်ပစ္စည်း၏ သင်္ဘောပေါ်ရောက်တန်ဖိုးကို အောက်ပါအတိုင်းကြေငြာပါသည်”-

**မှတ်ချက်။** FOB တန်ဖိုးကိုပင်ရင်းဒေသ သက်သေခံလက်မှတ်ပေါ်တွင်ဖော်ပြထားသော ကုန်ပစ္စည်း တစ်လိုင်းစီအတွက် သီးခြားဖော်ပြရမည်။

| သက်သေခံလက်မှတ်၏ ကုန်စည်အမှတ် | FOB တန်ဖိုး | ပင်ရင်းဒေသသက်သေခံလက်မှတ်တွင်ဖော်ပြထားသည့် အတိုင်း ကုန်ပစ္စည်းဖော်ပြချက် |
|---|---|---|
| | | |
| | | |
| | | |
| | | |
| | | |

(လိုအပ်ပါက အကွက်များကိုထပ်ထည့်ပါ)

------------------------------------------

(တင်ပို့သူကိုယ်စားလှယ်၏ လက်မှတ်)

-----------------------------------------

(တင်ပို့သူကိုယ်စားလှယ်၏ အမည်)

------------------------------------------

(တင်ပို့သူ၏အမည်)

------------------------------------------

(ရက်စွဲ)

၆၂

## မူရင်း

| | |
|---|---|
| ၁။ ကုန်ပစ္စည်းတင်ပို့သည့် (ပို့ကုန်လုပ်ငန်းရှင်၏ အမည်၊ လိပ်စာနှင့် နိုင်ငံ)<br><br>၂။ ကုန်ပစ္စည်းလက်ခံမည့် (ပုဂ္ဂိုလ်၏ အမည်၊ လိပ်စာနှင့် နိုင်ငံ) | သက်သေခံလက်မှတ်အမှတ်စဉ်- Form AANZ<br>**အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ရေးသဘောတူညီချက် ပင်ရင်းဒေသသက်သေခံလက်မှတ်**<br>(ပေါင်းစည်းကြေငြာချက်နှင့် သက်သေခံလက်မှတ်)<br><br>ထုတ်ပေးသည့် ................................<br>(နိုင်ငံ)<br><br>(ကျောဘက်တွင် ဖော်ပြထားသည့် မှတ်ချက်ကို ကြည့်ရန်) |
| ၃။ ကုန်ပစ္စည်းတင်ပို့မည့် နည်းလမ်းနှင့်လမ်းကြောင်း (သိရှိသမျှ ဖော်ပြရန်)<br>သင်္ဘောတင်သည့် နေ့ -<br>သင်္ဘောအမည် / လေယာဉ်ခရီးစဉ် စသည်ဖြင့် -<br>ကုန်ချဆိပ်ကမ်း - | ၄။ အစိုးရဌာနမှ ဖြည့်စွက်ရန်<br>☐ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်လွတ်လပ်သောကုန်သွယ်မှုဒေသ အရအကောက်ခွန်သက်သာခွင့်ပြုခြင်း<br>☐ အကောက်ခွန် သက်သာခွင့် မပေးခြင်း (မပေးရသည့်အကြောင်းကို ဖော်ပြရန်)<br><br>..........................................................................<br>ကုန်ပစ္စည်းတင်သွင်းသည့်နိုင်ငံမှ တာဝန်ရှိသူ၏ လက်မှတ် |

| ၅။ ပစ္စည်း အမှတ်စဉ် | ၆။ ထုပ်ပိုးပစ္စည်းပေါ် တွင်ဖော်ပြသည့် အမှတ်အသား နှင့် အမှတ်စဉ် | ၇။ အထုပ်အပိုး၊ အရေအတွက်နှင့် ပုံစံ ၊ HS Code (ဂဏန်း ၆ လုံး) အပါအဝင်နှင့် ကုန်အမှတ်တံဆိပ်အမည် (ဖြစ်နိုင်ပါက) | ၈။ ပင်ရင်းဒေသ မှတ်ကျောက်သတ်မှတ်ချက် (ကျောကပ်မှတ်စုများကို ကြည့်ရန်) | ၉။အရေအတွက်(စုစုပေါင်း အလေးချိန် သို့မဟုတ် အခြားအတိုင်းအတာ) နှင့်တန်ဖိုး(FOB) (ကျောကပ်မှတ်စုများကိုကြည့်ရန်) | ၁၀။ကုန်ပစ္စည်းတန်ဖိုး ငွေတောင်းခံလွှာများ နှင့် ရက်စွဲ |
|---|---|---|---|---|---|
| | | | | | |

| | |
|---|---|
| ၁၁။ ပို့ကုန်လုပ်ငန်းရှင်၏ ကြေငြာချက်<br>အထက်တွင် ဖော်ပြထားသည့် ဖော်ပြချက်များနှင့် အသေးစိတ်အချက်အလက်များသည် မှန်ကန်ပါကြောင်း၊ အောက်တွင်လက်မှတ်ရေးထိုးသူက ကြေငြာပါသည်။ ထိုပစ္စည်းများအားလုံးကို<br><br>..........................................................................<br>(နိုင်ငံ)<br><br>တွင်ထုတ်လုပ်ပြီး ၎င်းတို့သည် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်ရေးသဘောတူညီချက်၏အခန်း ၃ တွင် ဖော်ပြထားသည့် ပင်ရင်းဒေသ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး<br><br>..........................................................................<br>(ကုန်ပစ္စည်း တင်သွင်းသည့် နိုင်ငံ)<br><br>နိုင်ငံသို့ တင်ပို့ခြင်း ဖြစ်ပါသည်။<br><br>..........................................................................<br>နေရာနှင့်နေ့စွဲ၊ လက်မှတ်ရေးထိုးခွင့်ရှိသူ၏အမည်၊လက်မှတ်နှင့် ကုမ္ပဏီ | ၁၂။ ထောက်ခံချက်ပေးခြင်း<br>AANZ FTA သဘောတူညီချက်တွင် ဖော်ပြထားသည့် လိုအပ်ချက်များနှင့် ကိုက်ညီသော ကုန်ပစ္စည်းဖြစ်ကြောင်းဖော်ပြချက် သည် မှန်ကန်ပါကြောင်းထောက်ခံပါသည်။<br><br>..........................................................................<br>နေရာနှင့် နေ့စွဲ၊ ထုတ်ပေးရေးအာဏာပိုင်/အဖွဲ့အစည်း၏ လက်မှတ်နှင့် တံဆိပ်တုံး |
| ၁၃။ ☐ ကျောကပ်ပင်ရင်းဒေသ သက်သေခံလက်မှတ်<br>☐ တတိယနိုင်ငံမှထုတ်ပေးသည့် ကုန်ပစ္စည်းတန်ဖိုးငွေတောင်းခံလွှာ ထုတ်ပေးမှု<br>☐ နောက်ကြောင်းပြန်ထုတ်ပေးမှု<br>☐ အခြားသွင်းကုန်ပစ္စည်းပါဝင်ထုတ်လုပ်ထားပြီး H.S Code ပြောင်းလဲရန်မလိုအပ်သည့်အနည်းဆုံးပါဝင်မှုသတ်မှတ်ချက်<br>☐ အခြားသွင်းကုန်ပစ္စည်းများ ပေါင်းစပ်ပါဝင်ထုတ်လုပ်မှု | |

**ပင်ရင်းဒေသသက်သေခံလက်မှတ်၏ ကျောကပ်မှတ်စု**

၁။ ။အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်လွတ်လပ်သောကုန်သွယ်မှုဒေသ(သဘောတူညီချက်အရ) အကောက်ခွန်သက်သာခွင့် ခံစားနိုင်သည့် ဤပုံစံကိုလက်ခံသည့် အဖွဲ့ဝင် နိုင်ငံများမှာ -

| | | | | | |
|---|---|---|---|---|---|
| ဩစတြေးလျ | ဘရူနိုင်း | ကမ္ဘောဒီးယား | အင်ဒိုနီးရှား | လာအို | မလေးရှား |
| မြန်မာ | နယူးဇီလန် | ဖိလစ်ပိုင် | စင်္ကာပူ | ထိုင်း | ဗီယက်နမ် |

(နောင်တွင် အဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် တစ်နိုင်ငံချင်းဖော်ပြသွားမည်)

၂။ **အခြေအနေသတ်မှတ်ချက်** ။အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်လွတ်လပ်သောကုန်သွယ်မှုဒေသအရ အကောက်ခွန်အထူးအခွင့်အရေးကိုရရှိ ခံစားနိုင်စေရန်ကုန်ပစ္စည်းများသည် အောက်ပါအတိုင်းဖြစ်ရမည်-

(က) ကုန်ပစ္စည်း ဝယ်ယူတင်သွင်းသည့် နိုင်ငံ၏ အကောက်ခွန်သက်သာခွင့်ပေးမည့် စာရင်းတွင် အကျုံးဝင်သည့် ကုန်ပစ္စည်းများ၊

( ခ ) သဘောတူစာချုပ်၏ အခန်း (၃)တွင် ဖော်ပြထားသည့် ပင်ရင်းဒေသမှတ်ကျောက်သတ်မှတ်ချက်နှင့် ကိုက်ညီစေရမည်

၃။ **ပို့ကုန်တင်ပို့သူနှင့် ကုန်လက်ခံသူ။** ကုန်ပစ္စည်းတင်ပို့သူ၏ အသေးစိတ်အချက်အလက်များ( အမည်၊ နေရပ်လိပ်စာ နှင့် နိုင်ငံ) နှင့် ကုန်လက်ခံသူ(အမည်၊ နေရပ်လိပ်စာ)တို့အား သက်ဆိုင်ရာ အကွက် ၁ နှင့် ၂ တွင် ဖော်ပြရမည်။

၄။ **ကုန်ပစ္စည်းများ ဖော်ပြချက်။** အကွက် ၇ တွင် ကုန်ပစ္စည်းတစ်ခုစီ၏ ဖော်ပြချက်၌ တင်ပို့သည့် ကုန်ပစ္စည်း၏ အကောက်ခွန်စည်းဝါးညီစနစ် (H.S.) ခေါင်းစဉ်ခွဲဖြစ်သော ဂဏန်း ၆ လုံး အဆင့် ဖော်ပြချက်နှင့် အကယ်၍ ဖြစ်နိုင်ပါက ကုန်ပစ္စည်းအမည်နှင့် ကုန်အမှတ်တံဆိပ်အမည်တို့ကို ထည့်သွင်းဖော်ပြရမည်။ အကောက်ခွန်အရာရှိများက ကုန်ပစ္စည်းများ စစ်ဆေးရာတွင် ၎င်းတို့အား အမျိုးအစား ခွဲခြား သတ်မှတ်နိုင်ရန် အတွက် ကုန်ပစ္စည်းဖော်ပြချက်သည် ပြည့်စုံစွာ ဖော်ပြရမည်။

၅။ **ပင်ရင်းဒေသမှတ်ကျောက်သတ်မှတ်ချက်။** ပင်ရင်းဒေသမှတ်ကျောက်သတ်မှတ်ချက်နှင့်ကိုက်ညီသည့်ကုန်ပစ္စည်းများအတွက် အောက်ဖော်ပြပါ ဇယားတွင် ဖော်ပြထားသည့် ပင်ရင်းဒေသမှတ်ကျောက်သတ်မှတ်ချက်များအနက် ကိုက်ညီသည့် ပင်ရင်းဒေသမှတ်ကျောက်ကို ပို့ကုန် လုပ်ငန်းရှင်က ဤပုံစံ၏ အကွက်အမှတ် (၈)တွင် ဖော်ပြရမည်-

| **နိုင်ငံအတွင်းထုတ်လုပ်မှု (သို့)စက်မှုထုတ်လုပ်မှု အခြေအနေများကို ဤပုံစံ၏ အကွက် အမှတ် (၁၁)တွင် အခြေအနေကို ဖော်ပြရန်** | **အကွက်အမှတ် (၈)တွင် ထည့်သွင်းရန်** |
|---|---|
| သဘောတူညီချက်၏စည်းမျဉ်း ၂.၁.(က) နှင့်ကိုက်ညီသော အပြည့်အဝထုတ်လုပ် (သို့) ရရှိသောကုန်ပစ္စည်းများ | WO |
| သဘောတူညီချက်၏စည်းမျဉ်း ၂.၁.(က) နှင့်ကိုက်ညီသော အပြည့်အဝထုတ်လုပ်သောကုန်ပစ္စည်းများ | PE |
| အဖွဲ့ဝင်နိုင်ငံတစ်ခုအတွင်း အပြည့်အဝ ထုတ်လုပ် (သို့) ရရှိခြင်းမရှိဘဲ သဘောတူညီချက်၏စည်းမျဉ်း ၄.၁.(က) နှင့်ကိုက်ညီသော ကုန်ပစ္စည်းများ | RVC |
| အဖွဲ့ဝင်နိုင်ငံတစ်ခုအတွင်း အပြည့်အဝ ထုတ်လုပ် (သို့) ရရှိခြင်းမရှိဘဲ သဘောတူညီချက်၏စည်းမျဉ်း ၄.၁.(ခ) နှင့်ကိုက်ညီသော ကုန်ပစ္စည်းများ | CTH |
| အဖွဲ့ဝင်နိုင်ငံတစ်ခုအတွင်း အပြည့်အဝ ထုတ်လုပ် (သို့) ရရှိခြင်းမရှိဘဲစည်းမျဉ်း ၄.၂ နှင့်ကိုက်ညီသောကုန်ပစ္စည်းများ၊<br>ဆိုလိုသည်မှာကုန်ပစ္စည်းတစ်ခုကိုနောက်ဆက်တွဲ ၂ တွင်ထည့်သွင်းလိုက်ပါက သတ်မှတ်ထားသော ကုန်စည်သီးသန့် လိုအပ်ချက်များနှင့် ကိုက်ညီသည် | |
| အကောက်ခွန်လိုင်းပြောင်းလဲခြင်း | |
| ဒေသတွင်းတန်ဖိုးပါဝင်မှု | |
| အခြား(သီးသန့်ထုတ်လုပ်မှု(သို့)တပ်ဆင်မှု လုပ်ငန်း စဥ်များ (သို့)CTC (သို့)RVC လိုအပ်ချက်အား နောက်ထပ်လိုအပ်ချက်ထပ်မံ ပေါင်းစပ်ခြင်းတို့ပါ ဝင်သည်) | PSR(CTC)<br>PSR(RVC)<br>PSR(Other) |

၆။ **အကောက်ခွန်သက်သာခွင့်တောင်းခံသောကုန်ပစ္စည်းတိုင်းသည် အရည်အချင်းကိုက်ညီရမည် ။** အရောင်းအဝယ်စာချုပ်ပါ ကုန်ပစ္စည်းအားလုံးသည် ၎င်းတို့၏ သီးခြားသတ်မှတ်ချက်များ နှင့် ကိုက်ညီရမည်ဟု မှတ်သားရမည်။ ကုန်ပစ္စည်း အမျိုးအစား တူညီစေကာမူ မတူညီသော အရွယ်အစား (သို့) အပိုပစ္စည်းများကို တင်ပို့ပါက သီးခြားဆောင်ရွက်ရမည်။

၇။ **FOB တန်ဖိုး**

- အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကုန်တင်ပို့သူသည်အကွက် ၉ တွင် ကုန်ပစ္စည်း၏ FOB တန်ဖိုး ကိုဖော်ပြရမည်။
- ဩစတြေးလျ (သို့) နယူးဇီလန်နိုင်ငံတို့မှ ပို့ကုန်တင်ပို့သူသည် အကွက် ၉ ကိုဖြည့်နိုင်သည် (သို့) ကုန်ပစ္စည်း၏ FOB တန်ဖိုးကိုဖော်ပြသော“ကုန်တင်ပို့သူကြေငြာချက် ” ကိုသီးခြားပူးတွဲ ပေးပို့ရမည်။

၈။ **ကုန်ပစ္စည်းတန်ဖိုးငွေတောင်းခံလွှာ** ။ ကုန်ပစ္စည်းတစ်ခုစီအတွက် ကုန်ပစ္စည်းတန်ဖိုးငွေတောင်းခံလွှာ အမှတ်နှင့် ရက်စွဲကိုဖော်ပြရမည်။ တင်သွင်းသည့်နိုင်ငံအတွင်းသို့ ကုန်ပစ္စည်းတင်သွင်းမှုအတွက် ကုန်ပစ္စည်းတန်ဖိုးငွေတောင်းခံလွှာ တစ်စောင်တည်းဖြစ်ရမည်။

၉။ **တတိယ(ကြားခံ)နိုင်ငံမှ ကုန်ပစ္စည်းတန်ဖိုးငွေတောင်းခံလွှာ ထုတ်ပေးခြင်း။** တတိယနိုင်ငံတစ်ခုမှ ကုန်ပစ္စည်းတန်ဖိုးငွေတောင်းခံလွှာ ထုတ်ပေးသော ကိစ္စရပ်များတွင် ပင်ရင်းဒေသသက်သေခံလက်မှတ်ထုတ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၏ စည်းမျဉ်း ၂၂ နှင့်အညီ အကွက် ၁၃ ၌ “တတိယနိုင်ငံမှ ကုန်ပစ္စည်းတန်ဖိုးငွေတောင်းခံလွှာ ထုတ်ပေးခြင်း” အကွက်တွင် ( √ ) အမှတ်အသားပြုလုပ်ရမည်။ တင်သွင်းသည့်နိုင်ငံအတွင်းသို့ ကုန်ပစ္စည်းတင်သွင်းမှုအတွက် ကုန်ထုတ်လုပ်သူများ(သို့) တင်ပို့သူများက ထုတ်ပေးသော ကုန်ပစ္စည်းတန်ဖိုးငွေတောင်းခံလွှာ အမှတ်နှင့် ကုန်သည်မှ ထုတ်ပေးသော ကုန်ပစ္စည်းတန်ဖိုးငွေတောင်းခံလွှာ အမှတ်(သိပါက)တို့ကို အကွက်အမှတ် ၁၀ တွင်ဖော်ပြရမည်။

၁၀။ **ကျောကပ်ပင်ရင်းဒေသသက်သေခံလက်မှတ်။** ပင်ရင်းဒေသသက်သေခံလက်မှတ်ထုတ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၏ စည်းမျဉ်း ၁၀ ၏ အပိုဒ် ၃ နှင့်အညီ ကျောကပ်ပင်ရင်းဒေသ သက်သေခံလက်မှတ်ထုတ်ပေးသောကိစ္စများတွင် အကွက် ၁၃၌ “ကျောကပ် ပင်ရင်းဒေသသက်သေခံလက်မှတ်” အကွက်ကို ( √ ) အမှတ်အသားပြုလုပ်ရမည်။

၁၁။ **မိတ္တူမှန်ထုတ်ပေးခြင်း။** မိတ္တူမှန်တစ်စောင် ထုတ်ပေးသည့်ကိစ္စရပ်တွင် ပင်ရင်းဒေသသက်သေခံလက်မှတ်ထုတ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၏ စည်းမျဉ်း ၁၁ နှင့်အညီ **“မိတ္တူမှန်ထုတ်ပေးခြင်း”** ဟူသောစကားလုံးကို သက်သေခံလက်မှတ်၏ အကွက်အမှတ် ၁၂ တွင် မိတ္တူထုတ်ပေးသည့်ရက်စွဲနှင့်တကွ ရေးသားဖော်ပြရမည်။သို့မဟုတ် တံဆိပ်ရိုက်ရမည်။

၁၂။ **အစိုးရဌာနမှဖြည့်စွက်ရန်။** ကုန်တင်သွင်းသည့်နိုင်ငံမှ အကောက်ခွန်အာဏာပိုင်သည် အကောက်ခွန်သက်သာခွင့်ပြု/မပြုကို အကွက်အမှတ် ၄ ၏ သက်ဆိုင်ရာ အကွက်တွင် (√ ) အမှတ်အသားပြုလုပ်ရမည်။

၁၃။ **အကွက် ၁၃** ။ အကွက် ၁၃ အတွင်းရှိ အမျိုးအစားများသည် သက်သေခံလက်မှတ်တွင် ဖော်ပြထားသော ကုန်ပစ္စည်းများနှင့် ကိုက်ညီပါကအဆိုပါ အမျိုးအစားများကို သင့်တော်ရာတွင် ( √ ) အမှတ်အသားပြုလုပ်ရမည်။

**Notes on Accompanying CD**

This CD-ROM contains the following:

Part A: Text and schedules of the Agreement Establishing the ASEAN-Australia-New Zealand Free Trade Area (AANZFTA). It also includes the text of the Understanding on Article 1 (Reduction and Elimination of Customs Duties) of Chapter 2 (Trade in Goods Chapter) of the AANZFTA and the Implementing Arrangement for ASEAN-Australia-New Zealand Free Trade Area Economic Co-operation Work Programme Pursuant to Chapter 12 (Economic Cooperation) of the AANZFTA.

Part B: Product Specific Rules (PSR), Certificate of Origin (CO) Form, Exporter's Declaration Form, and Guidelines for Completing the CO Form of the AANZFTA ROO. For tariff reduction schedules for Trade in Goods, please refer to Part A above. Note that tariff reduction schedules as annexed are in HS 2002. Readers/users are advised to refer to the www.asean.org at entry into force of AANZFTA for the HS 2007 version of the tariff reduction schedules.

Utmost care has been done in the preparation/compilation of the files in the CD, should there be any discrepancies, the original legal text, including the schedules of the AANZFTA signed by the Parties shall prevail.



This translation was certified
by Ministry of Commerce of Myanmar